# ဗုဒ္ဓ၏
# ပညတ်တော်သာဝကများ

ဦးဆဝန်းဖေမောင်

(ဆရာပါရဂူ အမှာရေးသည်)



၁၁

၈၆၉၉

ဦးဆန်းမောင်

# ဗုဒ္ဓ၏ပညတ်တော်သာဝကများ

ပထမအကြိမ်ပုံနှိပ်ခြင်း
( ၁၉၇၄ ခု၊ ဇူလိုင်လ )
အုပ်ရေ - ၂၅၀၀

အမှိုး ၃-ကျပ်

ပန်းချီ-စံတိုး

ဘလောက်-သောင်းလှ

[ မျက်နှာဖုံးရိုက်- ဌေး ]

ပုံနှိပ်/ထုတ်ဝေ

ဦးတင့်ဆန်း [ ဝ၉၁၁ မြ ] ငမိုးရိပ်စာပေ (ဆ)ရပ်ကွက် နွယ်နီ ၃-လမ်း
အမှတ် ၄ဂ၃၊ မြောက်ဥက္ကလာပမြို့မှ ထုတ်ဝေ၍၊
ဒေါ်ဒေါင်းရှင် [ ဝ၁၅၅၅ မြ ] ဌေးစာပုံနှိပ်တိုက် ၁၇၂၊ ၃၃ လမ်း၊
ရန်ကုန်မြို့က ရိုက်နှိပ်သည်။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၄၁၃၅)

# မာတိကာ


ဆရာပါရဂူ၏အမှာ .... ဇ

စာရေးသူ၏ အမှာ .... ၁၃

ပါရာဇိကသာစာ ၄-ပါး .... ၁၇

သံဃာဒိသိသ်သာစာ ၁၃-ပါး .... ၂၇

အနိယတသာစာ ၂-ပါး .... ၄၂

နိဿဂ္ဂိယပါစိတ်သာစာ ၃၀-ပါး .... ၄၄

သုဒ္ဓပါစိတ်သာစာ ၈၂-ပါး .... ၇၉

ပါဋိဒေသနီ သာစာ ၄-ပါး .... ၁၂၇

သေခိယသာစာ ၇၅-ပါး .... ၁၃၀

## နှစ်ရာ့နှစ်ဆယ့် ခုနစ်သွယ် (၂၂၇)
## ရဟန်းတော်များ စောင့်ထိန်းရသော သိက္ခာပုဒ်

| | |
|---|---|
| ပါရာဇိက | ၄ |
| သံဃာဒိသ် | ၁၃ |
| အနိယတ | ၂ |
| နိဿဂ္ဂိယပါစိတ် | ၃၀ |
| သုဒ္ဓပါစိတ် | ၉၂ |
| ပါဋိဒေသနီ | ၄ |
| သေခိယ | ၇၅ |

ပေါင်း ၂၂၀ တွင် အဓိကရုဏသမထ ၇-ပါးနှင့်
ပေါင်းသော် ၂၂၇-ပါးဖြစ်ပါသည်။

# ပါရဂူ၏ အမှာ

လွန်ခဲ့သည့် နှစ်ပေါင်း ထောင့်ခြောက်ရာကျော်လောက်က တရုပ်ပြည်မှ ရဟန်းတော်ဖါဟီယန်သည် တောအတန်တန်၊ တောင်အထပ်ထပ်၊ မြစ်အသွယ်သွယ်၊ သဲကန္တာရအမျိုးမျိုးကိုဖြတ်ကျော်ပြီး အိန္ဒိယပြည်သို့သွားရောက်ခဲ့သည်။ ဖါဟီယန်သည် တရုပ်ဗုဒ္ဓဘာသာ ရဟန်းတော်တဦးဖြစ်သည်။ တရုပ်ပြည်၌ ဗုဒ္ဓဘာသာ ပြန့်ပွား ထွန်းကားနေသော်လည်း တရုပ် ဗုဒ္ဓဘာသာ ရဟန်းလောက၌ ရဟန်းသံဃာတို့ ကျင့်သုံးလိုက်နာရသည့် ဝိနည်းဟူ၍ မယ်မယ်ရရ မရှိ

သေးပေ။ အခြားပိဋကတ်ကျမ်းစာများ တရုပ်ဘာသာပြန်ဆိုထားပြီး ဖြစ်သော်လည်း ဝိနည်းပိဋကတ်ကို ဟုတ်တိပတ်တိ ဘာသာမပြန်ဆိုရသေးပေ။ သို့ဖြစ်၍ ဖါဟီယန်သည် ဗုဒ္ဓပွင့်တော်မူရာ ပင်မဒေသဖြစ်သည့် အိန္ဒိယနိုင်ငံသို့သွားပြီး ဝိနည်းပိဋကတ်ကို လေ့လာရှာဖွေခြင်း ဖြစ်လေသည်။ အိန္ဒိယပြည်၌ ဝိနည်းပိဋကတ်ကို သင်ကြားလေ့လာပြီး ဝိနည်း ပိဋကတ်ကျမ်းစာမူကိုယူဆောင်လျက် ဖါဟီယန်တရုပ်ပြည်သို့ ပြန်လာပြီးခါမှ တရုပ်ပြည်၏ သာသနာသည် သန့်စင်သာလေသည်။

ဤတွင် ဝိနည်းအရေးကြီးပုံကို သိရှိနိုင်ပေသည်။ ဖါဟီယန်သည် တရုပ်ပြည် ဗုဒ္ဓဘာသာရဟန်းသံဃာလောကထဲတွင် ဝိနည်းဘည်ရှိစေလိုသည့်အတွက် အသက်ကိုစွန့်ပြီး အိန္ဒိယပြည်သို့ ခရီးထွက်သွားခြင်းဖြစ်ပေသည်။ သူသည်ဝိနည်းသည် သာသနာ၏ အသက်ဖြစ်ကြောင်း သိမြင်သဘောပေါက်သူဖြစ်လေသည်။

အဖွဲ့အစည်းတခုရှိလျှင် ထိုအဖွဲ့အစည်း တည်တန့်ခိုင်မြဲရေးအတွက် အဖွဲ့အစည်း၏ စည်းမျဉ်းဥပဒေရှိသည်။စည်းမျဉ်းဥပဒေမရှိလျှင်သို့မဟုတ် စည်း မျဉ်း ဥ ပ ဒေ ကို မလိုက် နာ လျှင် ထိုအဖွဲ့အစည်း၏ တည်တန့်ခိုင်မြဲရေးမှာ မသေချာ

တော့ပေ။ နိုင်ငံလည်း အဖွဲ့အစည်းတခုပင်ဖြစ်သည်။ နိုင်ငံ၏တည်တန့်ခိုင်မြဲရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရှိရသည်။ နိုင်ငံတိုင်း၌ နိုင်ငံသားတို့လိုက်နာကျင့်သုံးရသည့်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရှိကြသည်ချည်းဖြစ်သည်။ ရဟန်းသံဃာလောကသည်လည်း အဖွဲ့အစည်းကြီးတခုပင်ဖြစ်လေသည်။ ရဟန်းသံဃာလောကတည်းဟူသော သာသနာတော် အရှည်တည်တန့်ရေး အတွက် ရဟန်းသံဃာ အဖွဲ့အစည်းကြီး၏ စည်းမျဉ်းဥပဒေရှိလေသည်။ ထိုစည်းမျဉ်းဥပဒေမှာ ဝိနည်းပင်ဖြစ်လေသည်။ ဝိနည်းမရှိလျှင် ရဟန်းသံဃာအဖွဲ့အစည်းကြီး သက်ဇိုးရှည်မည်မဟုတ်ပေ။

၂၂၇-သွယ်သော သိက္ခာပုဒ်များမှာ ရဟန်းသံဃာအဖွဲ့ဝင် ရဟန်းသံဃာတော်များ လိုက်နာကျင့်သုံးရသည့် စည်းမျဉ်းဥပဒေဖြစ်သည်။ ထိုဥပဒေမရှိလျှင်သော်၎င်း၊ သို့မဟုတ် ထိုဥပဒေကိုမလိုက်နာလျှင်သော်၎င်း၊ ရဟန်းသံဃာ အဖွဲ့အစည်းကြီး တည်တန့်ခိုင်မြဲနေမည် မဟုတ်ပေ။ သို့ဖြစ်၍ "ဝိနည်းသည် သာသနာ၏အသက်။ ဝိနည်းတည်ရှိနေလျှင်သာသနာတည်နေမည်" ဟုပြောဆိုကြခြင်းဖြစ်လေသည်။ ဤစာအုပ်သည် ရဟန်းသံဃာတို့၏ စည်းမျဉ်းဖြစ်သည့် ဝိနည်းသိက္ခာပုဒ်များကို အခြေခံနောက်ကြောင်းနှင့်

တင်ပြထားသော စာအုပ်တအုပ်ဖြစ်၍ ရဟန်းသံဃာတို့၏ စည်းမျဉ်းဥပဒေကို သိရှိနားလည်လိုသူတို့အတွက် အကူအညီအထောက်အပံ့ဖြစ်နိုင်ပေသည်။

ပြါရဂူ
၂၇၊ ၂၊ ၇၄

## စာရေးသူ၏အမှာ

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် သာသနာတော်ကြီး အရှည် တည်တန့်အောင် စောင့်ရှောက် ထိန်းသိမ်း ခဲ့သည်မှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များ ဖြစ်သည်။

ထိုရဟန်းတော်တို့သည် ၂၂၇-သွယ်သော သိက္ခာပုဒ်ကို ထမ်းဆောင်ကြရ၏။ ယင်းသိက္ခာပုဒ်များကို ဗုဒ္ဓဘုရားသခင်သည် မည်သည့်အကြောင်းကြောင့် ပညတ်တော်မူရသည်။ မည်သည့်ရဟန်းကိုအကြောင်းပြု၍ ပညတ်တော်မူသည်ဆိုသော အကြောင်းအရာများသည် အလွန်ပင်စိတ်ဝင်စားဘွယ်ကောင်း၏။

ပြီးတဖန် သာသနာ့ဝန်ထမ်း ရဟန်းတော်များ ထိန်းသိမ်းထားတော်မူရသော သိက္ခာပုဒ်များကို သိရှိရခြင်းဖြင့် ၊ရဟန်းတော်များနှင့် ၎င်းတို့စောင့်ရှောက် ထိန်းသိမ်းထားအပ်သော ဗုဒ္ဓသာသနာ အပေါ်တွင် ယုံကြည် လေးစား သဒ္ဓါပွါးများနိုင်လေသည်။

မည်သည့်အရာ၌ ဖြစ်စေ အရင်းဇာစ်မြစ်ကို သိရှိထားမှသာလျှင် အမှန်ကို ဝေဖန် ပိုင်းခြားနိုင်မည်။ အရင်းဇာစ်မြစ်မသိရှိပဲ ဝေဖန်မှုပြုသော် အမှားမှား အယွင်းယွင်း ဆုံးဖြတ် မိတတ်၏။ သို့ကြောင့် ရဟန်းတော်များအား ကိုးကွယ်ရာ၊ ကြည်ညိုရာတွင် ဗုဒ္ဓဘာသာဝင်များ အနေနှင့် ထိုရဟန်းတော်တို့ ထိန်း သိမ်း စောင့် ရှောက်ရသော သိက္ခာပုဒ်များကို သိထားမှသာလျှင် အမှန်ကို ဝေဖန်ပိုင်းခြား သဒ္ဓါပွားနိုင်ကြမည်။

ထိုသို့မဟုတ်ပဲ မိရိုးဖလာသဘောမျိုး အမှတ်မထင် ကိုးကွယ်ဆည်းကပ်ခြင်းသည် သဒ္ဓါစစ် သဒ္ဓါမှန် မဟုတ်သဖြင့် အခိုက်အခါသင့်စဉ်တွင် ကြည်ညိုလေးစား၍ အခိုက်အခါ မသင့်သော အခါ မုန်းထား ကဲ့ရဲ့တတ်ကြသည်။ လူတို့က ရဟန်းများအပေါ် ကြည်ညိုလေးစားမှု ပျက်ပြား လျော့ပါးလာသည်နှင့်အမျှ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည်လည်း ညှိုးနွမ်း ဆုတ်ယုတ်လေသည်။

ဗုဒ္ဓမြတ်စွာသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့်ပတ်သက်၍ ပါရာဇိက သိက္ခာပုဒ် ၄-ပါး၊ သံဃာဒိသိသ်သိက္ခာပုဒ် ၁၃-ပါး၊ အနိယတသိက္ခာပုဒ် ၂-ပါး၊ နိဿဂ္ဂိယပါစိတ်သိက္ခာပုဒ် ၃၀၊ သုဒ္ဓပါစိတ်သိက္ခာပုဒ် ၉၂-ပါး၊ ပါဋိဒေသနီသိက္ခာပုဒ် ၄-ပါး၊ သေခိယသိက္ခာပုဒ် ၇၅-ပါး စသည်ဖြင့် ၂၂၀-သော သိက္ခာပုဒ်တို့ကို ပညတ်တော်မူရာတွင် လူဝတ်လဲလှယ်လောက်သည်အထိ ကြီးလေးသော ပြစ်ဒဏ်ကို ခံရသောသိက္ခာပုဒ်မှာ 'ပါရာဇိက'သိက္ခာပုဒ် ၄-ပါးဖြစ်၍ သံဃာဒိသိသ်အာပတ်သင့်သော ရဟန်းများမှာ 'ပရိဝါသ်' စောင့်လျှင် အာပတ်ပြေသည်။ ကျန်သိက္ခာပုဒ်များသည် အကျင့်သိက္ခာနှင့် ပြည့်စုံသော ထေရ်ကြီး ဝါကြီး၊ အကြီးအကဲများထံတွင် ဒေသနာကြားပြီးလျှင် ဝန်ခံ၍ နောင်ထိုသို့ မမှားအောင် ဆင်ခြင်က ပြေပျောက်စေသည်၊ ထိုအကြောင်းကိုလည်း လူတို့တတ်သားသိအပ်ပေ၏။

သို့သော် သမန္တပါသာဒိက အဋ္ဌကထာတွင် ဝိနယောနာမ ဗုဒ္ဓသာသနဿအာယုဟု လာသောကြောင့် တပါးသော တရားတည်ရှိသော်ငြားလည်း ဝိနည်းတရား ပျက်ပြားချေက သာသနာတော် ပျက်စီးဆုတ်ယုတ်၍ တပါးသော တရား ပျက်ပြားဆုတ်ယုတ်ငြားလည်း ပဗ္ဗဇ္ဇဥပ

သမ္မဒ ဆိုသော ဝိနည်းတရား ရှိနေလေလျှင် သာသနာတော်သည်တည်တန့်မြဲတည်တန့်သေသည်ဟု ဆို၏။

ယင်းကြောင့် ဝိနယေဒ္ဒိတေဗုဒ္ဓသာသနံ ဌိတံ ဟောတိ ဟူသော သမန္တပါသာဒိကာ အဋ္ဌကထာနှင့်အညီ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ ဖက်ကလည်း ဝိနည်း ကျင့်ဝတ်ကို မချွတ်မယွင်း အောင် ကျင့်ကြံအားထုတ်ကြဖို့လိုအပ်ပါသည်။

သို့မှသာလျှင် လူပုဂ္ဂိုလ်တို့၏ ကြည်ညိုလေးစားမှုကိုခံယူကာ ဗုဒ္ဓသာသနာတော်ကြီးအရှည်တည်တန့်နိုင်မည် ဖြစ်ပေသည်။

ဤစာအုပ်ငယ်သည် သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာ ပညတ်တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်များကို ခက်ခဲနက်နဲသော ပါဠိဘာသာများမှ ဗုဒ္ဓ ဘာသာဝင်ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် ရည်သန်ကာလွယ်ကူသော စကားပြေ အရေးအသားနှင့် စီစဉ်ရေးသားခြင်း ဖြစ်ပါသတည်း။

**ဦးဆန်းမောင်**

## ပါရာဇိကသာမက (၄) ပါး။

## (၁) ပဌမ ပါရာဇိကသိက္ခာပုဒ်။

ဗုဒ္ဓဘုရားသခင်သည် ဝေသာလီပြည်၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ်ဝေသာလီပြည်နှင့် မနီးမဝေး၌ရှိသောကလန္ဒကရွာတွင် ဥစ္စာရတနာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၍ ကုံလုံကြွယ်ဝသော ကလန္ဒကသူဌေး၏သား 'သုဒိန်' အမည်ရှိသောသူသည် ၎င်း၏ ဇနီးကိုစွန့်၍ ဗုဒ္ဓဘုရားထံသွားကာ ရဟန်းပြုလေ၏။

သုဒိန်သည် နှစ်ပေါင်းအတန်ကြာ မိဘရပ်ထံသို့ ပြန်မလာပဲ နေရာမှ တနေ့သော် မမြော်လင့်ပဲ မိဘတို့နေအိမ်သို့ ပြန်ရောက်လာလေသည်။ သုဒိန်ပြန်ရောက်လာသဖြင့် မိဘနှစ်ပါးရော သူ့ဇနီးပါ ဝမ်းသာမဆုံးရှိကြသည်။

ကလန္ဒက သူဌေးဇနီးမောင်နှံသည် သားသုဒိန်အား လူဝတ်လဲလှယ်ရန် အကြိမ်ကြိမ်တောင်းပန်ကြ၏။ ဇနီးဖြစ်သူကလည်း ညှိုးနွမ်းသောမျက်နှာဖြင့် ငိုယိုကာ လူဝတ်လဲလှယ်ရန် တောင်း

ပန်၏။ သို့သော် ဗုဒ္ဓ၏အဆုံးအမတွင် မွေ့လျော်နေပြီဖြစ်သော သုဒိန်သည် မိဘတို့ တောင်းပန်ခြင်းကိုရင်း၊ ဇနီး၏ တောင်းပန်ခြင်းကိုရင်း ငြင်းပယ်၏။ မိဘများသည် သားဖြစ်သူအား လူဝတ်လဲလှယ်ရန်တောင်းပန်၍ မရတော့သည့်အဆုံး၌ ဤသို့ဆိုလျှင် 'ငါတို့အား မြေးတည်းဟူသော မျိုးစေ့ကို ပေးထားခဲ့ပါ၊ သားမရှိသော်လည်း မြေးကိုတွေ့မြင်နေရလျှင် ငါတို့ အလွမ်းပြေ စိတ်ချမ်းသာနိုင်ပါမည်။ မြေးအမွေကို ပေးပြီးမှသာ ငါ့သား အလိုရှိသော ရဟန်းတရားကို ပွားများအားထုတ်ပါ'ဟုတောင်းပန်ကြပြန်လေသည်။

ထိုစကားကိုကြားလျှင် အရှင်သုဒိန်သည် မိဘတို့အပေါ်များစွာကြင်နာသနားသောစိတ် ဖြစ်မိ၏။ ပြီးတပန် ရဟန်းအဝတ်နှင့် မေထုန်သံဝါသအမှုကို ပြုသော်လည်း အပြစ်မရှိဟု ထင်မှတ်သဖြင့် မိဘနှစ်ပါး စိတ်ချမ်းသာမှုရစေခြင်းငှာ ဇနီးဖြစ်သူအား သုံးကြိမ်တိုင်တိုင် မေထုန်အမှုကို ပြုကျင့်လေ၏။ ထိုသို့ဖြင့် သူ့ဇနီးတွင် သားသမီးရနိုင်ရန် ဗီဇမျိုးစေ့ကို ချပေးခဲ့ပြီးလျှင် မိဘတို့အိမ်မှ ရှင်သုဒိန်ခွာခဲ့လေသည်။

ရှင်သုဒိန်သည် နေအိမ်မှထွက်လာပြီး ရဟန်းအပေါင်းအသင်းများနှင့်အတူနေထိုင်၏။ သို့သော် သူသည် ဇနီးအား မေထုန်မှုပြုခဲ့သည်မှအစပြု၍ တနေ့တခြား တနံနက်တနာရီမျှ စိတ်ချမ်းသာသည်မရှိဘဲ စိတ်၌ ဆင်းရဲပင်ပန်းခြင်းကို ခံစားနေရ၏။ ယင်းကဲ့သို့ စိတ်နှလုံး မချမ်းသာသောကြောင့် ကိုယ်အင်္ဂါလည်း တစတစ ညှိုးနွမ်းပိန်ချုန်းကာ အရိုးပေါ်အရေတင်လျက်နဂိုရုပ်ဆင်းအင်္ဂါ ပျက်ယွင်းနေလေတော့သည်။

ရဟန်းအပေါင်းအသင်းများသည် ရှင်သုဒိန်၏ ရုပ်ဆင်းအင်္ဂါ ပျက်ယွင်းလာပုံကို မြင်ရလေသောအခါ မည်သို့ဖြစ်သနည်းဟု ဝိုင်းဝန်းမေးမြန်းကြလေသည်။ ထိုအခါ ရှင်သုဒိန်က မိမိနေအိမ်သို့ပြန်သွားစဉ် မိမိ၏မိဘများ တောင်းပန်မှုကြောင့် သားသမီးမျိုးစေ့ ရစေခြင်းအလို့ငှာ ဇနီးအားမေထုန်မှုကိုပြုခဲ့မိကြောင်း၊ ထိုသို့ပြုပြီးကတည်းက စိတ်တွင် ကြည်လင်ရွှင်လန်းခြင်းမရှိတော့ပဲ ရင်၌ ပြင်းစွာပူလောင်သော ဝေဒနာကို ခံစားနေရကြောင်းဖြင့် မှန်သည့်အတိုင်း ပြန်လည်ပြောပြ၏။ ထိုအခါ ရဟန်းများက ရှင်သုဒိန်အား ဗုဒ္ဓမြတ်စွာထံသို့ ခေါ်ဆောင်ခဲ့ကြကာ ရှင်သုဒိန်၏အဖြစ်အပျက်ကို လျှောက်ထားကြလေသည်။

ထိုအခါ ဗုဒ္ဓက ရဟန်းတို့လျှောက်ထားသည့်အတိုင်း မှန်သလောဟု သုဒိန်အား မေးတော်မူ၏။ ရှင်သုဒိန်က မှန်ကန်ပါကြောင်း ဝန်ခံလျှောက်ထားလေသောအခါ ၎င်းကိုအကြောင်းပြု၍ များစွာသော ကာမဂုဏ်အပြစ်တို့ကိုပြ၍ ရဟန်းအပေါင်းတို့အား ဆုံးမတော်မူကာ ပဌမပါရာဇိကသိက္ခာပုဒ်တော်ကြီးကို ပညတ်လေသည်။

ပဌမပါရာဇိကသိက္ခာပုဒ်ကို ဗုဒ္ဓဘုရားသခင် ပညတ်တော်မူပြီးသောအခါ ဝေသာလီပြည်ရှိ ရဟန်းများအကြားတွင် အယူအဆတရပ်ပေါ်လာပြန်၏။ ယင်းအယူအဆမှာ ငါတို့၏ဆရာသခင်ဗုဒ္ဓရှင်သည် လူမများနှင့် မေထုန်မှုပြုခြင်းကိုသာ တားမြစ်တော်မူ၏။ တိရစ္ဆာန်တို့အား မေထုန်မှုပြုခြင်းကိုကား တားမြစ်ခြင်းမပြု၊ သို့ကြောင့် တိရစ္ဆာန်မများနှင့် မေထုန်မှုပြုသော် အပြစ်မရှိနိုင်ဆိုသော အယူအဆဖြစ်လေသည်။

အချို့သောရဟန်းများသည် ဤအယူအဆကို လက်တွေ့ကျင့်သုံးကာ မျောက်မများအား မေထုန်သံဝါသ ပြုကြလေသည်။ ထိုအကြောင်း ဗုဒ္ဓဘုရား ကြားသိတော်မူသောအခါ ဝေသာလီပြည်ရှိရဟန်းများအားလုံးကိုခေါ်တော်မူ၍ ‘ပါရာဇိကသိက္ခာပုဒ်၌ အင်္ဂါနှစ်ပါးရှိသည်။ ထိုအင်္ဂါနှစ်ပါးမှာ မေထုန်မှီဝဲလိုသော စိတ်ရှိခြင်းသည်တပါး၊ မိမိ၏ပဿာဝမဂ်ဖြင့် အခြားသူ၏ပဿာဝမဂ်ကိုဖြစ်စေ၊ ဝစ္စမဂ်ကိုဖြစ်စေ၊ မုခမဂ်ကိုဖြစ်စေ၊ မဂ်တခုခုသို့ သွတ်သွင်း၍ သာယာမှု ပြုခြင်းသည်လည်းတပါး၊ သို့ကြောင့် လူမကိုသာမဟုတ် မည်သည့်သတ္တဝါ အယိုးအမကိုဖြစ်စေ မေထုန်မှီဝဲလိုသော စိတ်ဆန္ဒဖြင့် ပြုကျင့်သော် ပါရာဇိက အာပတ်သင့်စေ’ဟု အနုပညတ်ဖြင့် ပညတ်တော်မူခဲ့လေသတည်း။

## (၂) ဒုတိယပါရာဇိကသိက္ခာပုဒ်

သဗ္ဗညုဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် အိုးထိန်းသည်၏သား ဓနိယအမည်ရှိသော ရဟန်းသည် ဗိမ္ဗိသာရမင်းကြီးပိုင်ဆိုင်သော သစ်တောသို့သွား၍ သစ်တော၌ အုပ်ချုပ်သူများအား လိမ်လည်လှည့်ပတ်ပြီးလျှင် သစ်များကို ခိုးယူသွား၏။

ထိုစဉ်အခါက ဗုဒ္ဓမြတ်စွာသည် အဒိန္နာဒါန် သိက္ခာပုဒ်ကို ပညတ်ခြင်းမပြုသေးသောကြောင့် ဤနှယ်ခိုးယူခြင်းကို အာပတ်သင့်သည်ဟု ဓနိယအနေနှင့် မသိသေးချေ။ သို့ကြောင့် သူသည် ထိုသို့ခိုးယူခြင်းဖြစ်လေသည်။

ယင်းကဲ့သို့ ဓနိယ သစ်များခိုးယူသည်ကို လူအများ သိရှိကြသောအခါ ဓနိယအား ကဲ့ရဲ့ကြလေသည်။ ထိုသို့ လူအများ

ကဲ့ရဲ့သည့်စကားကို ဗိမ္ဗိသာရမင်းကြီး ကြားလေလျှင် ရှင်ဓနိယရဟန်းအားခေါ်ယူကာ 'အသင်ရဟန်း တပည့်တော်၏သစ်တောမှသစ်များကို ခိုးယူသည်ဆိုခြင်းမှာ မှန်ပါသလော'ဟု မေးမြန်းလေသည်။ ထိုအခါ ရှင်ဓနိယက 'သင်မင်းကြီး ရာဇာဘိသေကဘိသိက်ခံစဉ်အခါကပင် သစ်ထင်းမြက် စသည်တို့ကို စွန့်လှူပြီးဖြစ်သည် မဟုတ်လော၊ သင်စွန့်လှူထားသောကြောင့် ကျွန်ုပ်ယူသည်ဟု' ပြန်ပြောလေ၏။

မင်းကြီးက ရှင်ရဟန်း တပည့်တော်သည် သိမ်းဆည်းထားသော အရာများကိုမလှူပါ၊မသိမ်းဆည်းသောအရာကိုသာ လှူခြင်းဖြစ်သည်။ အကယ်၍သာ အရှင်ရဟန်းသည် သင်္ကန်းတည်းဟူသော ဘုရားအရေတော်ကို ဝတ်ရုံမထားလျှင် တပည့်တော်ခွင့်လွှတ်ခြင်းပြုမည်မဟုတ်ပဲ သတ်ဖြတ်ရမည် ဧကန်ဖြစ်သည်။ ယခုသော် သင်ရဟန်းအား သင်္ကန်းကိုထောက်ထားကာ တပည့်တော်ခွင့်လွှတ်၏။ အသင်ကြွမြန်းလေလော့ဟု မိန့်တော်မူလေသည်။

ထိုသတင်းကို ရဟန်းများ ကြားသိလေသောအခါ ရှင်ဓနိယအား ဗုဒ္ဓမြတ်စွာထံသို့ ခေါ်လာကာ အဖြစ်အပျက်ကို လျှောက်ကြားကြလေသည်။ ထိုအခါ ဗုဒ္ဓက ချစ်သားဓနိယ၊ သင်ခိုးယူသည်ဆိုခြင်းမှာ မှန်သလောဟု မေးမြန်းတော်မူ၏။ ဓနိယရဟန်းက မှန်ကန်ပါကြောင်း ဝန်ခံလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့ကို စုဝေးစေကာ....

'ချစ်သားရဟန်းတို့ အရှင်ရှိသော ဥစ္စာပစ္စည်းတို့ကို—ခိုးမှုလိုသော စိတ်ဆန္ဒဖြင့် မခိုးယူအပ်၊ အကယ်၍ ခိုးယူသည်ရှိသော် ပါရာဇိကာအာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

ထိုသို့အဒိန္နာဒါနပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူသောအခါ ပညတ်ချက်ဥပဒေကို လက်တလုံးခြားပြုလုပ်၍ ကျူးလွန်ရန်အကြံရှိသော ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဗုဒ္ဓဘုရားရှင်သည် မြို့ရွာတို့၌ ခိုးယူခြင်းကိုသာ ပညတ်တော်မူခြင်းဖြစ်၏။ တော၌ ခိုးယူခြင်းကို ပညတ်တော်မူခြင်း မဟုတ်ဟုဆိုကာ တောသို့သွား၍ ဆတ္တာသည်တို့၏ အဝတ်အထည် ခဝါထုပ်များကို ခိုးယူကြလေ၏။ ထိုသတင်းကို ဗုဒ္ဓဘုရားရှင် ကြားသိတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းများကို ခေါ်ယူ၍....

'သင်ရဟန်းတို့ မြို့ရွာတွင်ဖြစ်စေ တောတွင်ဖြစ်စေ ပိုင်ရှင်ရှိသောပစ္စည်းကို ပိုင်ရှင်မသိအောင် ခိုးယူခြင်းသည် ပါရာဇိကအာပတ်သင့်၏။ ထိုသိက္ခာပုဒ်နှင့် စပ်လျဉ်း၍ အင်္ဂါငါးပါးရှိသည်။ ထိုအင်္ဂါငါးပါးမှာ (၁) လူတို့ပိုင်ဆိုင်ထားသောဥစ္စာပစ္စည်းလည်းဖြစ်စေ။ (၂) လူများသိမ်းဆည်းထားသောဥစ္စာပစ္စည်းလည်း မှန်သည်ဖြစ်စေ။ (၃) တမတ်ထိုက်တန်သောပစ္စည်းလည်းဖြစ်စေ။ တမတ်ထက် ပိုလွန်၍ ထိုက်တန်သောပစ္စည်းလည်းဖြစ်စေ။ (၄) ခိုးယူလိုသော စိတ်ဆန္ဒလည်းရှိစေ။ (၅) ခိုးယူခြင်းလည်းပြုစေ။ ဤအင်္ဂါငါးပါးနှင့်အညီ ပြုမူလျှင် ပါရာဇိကအာပတ်သင့်စေဟု မိန့်ကြားကာ ဒုတိယပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူလေသတည်း။

## (၃) တတိယပါရာဇိကသိက္ခာပုဒ်

ဗုဒ္ဓဘုရားရှင်သည် ဝေသာလီပြည်၌ သီတင်းသုံးမွေ့လျော်နေတော်မူစဉ် တပည့်ရဟန်းတို့အား အသုဘကမ္မဋ္ဌာန်းကိုပေး၍ 'ချစ်သားတို့ ငါသည် လခွဲကြာမျှ တပါးတည်းနေလိုသည်။ ငါ

ဘုရားထံသို့ တစုံတယောက်သောသူမျှ လာရောက်တွေ့ဆုံခြင်းမပြု ကြနှင့်'ဟု မိန့်ကြားတော်မူကာ ဗုဒ္ဓဘုရားတပါးတည်းစံနေလေသည်။

ထိုအခါ ရဟန်းတို့သည် ဗုဒ္ဓဘုရားနှင့်ဝေးရာသို့သွားပြီး အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းနေကြလေ၏။

ရဟန်းများသည် အသုဘကမ္မဋ္ဌာန်းစီးဖြန်းကြရင်းနှင့် မိမိတို့ ကိုယ်ကို အလွန်တရာ စက်ဆုပ်ရွံရှာလာကြသည်။ ဤခန္ဓာကိုယ် ရုပ်အကောင်ပုပ်ကြီး တည်ရှိနေခြင်းသည် ခွေးသေကောင်ပုပ် ကို လည်တွင်ဆွဲထားရသည်သို့ စိတ်နှလုံး၌ မသက်မသာခံစား နေကြရလေသည်။ ထိုသို့ခံစားရသည်ကို မခံမရပ်နိုင် ဖြစ်လာ ကြကာ အချို့ရဟန်းများ မိမိကိုယ်ကို မိမိဘာသာ သတ်ဖြတ် ကြ၏။ အချို့ရဟန်းများက အချင်းချင်း သတ်ဖြတ်ကြ၏။ အချို့သော ရဟန်းတို့သည် မိမိတို့တွင်ရှိသော သင်္ကန်းသပိတ် စသော ပရိက္ခရာတို့ကို ရဟန်းတု ရဟန်းယောင် ဖြစ်သော မိဂလဏ္ဍိကရဟန်းအားပေး၍ မိမိတို့ကိုသတ်ခိုင်းသည်။

မိဂလဏ္ဍိကသည် သင်္ကန်းပရိက္ခရာတို့ကို ရရှိလေသောကြောင့် ဝမ်းမြောက်ဝမ်းသာနှင့် များစွာသော ရဟန်းတို့ကို သတ်ဖြတ် လေသည်။

ထိုအကြောင်းကို ရှင်မဟာအာနန္ဒာသည်ဗုဒ္ဓဘုရားသခင်အား လျှောက်ကြားလေသော် ဗုဒ္ဓမြတ်စွာသည် ရဟန်းများကိုစုဝေး စေကာ... ချစ်သားရဟန်းတို့ မိမိကိုယ်ကို မိမိလည်းမသတ်အပ်၊ သူတပါးကိုလည်း မသတ်စေအပ်၊ မိမိကိုယ်ကို မိမိသတ်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

ယင်းနောက်တဆက်တည်းမှာပင် ဗုဒ္ဓဘုရားရှင်သည် ရဟန်း တို့အား....ချစ်သားရဟန်းတို့ အကြင်ရဟန်းသည် လူတဦးတ

ယောက်ကို သေစေလိုသော စေတနာနှင့် သတ်ဖြတ်ခြင်းမပြုရ၊ လူ၏ပဋိသန္ဓေကိုယ်ဝန်ကို ပျက်စီးစေအောင် ဆေးများနှင့်သော်လည်း မဖျက်ဆီးရ၊ အယုတ်သဖြင့် လူနာ၏အနားတွင်နေ၍ သေစေလိုသောစေတနာဖြင့်....

'ဒါယကာ အဘယ်ကြောင့်သေရမှာကို ကြောက်ရသနည်း၊ သင်သေလျှင် နတ်ပြည်သို့ရောက်ရာရောက်ကြောင်း ကောင်းမှုကုသိုလ်များပြုပြီး ရှိထားသည်မဟုတ်လောဟုသေခြင်း၏ အကျိုးကျေးဇူးများကို ပြောကြားသဲ ချီးမွမ်းဆဲတွင် လူနာသေဆုံးသွားခဲ့သော် ပါရာဇိကာ အာပတ်သင့်စေဟု မိန့်တော်မူ၏။

ယင်း တတိယပါရာဇိကာ၌ (၁) လူဖြစ်သော သတ္တဝါလည်း တပါး၊ (၂) အသက်ရှိသောလူဟူ၍ သိသည်လည်းတပါး၊ (၃) သေစေလိုသော စိတ်ဆန္ဒရှိသည်လည်းတပါး၊ (၄) သေစေအောင် မိမိကလုံ့လပြုသည်လည်းတပါး၊ (၅) ထိုလုံ့လပယောဂကြောင့် သေသည်လည်းတပါး ဤသို့အားဖြင့် အင်္ဂါငါးပါးကို ပြဆိုနိုက၊ ဗုဒ္ဓဘုရားရှင်သည် ပညတ်တော်မူခဲ့လေသတည်း။

## (၄) စတုတ္ထ ပါရာဇိကသိက္ခာပုဒ်

ဗုဒ္ဓဘုရားရှင် ဝေသာလီပြည်၌ သီတင်းသုံးနေ့လျှော် စံနေတော်မူစဉ် ရဟန်းတို့သည် ဝဂ္ဂုမုဒါမြစ်အနီး၌ ဝါဆိုကြကုန်၏။

ထိုအခါ ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်လာကြလေသည်။ ၎င်းရဟန်းများအနေဖြင့် ဆွမ်းခံတတ်ပြုသော်လည်း ဆွမ်းမရ၊ ထိုသို့ငတ်မွတ်ခြင်းဒုက္ခကို မခံနိုင်သောကြောင့် ရဟန်းတို့သည် ဥတ္တရိမနုဿဓမ္မဖြစ်သော ဈာန်မဂ်ဖိုလ်တရားကို ရရှိကြ

သူများဖြစ်သည်ဟု ကြွားဝါပြောကြားကြလေ၏။ အချင်းချင်းလည်း စျာန်ရသည်၊ မဂ်ရသည်၊ ဖိုလ်ရသည်စသည်ဖြင့် ပြောဆိုကာ ဝါဒဖြန့်သည်ကို ဒကာဒကာမများ ယုံကြည်ကြကာ ထိုဝဂ္ဂုမုဒါမြစ်အနီးရှိ ရဟန်းတို့အား အလှူအလှန် ကြည်ညိုလေးစားသဒ္ဒါပွားလျက် ဆွမ်းအစရှိသော အထူးထူးသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းကြကုန်၏။

ထိုရဟန်းများသည် ဒါယကာတို့၏ ပူဇော်အထူးကိုခံယူကာ ဝါတွင်းသုံးလပတ်လုံး ဝဂ္ဂုမုဒါမြစ်အနီးတွင် နေထိုင်ကြလေသည်။ ဝါကျွတ်ကာလသို့ရောက်လေသော် ဓဝေသာလီရှိ ရဟန်းများ ဗုဒ္ဓဘုရားရှင်ထံ အဖူးမျှော်ဝင်လာကြရာတွင် အချို့သောရဟန်းတို့သည် ညှိုးနွမ်းသောအရောင်ဝါဖြင့်လာကြကုန်၍ ဝဂ္ဂုမုဒါမြစ်အနီးမှရဟန်းများမှကား အတိုင်းထက်အလွန် အဆင်းအဝါတောက်ပစွာနှင့်လာကြကုန်၏။ ထိုအခြင်းအရာကိုမြင်လေသော် ဗုဒ္ဓက အရောင်အဝါ တောက်ပစွာနှင့်ရှိသော ရဟန်းများအား....

ချစ်သားတို့ သင်တို့သည် အဘယ်မည်သော အကြောင်းကြောင့် ထိုသို့ အရောင်အဝါ တောက်ပစွာ ရှိနေကြသနည်းဟု မေးတော်မူ၏။ ထိုအခါ ဝဂ္ဂုမုဒါမြစ်နားတွင် နေထိုင်လာသော ရဟန်းများက ဆွမ်းကွမ်းရိက္ခာအခက်အခဲကြောင့် မိမိတို့သည် စျာန်မဂ်ဖိုလ်ကိုမရပဲလျက် ရ၏ဟုလိမ်လည်ကြွားဝါကာ လှူဒါယကာတို့ ယုံကြည်စေပြီး အလှူခံသဖြင့် လှူဒါယကာများ ယုံကြည်ကာ လှူဒါန်းပူဇော်သောကြောင့်ဤကဲ့သို့သောချမ်းသာစည်းစိမ်ကိုရရှိနေပါသည်ဟု ဟုတ်တိုင်းမှန်ရာကို မချင်းမချန်ပဲ လျှောက်ထားကြလေသည်။ ထိုအခါဘုရားရှင်က....

ချစ်သားတို့သင်တို့သည် တကယ်ကောန်စျာန်မဂ်ဖိုလ်တရားကို ရကြသလော ဟု ထပ်ဆင့်မေးမြန်းတော်မူ၏။ ထိုအခါ ရဟန်းများက တကယ်စျာန်မဂ်ဖိုလ်တရားမရရှိပါကြောင်းတညီတညွတ်တည်း ပြန်လည်လျှောက်ထားကြလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ဝဂ္ဂုမုဒါမြစ်အနီး၌နေသောရဟန်းများအား ကဲ့ရဲ့တော်မူလျက် ဥတ္တရိမနုဿဓမ္မဟုဆိုအပ်သော စျာန်မဂ်ဖိုလ်တရား မိမိ၌မရှိပဲ စျာန်မဂ်ဖိုလ်တို့ရရှိသည်ဟု ပြောသောရဟန်းအား ပါရာဇိကအာပတ်သင့်စေဟု မိန့်တော်မူကာ ဝဂ္ဂုမုဒါမြစ်အနီး၌နေသော ရဟန်းများကို အကြောင်းပြု၍ စတုတ္ထပါရာဇိက သိက္ခာပုဒ်ကိုပညတ်လေသည်။

ယင်းနောက်တွင်စတုတ္ထပါရာဇိကသိက္ခာပုဒ်တွင်ရှိသော အင်္ဂါငါးပါးကို မိန့်ကြားတော်မူ၏။ ထိုအင်္ဂါငါးပါးမှာ (၁) စျာန်မဂ်ဖိုလ်တရားသည် မိမိ၌ ထင် ရှား မ ရှိ သည် လည်း တ ပါး၊ (၂) ဘုန်းဘန်ခိုးကြီးမားအောင် လာဘ် လာ ဘ ရ ရှိ အောင် ကြံ၍ ပြောဆိုခြင်းလည်းတပါး၊ (၃) မိမိ ပြော ကြား သော သူသည် လူဖြစ်ခြင်းတပါး၊ (၄) ထိုပြောကြားသောရဟန်းက အခြားရဟန်းကိုရည်ရွယ်၍ပြောကြားခြင်း၊ ရလိမ့်မည် အထင်နှင့် ပြောကြားခြင်းကိုပယ်၍ မိမိကိုယ်ကိုရည်ရွယ်၍ ပြောကြားခြင်း တပါး၊ (၅) ထိုပြောကြားသောစကား၌ ကြားနာသူက သိသည် လည်းတပါး၊ ဤသို့အားဖြင့် အင်္ဂါငါးပါးကို မိန့်ကြားတော်မူသတည်း။

**ပါရာဇိက သာစကာ (၄) ပါးပြီး၏။**

## သံဃာဒိသိသ် သာဝက ၁၃-ပါး။

(၁) ဗုဒ္ဓဘုရားသခင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ကိန်းအောင်မွေ့လျော်စံနေတော်မူစဉ် ရှင်သေယျသကအမည်ရှိသော ရဟန်းသည် လို့လပယောဂဖြင့် အားထုတ်လျက်ပင်သုက်လွှတ်အောင်ပြုလေ၏။

ထိုအကြောင်းကို သူနှင့်သီဘင်းသုံးဖေါ် သံဃာတော်တို့တွေ့မြင်သိရှိကြသောအခါ ရှင်သေယျသကသည် ဤကဲ့သို့မဖွယ်မရာအမှုပြုလုပ်ပါသည်ဟု ဗုဒ္ဓဘုရားရှင်အား လျှောက်ထားကြလေသည်။ ထိုအခါ ဗုဒ္ဓက ရှင်သေယျသကကို ခေါ်တော်မူလေပြီးသော်....

ချစ်သား သေယျသက၊ သင်သည် ထိုသို့ပြုလုပ်မိသလောဟုမေးမြန်းသောအခါ သေယျသက ရဟန်းက ပြုလုပ်မိပါသည်ဘုရားဟုဝန်ခံလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်လည်း ဤနှယ်ယုတ်ညံ့သောအမှုကို ပြုလုပ်ခြင်းအတွက် များစွာရှုတ်ချကဲ့ရဲ့တော်မူလျက် ပဋ္ဌမသံဃာဒိသိသ်အာပတ်ကို ပညတ်တော်မူသတည်း။

(၂) ဥဒါယီအမည်ရှိသောရဟန်းသည် ကျောင်းဆောက်ပြီးသော် ထိုကျောင်း၌ အထူးထူးအပြားပြား လှပဆန်းကြယ်သော ခြုံးပန်းခြုံနွယ် အသွယ်သွယ်တို့ကို ရှုကြည့်စဖွယ်ဖြစ်အောင် ဆင်ယင်ခြင်း၊ အခန်းကြီး အခန်းငယ်များဖွဲ့၍ ထူးခြားဆန်းကြယ်သော ဟံခါးကြီးတံခါးငယ်များကို တပ်၍ ဆင်ထားခြင်းစသည်ဖြင့် လူအများရှုပေးလောက်အောင် စီမံဖန်တီးထားလေသည်။

ထိုအခါ ပုဏ္ဏားတယောက်သည် သူ၏ပုဏ္ဏားမနှင့်အတူ ထူးခြားလှပစွာဆန်းကြယ်နေသော ဥဒါယီ၏ကျောင်းသို့ သွားရောက်ကြည့်ရှုကြလေ၏။

ဥဒါယီသည် သူ၏ကျောင်းခန်းများကို လိုက်လံပြသရင်း ပုဏ္ဏားအား မျက်ခြည်ဖြတ်ထားခဲ့ကာ ပုဏ္ဏားမကို အခန်းတခုထဲသို့ခေါ်ဆောင်ခဲ့ပြီးလျှင် လေသာပြတင်းတံခါးကို ပိတ်လိုက်၏။ ယင်းသို့ပြုပြီးနောက် ပုဏ္ဏားမ၏ ကိုယ်အင်္ဂါကြီးငယ်တို့ကို ကိုင်တွယ်ဆုပ်နယ်ကာ လွှတ်လိုက်လေသတည်း။

ပုဏ္ဏားသင်မယားတို့သည် နေအိမ်သို့ပြန်ခဲ့ကြ၏။ အိမ်သို့ရောက်လေသော် လင်ဖြစ်သူက ဥဒါယီရဟန်း၏ ဉာဏ်စွမ်းထက်မြက်ပုံ သီလသမာဓိရှိပုံတို့ကိုချီးကျူးကာ မြတ်သောရှင်ရဟန်း၏ကျောင်းသို့ ရောက်ခဲ့ရခြင်း၊ မြတ်သောရှင်ရဟန်းအား ဖူးမြော်ရခြင်းကြောင့် မိမိတို့ဇနီးမောင်နှံသည် မြတ်သောဆုကိုရရှိလေပြီဟု ပီတိသောမနဿစကားကိုဆိုလေသည်။

ထိုအခါ ပုဏ္ဏေးမသည် ပုဏ္ဏားအား လှောင်သရော်သော အပြုံးကိုပြလျက်....

အို-အရှင်ပုဏ္ဏား၊ ဥဒါယီရဟန်းကား အဘယ်မှာလျှင် သီလ သမာဓိရှိအံ့နည်း၊ ဘယ်သို့လျှင်မြတ်အံ့နည်းဟုဆို၏။

ထိုအခါ ပုဏ္ဏားသည် စိုးထိတ်ကြောက်လန့်သော အသွင်ကို ဆောင်ယူလျက်....

သင် ပုဏ္ဏေးမသည် ယုတ်ညံ့လေစွ၊ သူတော်စင်ရဟန်းအား ဤသို့ဆိုခြင်းကြောင့် သင်ပုဏ္ဏေးမတွင် ဘေးဥပဒ် တစုံတရာ ရောက်မည်ကို မစိုးရိမ်သလောဟုမေးသေလျှင် ပုဏ္ဏေးမသည် လှောင်သရော်သောအပြုံးကို ထပ်မံပြုံးပြန်တာ....

အို-အရှင်ပုဏ္ဏား၊ သင်သည် ငါ၏အင်္ဂါကြီးငယ်တို့ကို သုံးသပ်သကဲ့သို့ ဥဒါယီရဟန်းသည်လည်း ငါ့အား အခန်းတခုသို့ ခေါ်ဆောင်ကာ အင်္ဂါကြီးငယ်အသွယ်သွယ်ကို ကိုင်တွယ်သုံးသပ်ခြင်း ပြု၏။ ထိုသို့ပြုသောရဟန်းအား သင်မြတ်သည်ဟုဆိုမည်လောဟု မေးမြန်းလေသည်။

ထိုအခါပုဏ္ဏားသည် ဥဒါယီရဟန်း၏အပြုအမူများကို မှတ်ချက်ကဲ့ရဲ့သောစကားများ အရပ်တွင်လည်၍ ပြော၏။ ပုဏ္ဏားပြောသောစကားကို ရဟန်းတို့ကြားလေလျှင် ဥဒါယီ၏အကြောင်း ဗုဒ္ဓရှင်တော်အား လျှောက်ထားကြလေ၏။ ဗုဒ္ဓဘုရားသခင်သည် ဥဒါယီရဟန်းအား ခေါ်တော်မူပြီးလျှင် ပြစ်တင်ရှုတ်ချ၍ မာတုဂါမ၏ ကိုယ်အင်္ဂါကြီးငယ်တို့ကို ကိုင်တွယ်သုံးသပ်ခြင်းပြုသော ရဟန်းအား သံဃာဒိသိသ် အာပတ်သင့်စေဟု ပညတ်တော်မူသတည်း။

(၃) ဥဒါယီရဟန်းသည် မာတုဂါမအား ကိုယ်ထိ လက်ရောက် ကိုင်တွယ်သုံးသပ်ခြင်းမပြုရန် ဗုဒ္ဓကပညတ်လိုက်လေသော် သူ၏လုပ်ဆန်းကြယ်စွာ စီမံထားသောကျောင်းသို့ မာတုဂါမအများ လာရောက်ကြည့်ရှုကြလေသောအခါ ဝစ္စမဂ်၊ ပဿာဝမဂ်နှင့်စပ်၍ ရာဂနှင့်ယှဉ်သောစကားများကို မေးမြန်းပြောဆိုခြင်းပြုပြန်လေ၏။

ထိုအခါ မာတုဂါမတို့သည် ဥဒါယီရဟန်းအား ယုတ်မာညစ်ညမ်းသောရဟန်းဟု စွပ်စွဲပြောဆိုကဲ့ရဲ့ကြလေ၏။ ယင်းစွပ်စွဲပြောဆိုသောစကားများကို သံဃာတော်တို့ကြားပြန်သော် ဗုဒ္ဓဘုရားအား ကြားသည့်အတိုင်း လျှောက်ထားကြပြန်၏။

ဗုဒ္ဓသည် ဥဒါယီရဟန်းအားခေါ်၍ မေးမြန်းသည်တွင် ဥဒါယီကဟုတ်မှန်ကြောင်း ဝန်ခံလေသည်။ ထိုအခါ ဗုဒ္ဓသည် များစွာသော အပြစ်တင်စကားများကို မြွက်ကြားတော်မူပြီးနောက် ရုန့်ရင်းကြမ်းတမ်းသော ဒုဋ္ဌုလ္လဝါစာစကားတို့ကို မာတုဂါမများနှင့် ပြောကြားသောရဟန်းအား သံဃာဒိသိသ်အာပတ်သင့်စေဟု ပညတ်တော်မူရပြန်သတည်း။

(၄) ဗာရာဏသီပြည်တွင် ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်၍ အရွယ်ကောင်းသော မိန်းမတဦးရှိ၏။ ထိုမိန်းမသည် လင်ဖြစ်သူ စာရေးသေဆုံးသွားပြီးနောက် မုတ်ဆိုးမအဖြစ် တကိုယ်တည်းနေထိုင်လေသည်။

ဥဒါယီရဟန်းသည် ထိုမိန်းမအိမ်သို့ မကြာခဏသွားတာ ပဋိသန္ထာရစကားဖြင့် ရင်းနှီးအောင်ပြု၏။ ထိုမိန်းမသည် ဥဒါယီအပေါ် သံယောဇဉ်ငြိတွယ်ကာ သဒ္ဓါစိတ်ပွားများလေသဖြင့်....

အရှင်ရဟန်း ပစ္စည်းလေးပါးအလိုရှိလျှင် အလှူခံပါဟု ဆိုလေ၏။ ထိုအခါ ဥဒါယီ ရဟန်းက....

ဒါယိကာမ ပစ္စည်းလေးပါးသည် မခဲယဉ်းပါ၊ ငါ၌ပြည့်စုံ၏၊ သို့ကြောင့် ရခဲသောအလှူကိုသာ လှူပါဟုဆို၏။

ထိုအခါ ဒါယိကာမက ဘယ်အလှူမျိုး ရခဲပါသနည်းဟု မေးလေသော် ဥဒါယီရဟန်းသည် သင်ဒါယိကာမ မေထုန်ဟူသောအလှူကိုရခဲ၏။ သို့ကြောင့် မေထုန်အလှူကိုသာလှူပါဟု တောင်းဆိုလေသည်။

ဒါယိကာမက အရှင်ရဟန်း၊ မေထုန်မှုကို အလိုရှိသလောဟု မေးမြန်း၏။ ဥဒါယီသည် အလိုရှိကြောင်းပြောလေ၏။ ဒါယိကာမသည် ဥဒါယီအပေါ် ကြည်ညိုသဒ္ဓါပွားများပြီးဖြစ်သဖြင့် သင်ရဟန်းအလိုရှိလျှင် လှူပါမည်ဟုဆိုကာ အိပ်ရာတိုက်ခန်းသို့ ဝင်လေပြီးသော် အိပ်ရာပေါ်၌ အဝတ်မရှိဘဲနေလေ၏။

ဥဒါယီရဟန်းသည် ဒါယိကာမရှိရာ အခန်းသို့သွား၏။အဝတ်မဲ့ဖြစ်နေသော ဒါယိကာမကိုမြင်လေသော် သင်၏ အင်္ဂါဇာတ်ကား မကောင်းသောအနံ့ရှိ၏။ ဘယ်သူ သုံးသပ်လိမ့်မည်နည်းဟုဆိုကာ တံတွေးတို့ဖြင့်တွေး၍ အခန်းတွင်းမှ ထွက်ခွာသွားလေသည်။

မာတုဂါမသည် ရှက်လည်းရှက် ဒေါသလည်းထွက်သောကြောင့်....

ဤရဟန်းကား ရဟန်းမဟုတ်၊ မေထုန်ကိုအလှူခံပြီး တံတွေးဖြင့်ထွေးသည်ဟု များစွာရှုတ်ချ ကဲ့ရဲ့စကားကိုဆိုလေ၏။ ထိုစကားကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓဘုရားအား လျှောက်ထားကြပြန်သည်။

ဗုဒ္ဓသည် ဥဒါယီအားခေါ်ယူမေးမြန်းသောအခါ ဥဒါယီက ဟုတ်မှန်ကြောင်းဝန်ခံသဖြင့် ဗုဒ္ဓက အလွန့်အလွန် ကဲ့ရဲ့တော်မူပြီးလျှင် မေထုန်ကိုအလှူခံသောရဟန်းအား သံဃာဒိသိသ် အာပတ်သင့်စေဟုပညတ်တော်မူပြန်သတည်း။

(၅) ဥဒါယီရဟန်းသည် ၎င်းနှင့်ပတ်သက်၍ ပညတ်တော်များ အကြိမ်ကြိမ်ထုတ်၍ ပညတ်ရသည့်ကြားကပင် နောက်ထပ်၍ ပညတ်တော်မူရန်ကိစ္စကို ပြုလုပ်ပြန်၏။

၎င်းသည် ဒါယိကာ ဒါယိကာမများအိမ်သို့ သွားရောက်လည်ပတ်ပြီး ဒါယကာတို့ သင်တို့၏ အိမ်ထောင်မရှိသောသားကို အဘယ့်ကြောင့် အိမ်ထောင်မချထားသေးသနည်း၊ ငါ့ ဒါယိကာ ဒါယိကာမများထည်းထွင် ရုပ်ဆင်းရူပါ လှပချောမောသော သတို့သမီးများရှိကြ၏။ သင်တို့သားကို ထိုသတို့သမီးနှင့် နေရာချထားရသော် မသင့်လောဟုမေးမြန်း၏။ ထိုအခါ သားရှင်မိဘများက....

တပည့်တော်တို့ ထိုအမျိုးသမီး၏ မိဘများကိုသော်၎င်း၊ အမျိုးသမီးကိုသော်၎င်း မသိပါ၊ သို့ကြောင့် အရှင်ရဟန်းသင့်တော်မည်ထင်လျှင် စပ်ဟပ်ပြောဆိုပေးပါဟုဆိုကာ မိမိတို့သားကို ဥဒါယီရဟန်းအား အပ်နှံကြလေ၏။

ဥဒါယီရဟန်းသည် ကောင်းပြီဟုဆိုကာ ဃရာဝါသ အိမ်ထောင်ရေးကိစ္စများနှင့် ပတ်သက်၍ အောင်တမန်ပြုလေတော့၏။

ယင်းသို့ပြုလေသောအခါ အချို့မှာ အိမ်ထောင်ရေးအဆင်ပြေကြ၏။ အချို့တွင် အိမ်ထောင်ရေးလည်း အဆင်မပြေ၊ စီးပွားရေးလည်း အဆင်မပြေဖြစ်ကြရလေသည်။

အိမ်ထောင်ရေး စီးပွားရေး အဆင်ပြေသူများက ဥဒါယီ ရဟန်းအားချီးမွမ်း၍ ကျေးဇူးတင်စကား ဆိုကြသည်။ အိမ်ထောင်ရေး စီးပွားရေး အဆင်မပြေသူများက ဥဒါယီအား အပြစ်တင်ကာ ကဲ့ရဲ့စကား ပြောဆိုကြလေသည်။ ထိုစကားကို သံဃာတော်တို့ကြားလေသော် ဗုဒ္ဓရှင်တော်အား လျှောက်ထားကြ၏။

ဗုဒ္ဓသည် ဥဒါယီအား ခေါ်တော်မူ၍ မေးမြန်းလေသော် ဥဒါယီက မှန်ကန်ကြောင်းဝန်ခံသည်။ ထိုအခါ ဗုဒ္ဓဘုရားသခင်သည် ဥဒါယီအား များစွာကဲ့ရဲ့စကားဆိုပြီးလျှင် မအောင်တမန်ပြုလုပ်သောရဟန်းအား သံဃာဒိသိသ်အာပတ်သင့်စေဟု ပညတ်တော်မူပြန်သတည်း။

(၆) အာဠဝီပြည်သားရဟန်းများ လူပုဂ္ဂိုလ်များထံမှ ကျွန်းသွာများကို တောင်းယူကာ လူဒါန်းသည့် ဒါယကာမရှိဘဲ မိမိတို့ဘာသာကြီးစွာ ကုဋိကို ဆောက်လုပ်ကြ၏။ ဘိက္ခုနက္ခကမပြုပဲ လျက် ဝစီဝိညတ်ဖြင့်လည်း များစွာတောင်းကြကုန်၏။ ထိုကဲ့သို့ ရဟန်းတို့က ကွတ်တောင်းတောင်းခြင်းကြောင့် အာဠဝီပြည်သူပြည်သားတို့သည် ရဟန်းတို့ကိုမြင်လျှင် ပုန်းရှောင်ကြလေကုန်၏။

တရံအခါ ရှင်မဟာကဿပ ကိုယ်တော်မြတ်သည် ဆွမ်းခံဝင်သည်ရှိသော် ရှင်မဟာကဿပကို မြင်တွေ့သူတိုင်းသည် ပုန်းရှောင်ထွက်ပြေးကြလေ၏။ ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှ ဒေသစာရီကြွချီလာ၏။ အာဠဝီပြည်သို့ ဗုဒ္ဓဘုရားရှင်ရောက်ရှိသောအခါ အာဠဝီပြည်သား ရဟန်းများအကြောင်းကို ရှင်မဟာကဿပက ဗုဒ္ဓအား လျှောက်ကြားလေ၏။

ဗုဒ္ဓရှင်တော်သည် အာဠဝီပြည်သား ရဟန်းများကို ခေါ်တော်မူ၍ မေးတော်မူလျှင် ရဟန်းများကဟုတ်မှန်ကြောင်း ဝန်ခံကြ၏။ ဘုရားသခင်သည် ထိုရဟန်းများအား ကဲ့ရဲ့တော်မူပြီးလျှင် မည်သူ့ကိုမှမပန်ကြားဘဲ ကုဋိဆိုတို အတိုင်းအရှည်ထက် ပို၍ကြီးစွာ ဆောက်လုပ်သောရဟန်းအား သံဃာဒိသိသ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၇) ဗုဒ္ဓဘုရားသခင်သည် ကောသမ္ဗီပြည်နှင့် ကုလလေးတာအပြင်ငါးနက္ခသော ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်ဆန္နမထေရ်၏ အလုပ်အကျွေးဖြစ်သော ဒါယကာက အရှင်ဆန္နမထေရ်အား 'အရှင်ဘုရား သီတင်းသုံးရန်အလို့ငှာ ကျောင်းဆောက်လိုပါသည်၊ ကျောင်းမြေနေရာညွှန်ပြပါ'ဟု လျှောက်ထား၏။ ထိုအခါ အရှင်ဆန္နမထေရ်သည် လူအများတို့ အလေးအမြတ်ပြုသော သစ်ပင်ကို ခုတ်ဖြတ်ရှင်းလင်းစေလေသည်။

ထိုအခါ လူအများက အရှင်ဆန္နမထေရ်သည် လူအများအလေးဂရုပြုသော သစ်ပင်ကို ခုတ်ထွင်သည်ဟုအပြစ်ပြကာ ကဲ့ရဲ့စကားဆိုကြလေ၏။ လူအများ၏ ကဲ့ရဲ့စကားကို သံဃာတော်တို့ကြားလေသော် ဗုဒ္ဓဘုရားအား လျှောက်ကြားကြလေသည်။ ဗုဒ္ဓဘုရားသည် အရှင်ဆန္နမထေရ်အား ခေါ်၍မေးမြန်းသောအခါ အရှင်ဆန္နမထေရ်က ဟုတ်မှန်ကြောင်းဝန်ခံ၏။

ဗုဒ္ဓက ရဟန်းများသည် ကျောင်းရာကို မပန်ကြားဘဲ မဆောက်လုပ်အပ်၊ မပန်ကြားဘဲဆောက်လုပ်သော် သံဃာဒိသိသ်အာပတ်သင့်စေဟု ပညတ်တော်မူသတည်း။

(ဂ) မလ္လာမင်း၏သား ရှင်ဒဗ္ဗမထေရ်သည် ၇-နှစ်သားအရွယ်ကပင် ရဟန္တာဖြစ်ခဲ့၏။ ၎င်းမထေရ်သည် သံဃာတော်တို့အား အိပ်ရာနေရာခင်းပေးခြင်း ညွှန်ခြင်းများကိုပြုရသော် ကောင်း၏ဟု ဆန္ဒရှိသည်နှင့် မိမိဆန္ဒကို ဗုဒ္ဓအား လျှောက်ထားလေသော် ဗုဒ္ဓဘုရားရှင်က ထိုရဟန်းအား ဆန္ဒရှိသည့်အတိုင်းပြုလုပ်ရန် ခွင့်ပြုတော်မူလိုက်သည်။

ဗုဒ္ဓထံမှ အခွင့်ရသောအခါ ဒဗ္ဗမထေရ်သည် သံဃာတော်တို့ အလိုရှိရာအရပ်တွင် အသူးထူးသော ဆီးမီးရောင်တို့ဖြင့်ညီးပြောင် တောက်ပစေလျက် စီမံပြီးလျှင် ကျောင်းနေ အာဂါသိက ရဟန်းတို့အားငင်း၊ ဧည့်သည်အာဂန္တုက ရဟန်းတို့အားငင်း၊ ဆွမ်းသုံးဆောင်စေခြင်းနှင့်ဆိုင်သော အရာကိုငင်း၊ အိပ်ရာနေရာခင်းခြင်းနှင့်ဆိုင်သောအရာကိုငင်း သမဂ္ဂသမောဓာနဖြစ်အောင် အိပ်ရာနေရာကိုလည်းခင်း၏။ ဆွမ်းကိုလည်းညွှန်၏။

ထိုအခါ ရှေးဘုန်းရှေးကံနည်းသော ရဟန်းတို့သည် ညံ့ဖျင်းသောဟင်းလျာတို့ကို ရကြလေ၏။ ယင်းရဟန်းများက ရှင်ဒဗ္ဗအား ရန်ငြိုးဖွဲ့ကြကာ 'မေတ္တိယဘူမဇက'အမည်ရှိသောဘိက္ခုနီမကိုခေါ်၍ ရှင်ဒဗ္ဗအား ဖျက်ဆီးရန် တိုက်တွန်းသွေးဆောင်ကြလေသည်။

ဘိက္ခုနီမလည်း ရဟန်းတို့တိုက်တွန်းသည်ကို လက်ခံလေ၏။ ပြီးလျှင် ရှင်ဒဗ္ဗရဟန်းသည် မိမိအား မထုန်မှီဝဲသည်ဟု ရဟန်းအများကြားသိအောင် ပြောဆိုလေသည်။ ထိုစကားကို ဗုဒ္ဓရှင်တော် ကြားသိတော်မူသော် ရှင်ဒဗ္ဗအား ဘိက္ခုနီမစကားမှန်သလောဟု မေးမြန်းတော်မူ၏။

ရှင်ဒဗ္ဗက ဘိက္ခုနီမသည် မိမိ၏ ပျက်စီးရာပျက်စီးကြောင်းအတွက် ယုည်ဆယ်၍ ပြောခြင်းသာဖြစ်ပါသည်ဟု အခိုင်အမာ

ငြင်းဆိုလျှောက်ထားး၏။ ထိုအခါ ဗုဒ္ဓက လည်ဆယ်စုပ်စွဲရန်အကြံပေးသော ရဟန်းများနှင့် လည်ဆယ်စုပ်စွဲသော ဘိက္ခုနီမကို ခေါ်ယူစစ်ဆေးပြန်၏။ ထိုအခါ ရဟန်းများက ဘိက္ခုနီမ စုပ်စွဲသည်မှာ မဟုတ်မှန်ပါ၊ မိမိတို့သည် ရှင်ဒဗ္ဗမထေရ်အပေါ် ရန်ငြိုးဖွဲ့ကာ ဘိက္ခုနီမအား စေခိုင်းခြင်းသာဖြစ်ပါသည်ဟု ဝန်ခံလျှောက်ထားကြလေ၏။

ဗုဒ္ဓဘုရားသခင်သည် ဘိက္ခုနီမအား လူဝတ်လဲစေလျက်နောင်တွင် ကေန်မြင်ခြင်း၊ ဘောန်ကြားခြင်း၊ ကေန်ရွှံရှာခြင်းမရှိဘဲနှင့် ဒုဋ္ဌဒေါသဖြင့် စွပ်စွဲပြောဆိုသော ရဟန်းအား သံဃာဒိသိသ်အာပတ်သင့်စေဟု မေတ္တိယဘူမဇကာ ဘိက္ခုနီမကို အကြောင်းပြု၍ ဒုဋ္ဌဒေါသ သံဃာဒိသိသ်ကို ပညတ်တော်မူလေသည်။ ·

(၉) ရှင်ဒဗ္ဗအပေါ် ရန်ငြိုးထားကြသော ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာထံတွင် ဝန်ခံခဲ့ကြသော်လည်း ရှင်ဒဗ္ဗအပေါ်၌ ရန်ငြိုးမပြေနိုင်ဘဲ ရှိနေကြလေ၏။

တနေ့တွင် ထိုရဟန်းတို့သည် ဂိဇ္ဈကုဋ်တောင်မပေါ်သို့ တက်၍ ပြန်ဆင်းလာကြသောအခါ တောင်ခြေတွင် ဆိတ်ဖိုနှင့်ဆိတ်မ သံဝါသပြုနေသည်ကို မြင်ကြရကုန်၏။ ထိုအခါ ရဟန်းတို့က ဆိတ်ဖိုကို ရှင်ဒဗ္ဗ၊ ဆိတ်မကို မေတ္တိယဘိက္ခုနီမဟုဆိုကာ ရှင်ဒဗ္ဗနှင့် မေတ္တိယတို့ သံဝါသပြုသည်ကို ငါတို့မြင်၏ဟု ပြောဆိုကြပြန်လေ၏။

ထိုစကားကို အခြားသောရဟန်းများ ကြားသိလေသော် ဗုဒ္ဓဘုရားရှင်အား လျှောက်ထားကြလေ၏။ ဗုဒ္ဓဘုရားရှင်သည်

ဒဗ္ဗမထေရ်အားခေါ်၍ မေးမြန်းတော်မူ၏။ ရှင်ဒဗ္ဗသည် မဟုတ် မမှန်ပါကြောင်း ငြင်းဆိုလေသော အခါ စွပ်စွဲပြောဆိုသော ရဟန်းများကိုခေါ်၍ စစ်ဆေးမေးမြန်း၏။ ထိုအခါ ရဟန်း များက....

ရှင်ဒဗ္ဗနှင့်မေတ္တိယတို့ သံဝါသပြုသည်ကို မမြင်ပါ၊ ဆိတ်ခို နှင့်ဆိတ်မကိုသာမြင်သဖြင့် အမည်ပေးကာ ဘင်ဘးဆိုမိကြောင်း ဝန်ခံလျှောက်ထားကြလေသည်။

ဗုဒ္ဓဘုရားရှင်သည် ဤကဲ့သို့ သူတပါး ပျက်စီးစေအောင် ရည်ရွယ်ပြောဆိုသောရဟန်းများ သံဃာဒိသိသ် အာပတ်သင့်စေ ဟု မိန့်မြွက်တော်မူကာ အညဘာဂိယ သံဃာဒိသိသ်အာပတ်ကို ပညတ်တော်မူခဲ့သည်း၊

(၁၀) ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း တော်၌ သီတင်းသုံး နေတော်မူစဉ် ရှင်ဒေဝဒတ်ရဟန်း သည် ကောကာလိယအမည်ရှိသော ရဟန်းနှင့် ဤသို့တိုင်ပင်၏။

ငါ့ရှင် ကောကာလိယ၊ ငါတို့အလိုရှိသော အကြောင်းအရာ ငါးပါးရှိ၏။ ငါတို့အလိုရှိသည်မှာ ရဟန်းတို့သည် အသက်ထက် ဆုံးတောကျောင်း၌သာ နေရမည်၊ မြို့ကျောင်း ရွာကျောင်းတွင် မနေစေရ၊ အသက်ထက်ဆုံး သစ်ပင်ရင်း၌သာနေရမည်၊ အသက် ထက်ဆုံး ပံ့သကူသင်္ကန်းကိုသာ ဝတ်ရုံရမည်။ ဒါယကာတို့ သဒ္ဓါ၍ လှူသော သင်္ကန်းကို မဝတ်ရုံရ၊ အသက်ထက်ဆုံး သား ဟင်း ငါးဟင်းကို မစားရ၊ သက်သတ်လွတ် ဟင်းသီးဟင်းရွက်ကို သာစားရမည်။ ထိုအကြောင်းအရာငါးပါးကို ဗုဒ္ဓဘုရားရှင်ထံ တွင် ငါတို့တောင်းဆိုကြမည်။ အစာယ်၍ ဗုဒ္ဓကခွင့်မပြုသော် သင်းခွဲမည်၊ သင်သဘောတူ၏လော။

ကောကာလိယရဟန်းသည် ဒေဝဒတ်ဆိုသည်ကို သခင်တော်တူသဖြင့် ဒေဝဒတ်နှင့်အတူ ဗုဒ္ဓထံသို့သွားသည်။ ဒေဝဒတ်ရဟန်းသည် သင့်တင့်လျောက်ပတ်သော နေရာမှနေ၍ သူ၏အလိုရှိရာကို တောင်းဆို၏။ ဗုဒ္ဓဘုရားရှင်သည် ဒေဝဒတ်အလိုသို့ မလိုက်ဘဲ ငြင်းပယ်တော်မူလိုက်လေသည်။

ထိုအခါ ဒေဝဒတ်သည် ဗုဒ္ဓအပေါ်၌ ရန်ငြိုးဖွဲ့လျက် သံဃာများအား သင်းခွဲခြင်းအမှုကိုပြုလေ၏။ ဤသို့ သင်းခွဲခြင်းအကြောင်းကို ရဟန်းတို့က ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြလေသောအခါ ရှင်တော်ဗုဒ္ဓသည် သံဃာကိုသင်းခွဲသောရဟန်းအား သံဃဒိသိသ်အာပတ် သင့်စေဟု ဒေဝဒတ်ရဟန်းကို အကြောင်းပြု၍ သံဃဘေဒက သံဃာဒိသိသ်အာပတ်ကို ပညတ်တော်မူလေသည်။

(၁၁) ဗုဒ္ဓဘုရား သခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဆက်လက်စံနေတော်မူစဉ် ဒေဝဒတ်သည် သင်းခွဲခြင်းအမှုကို ပြုလုပ်ပြီးပြုလုပ်သဖြင့် အခြားသော သံဃာတော်အပေါင်းက ဒေဝဒတ်နောက်သို့ ရဟန်းတို့မလိုက်ပါရန် သားမြစ်ပြောဆို၏။ ထိုအခါ ကောကာလိယရဟန်းက ဒေဝဒတ်သည် တရားမှန်မြတ်သောတရားကို ကျင့်သောသူဖြစ်၏ဟုဆိုကာ ကောကာလိယရဟန်းသည် ငါရှင်တို့ ဒေဝဒတ်အား တစုံတခုသော စကားကို မျှမပြောဆိုကြပါနှင့်ဟုဆိုကာ သင်းခွဲရာသို့ လိုက်ပါသွားလေသည်။

ထိုအကြောင်းကို ရဟန်းအပေါင်းတို့က ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြပြန်လေသော် ဗုဒ္ဓတ ချစ်သားရဟန်းတို့၊ သင်းခွဲ

သောသူ၏နောက်သို့လိုက်သော ရဟန်းအားလည်း သံဃာဒိသိသ် အာပတ်သင့်စေဟု အနုဝတ္တက သံဃာဒိသိသ်အာပတ်ကို ကောကာလိယရဟန်းအား အကြောင်းပြု၍ ပညတ်ရပြန်သဘည်း။

(၁၂) ကောသမ္ဗီပြည်နှင့် မနီးမဝေးရှိ ဃောသိတာရုံ ကျောင်းတော်၌ ဗုဒ္ဓဘုရားသခင် သီတင်းသုံးတော်မူနေစဉ် ရှင်ဆန္နမထေရ်သည် ရဟန်းတို့ကြွအပ်သော အကြံကို ကျင့်ကြံသောကြောင့် ထို ကြံကို အခြားသော သံဃာတော်များ သိရှိသွားကာ ဆန္နမထေရ်အား ထိုအကြံကို မကျင့်ကြံရန် ဆုံးမ၍ တားမြစ်ကြလေသည်။

ထိုအခါ ဆန္နမထေရ်က....

ငါ့ရှင်တို့ ငါ့အား ဗုဒ္ဓရှင်တော်သာလျှင် ဆိုဆုံးမရမည်၊ ဗုဒ္ဓ၏ဆိုဆုံးမခြင်းကိုသာ ငါခံယူမည်။ အခြားသော ရဟန်းများ၏ ဆိုဆုံးမခြင်းကို ငါမနာယူနိုင်ဟုခက်ဆန့်ကြမ်းကြုတ်စွာပြန်၍ ပြော၏။ ထိုအခါ ရဟန်းတို့က ဆန္နမထေရ်အကြောင်း ဗုဒ္ဓအား လျှောက်ကြားကြလေသည်။ ဗုဒ္ဓသည် ဆန္နမထေရ်ကို ခေါ်၍ များစွာကဲ့ရဲ့တော်မူပြီးလျှင် ဆိုဆုံးမ၍မရသော ရဟန်းအား သံဃာဒိသိသ်အာပတ်သင့်စေဟု မိန့်တော်မူကာ ဆန္နမထေရ်ကို အကြောင်းပြု၍ ဒုဗ္ဗစသံဃာဒိသိသ်အာပတ်ကို ပညတ်တော်မူ၏။

(၁၃) ဗုဒ္ဓဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် အဿဇိပုနဗ္ဗသုကအမည်ရှိသော ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မိမိတို့ကျောင်းဝင်း၌ သစ်ပင်ပန်းပင်တို့ကို စိုက်ပျိုးပြီးလျှင် မိမိတို့ကျောင်းသို့ ရောက်လာကြသော ဒါယိကာ

ဒါယိကာမတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်းအမှုတို့ကို ပြုလုပ်ကြကုန်၏။

ထိုသို့ပြုလုပ်ခြင်းကြောင့် ကီဋာဂိရိဇနပုဒ်တွင် နေကုန်သော ဒါယိကာ ဒါယိကာမတို့သည် မင်္ဂလိမ္မာန်သို့ ရည်သန်လှူဒါန်းခြင်းမပြုကြတော့ပဲ သဒ္ဓါစိတ် ကင်းမဲ့ကုန်ကြကာ လောကီအကျိုးငှာရည်ရွယ်လျက် သစ်သီးပန်းမာလ်ရလိုမှုကိုသာ လှူဒါန်းခြင်းအမှုပြုကြကုန်လေ၏။

ယင်းသို့ရှိစဉ် ကာသိတိုင်း၌နေသော ရဟန်းတပါးသည် ဝါကျွတ်ကာလတွင် ဗုဒ္ဓရှင်တော်အား ဖူးမြော်ကန်တော့ရန် သာဝတ္ထိပြည်သို့အသွား ကီဋာဂိရိဇနပုဒ်သို့ ရောက်သောအခါ ဒါယိကာတယောက်သည် ထိုရဟန်းအား ၎င်း၏အိမ်သို့ပင့်ဖိတ်ပြီးလျှင် ပင့်သန္ဓာရစကား ပြောကြားပြီးနောက်....

အရှင်ဘုရား အဘယ်အရပ်သို့ ကြွမည်နည်းဟု မေးမြန်း၏။ ထိုအခါ ရဟန်းက 'ငါသည် ဗုဒ္ဓဘုရားရှင်ထံ ဖူးမြော်ရန်လာခဲ့သည်၊ ဗုဒ္ဓရှိရာ သာဝတ္ထိပြည်သို့ကြွမည်'ဟု ပြန်လည်ပြောကြားလေသည်။

ထိုအခါ ဒါယိကာက အရှင်ဘုရား ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဒါယိကာတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်းစသော ပါပကသမာစာရအကျင့်ကိုလည်း၊ သစ်ပင်စိုက်ခြင်း၊ ပန်းပင်စိုက်ခြင်းစသော ပါပသမာစာရ အကျင့်တို့ကိုလည်း ကျင့်နေသည်ဖြစ်၍ ထိုအကြောင်း ဘုရားရှင်အားလျှောက်ကြားပေးပါလေဟု မှာလိုက်လေသည်။ ရဟန်းလည်း ဗုဒ္ဓထံရောက်သောအခါ ဒါယိကာမှာသည့်အတိုင်း လျှောက်ကြားလေ၏။

ဗုဒ္ဓမြတ်စွာသည် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့ကို ခေါ်တော်မူပြီးလျှင် ထိုအဿဇိ ပုနဗ္ဗသုက ရဟန်းတို့ကို ဉတ်ကမ္မဝါစာဖြင့် ပဗ္ဗာဇနီယကံပြုရန် စေလွှတ်လိုက်လေ၏။

ရဟန်းတို့သည် ပဗ္ဗာဇနီယကံပြုသည်ကို ခံရ၍၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အား ဖိသာဆန့်ကျင် မရိုမသေကြသဖြင့် ရဟန်းတော်ကြီးနှစ်ပါး ဗုဒ္ဓဘုရားအား ပြန်ကြားပြီး ဟုတ်တိုင်းမှန်ရာ လျှောက်သားကြလေကုန်၏။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို ခေါ်တော်မူပြီး မေးမြန်း၏။ ရဟန်းတို့က ဟုတ်မှန်ကြောင်း ဝန်ခံသည်တွင် လွန်စွာကဲ့ရဲ့တော်မူပြီးနောက် ဒါယိကာတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်းသည် ၎င်းတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသည်ဖြစ်၍ မပြုအပ်ဆိုကာ ရှစ်ပါးသော ကုလဒူသက သံဃာဒိသိသ်အာပတ်ကို ပညတ်တော်မူလေသည်။

ကုလဒူသကအာပတ်ရှစ်ပါးမှာ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ဆပ်ပြာကသယ်မှုန့်ပေးခြင်း၊ မြေဖြူမြေနီပေးခြင်း၊ ဒန်ပူပေးခြင်း၊ ဆေးကုခြင်း၊ ဒါယိကာတို့၏ အစေအပါးခံခြင်း ဟူသတည်း။

သံဃာဒိသိသ် သာဓက ၁၃-ပါးပြီး၏။

## အနိယတ သာဝက ၂-ပါး

(၁) ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် ဥဒါယီရဟန်းသည် တယောက်သော မာတုဂါမနှင့် အတူ ဆိတ်ကွယ်ရာအရပ်တွင် ယှဉ်တွဲ၍ နေလေ၏။

ထိုအခြင်းအရာကို အရိယာဖြစ်သော ဝိသာခါဒါယိကာမက မြင်လေသော်..

'ရှင်ဥဒါယီရဟန်း ထိုသို့ နေထိုင်ခြင်းသည် မသင့်တော် မလျောက်ပတ်ပါ'ဟု ဝိသာခါဒါယိကာမကဆို၏။ သို့သော်လည်း ဥဒါယီကမလိုက်နာပဲ နေမြဲနေသည်။

ထိုအခါ ဝိသာခါဒါယိကာမသည် ယင်းအကြောင်း အခြားသော သံဃာတော်တို့အား တိုင်ကြား လျှောက်ထားလေ၏။ ရဟန်းများက ဗုဒ္ဓရှင်တော်မြတ်ကို တင်လျှောက် လေသော် ဗုဒ္ဓသည် ဥဒါယီအား ခေါ်၍မေးမြန်း၏။ ဥဒါယီရဟန်းက မှန်ကန်ကြောင်းဝန်ခံသည်။ ထိုအခါ ဗုဒ္ဓက ရဟန်းများအား.....

ချစ်သားတို့ ဥဒါယီရဟန်းအား ပါရာဇိကအာပတ်ဖြစ်စေ၊ သံဃာဒိသိသ်အာပတ်ဖြစ်စေ၊ ပါစိတ်အာပတ်ဖြစ်စေ အာပတ်တပါးပါးနှင့် ဆုံးဖြတ်သင့်ကြသည်ဟု မိန့်တော်မူကာ ပဌမ အနိယတသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

(၂) ဗုဒ္ဓဘုရားရှင်သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌သီတင်း သုံးတော်မူနေစဉ် ဥဒါယီရဟန်းသည် ကိုက်ခန်းနံရံစသည်ဖြင့် အကာအကွယ်မရှိသောနေရာ၌ မာတုဂါမနှင့် တယောက်ချင်း ချင်းနေသည်ကို ဝိသာခါ ဒါယိကာမမြင်၍ သံဃာတော်တို့အား ဤသို့နေခြင်းသည် မတင့်တယ်ဟု လျှောက်ထား၏။

ထိုအခါ သံဃာများက ဗုဒ္ဓရှင်တော်အား တိုင်ကြားပြန်ရာ ဗုဒ္ဓသည် ဥဒါယီရဟန်းအားခေါ်၍ စစ်မေးလေသော် မှန်ကန်ပါကြောင်း ဝန်ခံသည်နှင့် ဘုရားရှင်သည် ဥဒါယီအား ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းအား....

ချစ်သားတို့၊ တိုက်ခန်းနံရံသည်တို့ အကွယ်အကာ မရှိသော်ငြားလည်း မာတုဂါမနှင့် တယောက်ချင်းချင်း အတူနေသော ရဟန်းအား ပါရာဇိက အာပတ်ဖြစ်စေ၊ သံဃာဒိသိသ်အာပတ်ဖြစ်စေ၊ ပါစိတ်အာပတ်ဖြစ်စေ၊ အာပတ်တပါးပါးဖြင့် စီရင်ဆုံးဖြတ်အပ်၏ဟု ဒုတိယအနိယတသိက္ခာပုဒ်ကို ပညတ်တော်မူသတည်း။

**အနိယတသာစက ၂-ပါးပြီး၏။**

## နိဿဂ္ဂိယပါစိတ် သာဓက-၃၀

(၁) ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်၌ သီတင်းသုံးနေတော်မူစဉ် ဒုကုဋ်သင်္ကန်း၊ ကိုယ်ဝတ်သင်္ကန်း၊ သင်းပိုင်စသည်အားဖြင့် သုံးထည်သောသင်္ကန်းတို့ကို ပညတ်တော်မူလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ သုံးဆောင်ကြသည်ကို သံဃာတော်တို့သိ၍ ဗုဒ္ဓထံလျှောက်ထားလေသော် ဗုဒ္ဓရှင်တော်သည် ဆဗ္ဗဂ္ဂီရဟန်းတို့အား ခေါ်တော်မူ၍ မေးစစ်သောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့က ဟုတ်မှန်ကြောင်းဝန်ခံ၏။

ထိုအခါ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ဆယ်ရက်ထက်လွန်သော သင်္ကန်းကိုဆောင်လျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဟု ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူလေသတည်း။

(၂) ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူနေစဉ် ရဟန်းတို့သည် တပါးသော ရဟန်း၏လက်တွင် သင်္ကန်းကိုထားခဲ့ကာ သင်းပိုင်ကိုယ်ဝတ်နှင့်သာ ဒေသစာရီကြွချီသွားကြကုန်၏။ ထိုထားခဲ့သော သင်္ကန်းသည် မှိုတက်သဖြင့် နေလှန်း

သည်ကို ရှင်အာနန္ဒာမြင်လေသော် ဘုရားရှင်အား လျှောက်ထားလေ၏။

ဗုဒ္ဓက ရဟန်းတို့အား ခေါ်ယူမေးစစ်သောအခါ ရဟန်းများက ဟုတ်မှန်ကြောင်းဝန်ခံသဖြင့်....

ချစ်သားတို့ တည္ဖ်မျှ သုံးထည်သောသင်္ကန်းနှင့် ကင်းကွာနေသော် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဟု ပညတ်တော်မူသည်။

ထိုသို့ပညတ်တော်မူပြီးနောက် တပါးသောရဟန်းသည် နာမကျန်းဖြစ်၍ ထိုရဟန်းအား ဆွေမျိုးတို့ပင့်ခေါ်သွားကြလေ၏၊ နာမကျန်းဖြစ်သော ရဟန်းသည် သုံးထည်သော သင်္ကန်းတို့ကို မယူဆောင်နိုင်ဘဲရှိလေသည်။ထိုအကြောင်းကို ဗုဒ္ဓရှင်တော်ဘုရားအား လျှောက်ထားလေသော် ဗုဒ္ဓက နာမကျန်းဖြစ်နေသော ရဟန်းအား ဘင်္ကန်းသုံးထည်နှင့် ကင်းကွာသော်လည်း အပြစ်မရှိဟု ခွင့်ပြုတော်မူလေသည်။

(၃) ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် မသင်မရှားသော ရဟန်းတပါးသည် အကာလ သင်္ကန်းကိုရ၍ချုပ်သော် မပြီးသဖြင့် အဖန်တလဲလဲ သုံးသပ်နေသည်ကို ဗုဒ္ဓဘုရားရှင် မြင်တော်မူသောအခါ ရဟန်းက မလောက်၍ သုံးသပ်ရကြောင်းကို လျှောက်လေလျှင်....

သင့်အား သင်္ကန်းလျာပုဆိုးကို ရ၏လောဟု မေးတော်မူ၏။ ရဟန်းက ရပါသည်ဟု ပြန်လည်လျှောက်ထားသောအခါ သင်္ကန်းလျာကိုရနိုင်သော် သိုမှီးစေခွင့် ပြုတော်မူသည်။

ထိုသို့ ဗုဒ္ဓကခွင့်ပြုသည်ကို အခွင့်ကောင်းယူကာ ရဟန်းသည် တာလထက်လွန်၍ သိုမှီးခြင်းပြုသည်ကို ရှင်အာနန္ဒာသိလေသော အခါ ဗုဒ္ဓအား တိုင်ကြားလျှောက်ထားလေ၏။ ထိုအခါဗုဒ္ဓ မြတ်စွာသည် တာလထက်ပို၍ သိုမှီးသောရဟန်းအား နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၄) ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥဒါယီရဟန်း၏ မယား ဖြစ်ခဲ့ဘူးသူ မာတုဂါမသည် ဘိက္ခုနီမတို့ထံ၌ ရဟန်းမိန်းမ ပြုလေ၏။

ထိုဘိက္ခုနီမသည် သူ၏လင်တော်စပ်ခဲ့ဘူးသူ ဥဒါယီရဟန်း ထံသို့လာ၍နေယိုင်၏။ ထိုအခါ ဥဒါယီသည် မိမိမယားဟောင်း ဘိက္ခုနီမမြင်အောင် ၎င်း၏အင်္ဂါဇာတ်ကို ဖော်ပြကာ ထိုင် လေသည်။

ဘိက္ခုနီမကလည်း ၎င်း၏အင်္ဂါဇာတ်ကို ဥဒါယီရဟန်း မြင်အောင်ဟမင်ဖော်ပြပြီးထိုင်၏။ ဥဒါယီသည် ဘိက္ခုနီမ၏ အင်္ဂါဇာတ်ကို စေ့စေ့ကြည့်ရင်းဖြင့် သုက်လွှတ်လေသည်။

ထိုအခါ ဥဒါယီရဟန်းက ဘိက္ခုနီမအား ရေကိုဆောင်ယူ ချေ၊ ငါ၏သင်းပိုင်ကို ဖွပ်လျှော်မည်ဟုဆို၏။

ဘိက္ခုနီမက အရှင်ဘုရားသင်းပိုင်ကို ပေးတော်မူပါ၊ တပည့် တော် ဖွပ်လျှော်ပါမည်ဆိုသဖြင့် ဥဒါယီသည် ဘိက္ခုနီမအား သင်းပိုင်ကိုပေးလေ၏။ ဘိက္ခုနီမသည် သင်းပိုင်ကို ယူဆောင် ပြီးလျှင် အချို့သောသုက်ကိုနှုတ်ခမ်းဖြင့်စုတ်မျို၏။ အချို့သော သုက်ကို သူ၏အင်္ဂါဇာတ်ထဲသို့သွင်း၏။

ထိုဘိက္ခုနီမသည် မကြာမီပင် ပဋိသန္ဓေရ၍ ကိုယ်ဝန်ဆောင်လာသည်ကို အခြားသော ဘိက္ခုနီမများမြင်လေသော်....

သင်မေထုန်မှီဝဲသလောဟု မေးမြန်းကြ၏။ ထိုအခါ ဥဒါယီ၏မယားဟောင်း ဘိက္ခုနီမက ကျွန်ုပ် မေထုန်မမှီဝဲပါ၊ ဥဒါယီရဟန်း၏ သင်းပိုင်တွင်ပါသော သုက်ကိုသောက်သဖြင့် ဤသို့ဖြစ်ရပါသည်ဟုပြော၏။

ထိုသတင်းကို သံဃာတော်များ ကြားသိကြသောအခါ ဗုဒ္ဓရှင်တော်ဘုရားအား တိုင်ကြား လျှောက်ထားကြလေ၏။ ရှင်တော်ဗုဒ္ဓသည် ဥဒါယီရဟန်းအားခေါ်၍ မေးမြန်းလေသော် ဥဒါယီက မှန်ကန်ပါကြောင်း ဝန်ခံ၏။

ချစ်သားဥဒါယီ ထိုဘိက္ခုနီမသည် သင်ရဟန်းနှင့် ဆွေမျိုးတော်စပ်သလော၊ မတော်စပ်သလောဟု ထပ်မံစစ်ဆေးမေးမြန်းတော်မူပြန်ရာ ဥဒါယီကမတော်စပ်ပါကြောင်း လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓသည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမအား သင်္ကန်းဟောင်းကို လျှော်ဖွပ်စေသော ထိုရဟန်းသည် နိဿဂ္ဂိယပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူလေ၏။

(၅) ရှင်တော်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကြီးတွင် သီတင်းသုံးစံနေတော်မူစဉ် ဥပ္ပလဝဏ်အမည်ရှိသော ရဟန္တာမသည် သာဝတ္ထိပြည်၌ ဆွမ်းခံရင်းကြွကို ပြုပြီးသော် သစ်ပင်ရင်းဝယ် နေလေ၏။

ခိုးသူတို့သည် ရှင်ဥပ္ပလဝဏ်ကို မြင်လေသောအခါ အမဲကို ကောင်းစွာ ကင်လျက်ဖက်ဖြင့်ထုပ်ပြီးသော် ရှင်ဥပ္ပလဝဏ်မြင်စေ

ခြင်ငှာ သစ်ပင်၌ ဆွဲချိတ်ထားကြကာ အခြားသော တော အုပ်သို့ ဝင်သွားကြလေ၏။

နှင်ဥပ္ပလဝဏ်သည် ထိုအကြောင်းကိုသိသည်နှင့် အမဲကင် ထုပ်ကို ယူဆောင်ခဲ့ကာ ဗုဒ္ဓရှင်တော်အားလှူရန် ဝေဠုဝန် ကျောင်းတော်သို့သွားလေ၏။ ကျောင်းသို့ရောက်သော် ဗုဒ္ဓ မြတ်စွာ ဆွမ်းခံကြွတော်မူခနခိုက်နှင့် ကြုံနေသော ကြောင့် မတွေ့ရပဲရှိ၏။

ထိုအခါ ဥပ္ပလဝဏ်ထေရ်ရဟန်းမသည် ကျောင်း၌တွေ့သော ဥဒါယီရဟန်းအားအပ်၍ ဗုဒ္ဓပြန်လည်ကြွရောက်လာသောအခါ ထိုအမဲထုပ်ကိုလှူပါဟု ပြောလေသည်။

ဥဒါယီက သင်ဖေခိုင်းသည့်အတိုင်း အမဲထုပ်ကို ဗုဒ္ဓအား ငါလှူပါမည်၊ ငါ့အားသင်းပိုင်တထည် လှူဒါန်းခဲ့ပါဟုတောင်း ဆို၏။ ထိုအခါ ဥပ္ပလဝဏ်က ဥဒါယီအား သင်းပိုင်တထည် လှူခဲ့လေ၏။

ယင်းအကြောင်းကို သံဃာတော်တို့ကြားလေလျှင် ဗုဒ္ဓ ဘုရားရှင်အား လျှောက်ကြားလေသည်။ ဗုဒ္ဓမြတ်စွာသည် ဥဒါယီကိုခေါ်၍ မေးမြန်းလေရာ ဟုတ်မှန်ကြောင်း ဝန်ခံ၏။ ထိုအခါ ဗုဒ္ဓက အချင်းဘိက္ခုနီမသည် သင်နှင့်ဆွေမျိုးတော်စပ် သလောဟု မေးမြန်းတော်မူပြန်၏။ ဥဒါယီကဆွေမျိုးတော်စပ် ခြင်းမရှိပါဟု လျှောက်ထားလေသည်၊ ဗုဒ္ဓ ဘုရားရှင်သည် ရဟန်းတို့အား မိမိတို့နှင့်ဆွေမျိုးတော်စပ်ခြင်းမရှိသော ဘိက္ခု နီမ၏သင်းပိုင်ကိုယူသော် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၆) ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် သာကိဝင်မင်းသားမှ ရဟန်းပြုခဲ့သော ရှင်ဥပနန်သည် သူဌေးသားတယောက်ကို တရားဟော၏။ ထိုသူဌေးသားသည် ရှင်ဥပနန်အား အလွန်ကြည်ညိုသဒ္ဓါပွါးလျက် နေလေသည်။ သို့ကြောင့်....

တပည့်တော်သည် အရှင်ရဟန်းအား ပစ္စည်းလေးပါးလှူဒါန်းပါရစေဟု ဘိဘ်လေ၏။ ထိုအခါရှင်ဥပနန်က....

ဒါယကာ သင်ယခုဝတ်ထားသော ပုဆိုးကိုလှူပါလေဟု ဆို၏။ ထိုအခါ သူဌေးသားက အရှင်ရဟန်း လမ်းတွင်ဖြစ်၍ ဤပုဆိုးကိုမလှူပါရစေနှင့် အိမ်ကိုကြွမြန်းပါ၊ အိမ်ရောက်လျှင် ထိုထက်အဆရာထောင်သာသော ပုဆိုးကိုလှူပါမည်ဆို၏။

ထိုအခါ ဥပနန်ရဟန်းက ဒါယကာ သင်သည် ငါ့အားသဒ္ဓါ မရှိဘဲနှင့် သဒ္ဓါစကားဆိုခဲ့၏။ ငါအလိုရှိသည်မှာ အိမ်တွင်ရှိသော ပုဆိုးမဟုတ်၊ ယခုသင့်ခါးတွင် ဝတ်ထားသော ပုဆိုးကိုသာ အလိုရှိ၏ဟု မခံသာသော စကားဖြင့် ဆိုလေသော်ခါ သူဌေးသားသည် ခါဝတ်ပုဆိုးကိုချွတ်၍ ရှင်ဥပနန်အား လှူလေသည်။

သူဌေးသားသည် လမ်းပေါ်တွင် ပုဆိုးမပါပဲ အချည်းစီးလျှောက်လာသည်ကို လူအများမြင်လေသော် အိုဘယ့်သူဌေးသား၊ သင်အဘယ့်ကြောင့် မလျော်ကန် မလျှောက်ပတ်သော အမှုကိုပြုရဘိသနည်းဟု ဝိုင်းဝန်းမေးမြန်းကြလေ၏။ ထိုအခါ သူဌေးသားက....ရှင်ဥပနန်ရဟန်းသည် မိမိအား တရားဟောသဖြင့် အလွန်သဒ္ဓါကြည်ညိုစိတ် ဖြစ်ခဲ့ပါသည်။ ထိုရဟန်းက

မိမိခါးတွင် ဝတ်ဆင်ထားသော ပုဆိုးကို အလှူခံသဖြင့် ချွတ်၍ လှူခဲ့ကြောင်းပြောလေသော် လူအပေါင်းတို့သည် ရှင်ဥပနန် ရဟန်းအား ကဲ့ရဲ့ ရှုတ်ချသောစကားကို ဆိုကြလေ၏။

ထိုအကြောင်းကို သံဃာတော်တို့ကြားလေရာ ဗုဒ္ဓဘုရားအား လျှောက်ထားကြလေသည်။ ဗုဒ္ဓသည် ရှင်ဥပနန်အား ခေါ်၍ မေးစစ်သော်ဟုတ်မှန်ကြောင်းဝန်ခံသဖြင့် ဒကာဒကာမတို့ထံတွင် သင်္ကန်းလျာပုဆိုးကို တောင်းသော် နိဿဂ္ဂိယပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

ယင်းသို့ပညတ်တော်မူပြီးနောက်တွင် အချို့သော ရဟန်း များ၏ သင်းပိုင်သင်္ကန်းစသည်တို့ကို သူခိုးခိုးဝှက်ခြင်း လုယူခြင်း ခံကြရ၏။ သို့သော်လည်း ရဟန်းများသည် ဗုဒ္ဓဘုရားရှင်ပညတ် တော်မူထားသဖြင့် ဒကာဒကာမများထံ မတောင်းခံဝံ့ပဲရှိကြ လေသည်။

ထိုအကြောင်းကို ဗုဒ္ဓဘုရားရှင် သိတော်မူသောအခါ ချစ် သားတို့၊ သင်္ကန်းသင်းပိုင် စသည်တို့ကို ခိုးဝှက်လုယူခြင်းခံရသော် ဒကာဒကာမများထံတွင် အလှူခံနိုင်ခွင့်ရှိသည်ဟု ခွင့်ပြုတော်မူ သတည်း။

(၄) ဗုဒ္ဓဘုရားသခင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေ တော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်္ကန်းသင်းပိုင်တို့ ခိုးဝှက်လုယူ ခြင်းခံရသော် ဒါယကာ ဒါယိကာမများထံတွင် တောင်းယူအလှူ ခံနိုင်သည်ဟု ဗုဒ္ဓမြတ်စွာ ခွင့်ပြုတော်မူသည်ကို အခွင့်ကောင်းယူ ကြ၍ ဒါယကာတို့ထံမှ များစွာသော သင်္ကန်းသင်းပိုင်တို့ကို တောင်းကြလေ၏။

ထိုအကြောင်း သံဃာတော်တို့ကြားသဖြင့် ဘုရားဗုဒ္ဓအား လျှောက်ကြားကြရပြန်လေသည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ဆဗ္ဗဂ္ဂီရဟန်းများကို ခေါ်တော်မူပြီးလျှင်....

သင်ရဟန်းတို့၊ သင်းပိုင်သင်္ကန်း စသည်တိုကို များစွာရှိသာ တောင်းခံအပ်၏၊ များစွာရုံထက် ပို၍တောင်းခံသော် နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေဟု ဆဗ္ဗဂ္ဂီရဟန်းများ အလွန်အလွန်တောင်းခံခြင်းကို အကြောင်းပြု၍ ပညတ်တော်မူလေသည်။

(ဂ) ဗုဒ္ဓရှင်တော်သည် သာဝတ္ထိပြည်တွင် သီတင်းသုံး စံနေတော်မူစဉ် ဒါယကာတဦးသည် ရှင်ဥပနန်အား သင်္ကန်းလှူရန် ငွေ၏ဇနီးနှင့် တိုင်ပင်နေသည်ကို ထိုအိမ်သို့ ဆွမ်းခံကြွသော ရဟန်းကကြားခဲ့၏။

ထိုရဟန်းသည် ရှင်ဥပနန့်ထံသွား၍ ကြားခဲ့သည့်အတိုင်း ပြောလေသော် ရှင်ဥပနန်သည် ဘိတ်မန္တကမပြုဘဲနှင့် သင်္ကန်းလှူမည့် ဒါယကာအိမ်သို့သွား၍....

ဒကာ အထူးကောင်းမွန်သော [illegible] စိရင်လေ၏။ ထိုသို့စီရင်လေသည်ကို အခြ[illegible]သော ဒကာဒကာ[illegible]တို ကြားလေလျှင် ရှင်ဥပနန်အား ကဲ့ရဲ့ကြကုန်၏။ ယင်းကဲ့ရဲ့[illegible] သံဃာတော်တို့ကြားသဖြင့် ဗုဒ္ဓအားလျှောက်သားလေသော် [illegible] က အဆွေအမျိုးမတော်ဘဲ မိမိအားမဘိတ်ခေါ်ဘဲ ဒကာဒကာမတို့အိမ်သို့သွား၍ သင်္ကန်း[illegible]စီရင်သည်ရှိသော် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(ဃ) ထိုနောက် ဒကာနှစ်ဦးသည် ရှင်ဥပနန်အား သင်္ကန်း[illegible] ရန်တိုင်ပင်သည်ကို ဆွမ်းခံရဟန်း[illegible]ကြားသဖြင့် ရှင်ဥပနန်[illegible] သွားပြောလေ၏။

ရှင်ဥပနန်လည်း ဒကာတို့အိမ်သို့သွား၍ သင်ဒါယကာတို့၊ အသီးသီးကြံကြသော သက်န်းတို့ကို တပေါင်းတည်း ကောင်းစွာပြုကြပါဟု စီရင်လေသည်။ ထိုအကြောင်းကို သံဃာတော်တို့ကြား၍ ဗုဒ္ဓအား လျှောက်ကြားကြပြန်ရာ ဗုဒ္ဓမြတ်စွာသည် ရှင်ဥပနန်ကိုခေါ်၍ များစွာကဲ့ရဲ့တော်မူပြီးလျှင် မိမိအား မပင့်ဖိတ်ဘဲ သက်န်းကိုစီရင်သော ရဟန်းသည် နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေဟု ရှင်ဥပနန်ကိုပင် အကြောင်းပြု၍ ထင်မံပညတ်တော်မူခဲ့ပြန်သတည်း။

(၁၁) ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးစံနေတော်မူစဉ် ဒါယကာတို့သည် ရှင်ဥပနန်အား ရည်ညွှန်း၍ သက်န်းတို့ကို ပို့လာကြကုန်၏။ ရှင်ဥပနန်သည် ဒါယကာတို့ပို့သာသော သက်န်းတို့ကို လက်မခံဘဲပယ်သေး၏။

ဒါယကာများက အရှင်ဘုရားတွင် ဝေယျာဝစ္စပြုသည့်ဒကာရှိပါ၏လောဟု မေးလျှောက်သောအခါ ရှင်ဥပနန်က ရှိ၏ဟုဖြေကာ ဝေယျာဝစ္စဒကာအား ညွှန်ပြလေသည်။ ထိုအခါ ဒါယကာတို့သည် ဝေယျာဝစ္စဒကာအား ငွေများပေးအပ်၍ အရှင်ဘုရား ၎င်းအား ငွေများအပ်ထားခဲ့ပါပြီ၊ အရှင်ဘုရား အလိုရှိသည့်အခါ တောင်းယူပါဟု မှာကြားခဲ့လေသည်။

ရှင်ဥပနန်သည် သက်န်းကို အလိုရှိသဖြင့် ဒကာထံတောင်းသောအခါ ဒကာက တနေ့မျှဆိုင်းငံ့ပါရန် လျှောက်ထားသည်။ ထိုအခါ ရှင်ဥပနန်သည် ဒကာအား နှိပ်စက်စွာသော စကားကိုဆို၍ မဆိုင်းနိုင် ချက်ချင်းပေးရမည်ဟု အဟုတ်ပြင်းတောင်းခံသေး၏။ ဒကာလည်း ချက်ချင်းပင် ရှာဖွေပေးရလေသည်။ ထို

အကြောင်းကို လူတို့ကြားသိသောအခါ ရှင်ဥပနန်ကို ကဲ့ရဲ့ကြသည်။

ယင်းကဲ့ရဲ့စကားများကို သံဃာတော်များ ကြားသောအခါ ဗုဒ္ဓရှင်တော်မြတ်ဘုရားအား လျှောက်ထားကြကုန်၏၊ ရှင်တော်ဗုဒ္ဓသည် ဥပနန်ရဟန်းအား သွန်သင်ကဲ့ရဲ့တော်မူပြီးလျှင် ခုစ်သားတို့ သုံးကြိမ်ဘိုင်တောင်းရမည်၊ မရလျှင် ခြောက်ကြိမ်တိုင် ကာယဝိညတ်ပြုရမည်။ ထိုထက်လွန်၍ တောင်းသော် နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေ၊ အာယ၍တောင်းမရခဲ့သော် သင်္ကန်းဘိုးကို အလှူရှင်ဒါယကာတို့ထံပြန်ယူရန် အကြောင်းကြားရမည်ဟု မိန့်တော်မူကာ ပညတ်ချက်ထုတ်လေ၏။

(၁၁) ဗုဒ္ဓရှင်တော်သည် အာဠဝီပြည်ရှိ အာဠဝကစေတီတွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပိုးချည်လုပ်သော ဒါယကာ၏အိမ်သို့သွား၍ များစွာသော ပိုးချည်တို့ကို တောင်းကြကုန်၏။

ဒါယကာက အရှင်ရဟန်းတို့ အဘယ်အလို့ငှာ တောင်းပါသနည်းဟုမေးမြန်း၏၊ ရဟန်းတို့က ပိုးချည်ပြင့်ရောသော ပုဆိုးအခင်းများကိုပြုလုပ်ရန် တောင်းသည်ဟု ဆိုလေသည်။

ထိုအခါ လူတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့အား ကဲ့ရဲ့ကြကုန်၏။ ယင်းကဲ့ရဲ့စကားကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓရှင်တော်အား လျှောက်ထားသပြင့် ဗုဒ္ဓသည် ဆဗ္ဗဂ္ဂီရဟန်းတို့အား ရှုတ်ချကဲ့ရဲ့တော်မူပြီးလျှင် ပိုးချည်ပြင့်အခင်းပြုသော ရဟန်းအား နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၁၂) ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်း

တို့သည် သက်သက်မဲ့သော သိုးရေအခင်းကို ပြုလုပ်ကြကုန်၏။ ထိုအခြင်းအရာကို လူတို့မြင်လေသော် ကဲ့ရဲ့စကားဆိုကြသည်။ ထိုသို့သော ကဲ့ရဲ့စကားများကို သံဃာတို့ကြားသော် ဗုဒ္ဓရှင်တော်အား လျှောက်ထားသဖြင့် ဗုဒ္ဓက ချစ်သားတို့ သက်သက်မဲ့သော သိုးမွေးအခင်းကိုပြုလုပ်သော် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၁၃) မြတ်စွာဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သက်သက်မဲ့သော သိုးမွေးအခင်းကိုသာ ဗုဒ္ဓဘုရား တားမြစ်တော်မူသည်။ ထို့ကြောင့် သက်သက်မဲ့သော အခင်းတွင် သိုးမွေးအဖြူကို အနားကွပ်၍ သုံးဆောင်ကြပြန်လေ၏။ ထိုအခြင်းအရာကို လူတို့မြင်လေရာ ကဲ့ရဲ့စကား ဆိုကြပြန်သည်။ ယင်းကဲ့ရဲ့စကားများကို သံဃာတော်တို့ကြားလေသော် ဗုဒ္ဓဘုရားအား လျှောက်ထားကြလေ၏။

ထိုအခါ မြတ်စွာဗုဒ္ဓသည် ချစ်သားတို့ သက်သက်မဲ့သော သိုးမွေးနှစ်ဖို၊ သိုးမွေးဖြူသုံးဖို၊ သိုးမွေးကြောင်လေးဖို့ကိုသာ အသုံးပြုရမည်။ ထိုထက်လွန်လျှင်သော် အသုံးမပြုရ၊ ဤသို့ အယုတ်အလွန်အသုံးပြုသော် နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူသသည်။

(၁၄) သာဝတ္ထိပြည်၌ ဗုဒ္ဓရှင်တော်ဘုရား သီတင်းသုံးတော်မူနေစဉ် ရဟန်းတို့သည် နှစ်တိုင်းနှစ်တိုင်း အခင်းတို့ကို ပြုလုပ်ကြကုန်၏။ သိုးမွေးများကိုလည်း အများအပြားစုဆောင်းကြကုန်၏။ လူဒါယကာတို့ထံမှ သိုးမွေး များစွာကိုလည်း တောင်းကြကုန်၏။

ဤသို့ဖြင့် လူတို့ကဲ့ရဲ့စကားဆိုခြင်းကို ခံကြရလေသည်။ ယင်းကဲ့သို့ ကဲ့ရဲ့စကားများကို သံဃာတော်တို့ကြား၍ ဗုဒ္ဓအား လျှောက်ထားကြလေသောအခါ ဗုဒ္ဓက ချစ်သားတို့ ခြောက်နှစ်အတွင်း၌ ထိုအခင်းကို စွန့်သည်ဖြစ်စေ၊ မစွန့်သည်ဖြစ်စေ၊အသစ်ဖြစ်သောအခင်းကိုဆောင်ငြားအံ့၊ သမုတိရသော ရဟန်းမှတပါး ထိုအခင်းသစ်ဆောင်သော ရဟန်းအား နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူသတည်း။

(၁၅) ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၌ သီဘင်းသုံးတော်မူစဉ် ရဟန်းတို့ကို ခေါ်တော်မူ၏၊

ချစ်သားတို့ ဝါတွင်းသုံးလပတ်လုံး ငါဘုရားတပါးတည်း နေအံ့ဟု မိန့်တော်မူ၏။

ထိုအခါ သာကီဝင်မင်းသား ဥပသေနရဟန်းသည် တပည့်များနှင့်အတူ ဘုရားထံချဉ်းကပ်လေသော် မြတ်စွာဗုဒ္ဓက....

ချစ်သားရဟန်းတို့၊ ငါဘုရား ကတိကဝတ်ပြုထားသည်ကို သင်မသိသလောဟု မေးတော်မူ၏၊ ထိုအခါ ဥပသေနရဟန်းက မသိပါဟု ပြန်လည်လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ဥပသေနအား သင်တောကျောင်းတွင် နေသလောဟု မေးတော်မူပြန်ရာ ဥပသေနမထေရ်က တောကျောင်းတွင်နေ၍ ကြာ[illegible]ဟ်မှတ်ပံ့သုကူဘင်တို့ကိုဆောင်ကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်က ထိုသို့ဆောက်တည်သော် ငါဘုရားအား ဖူးမြင်စေဟု မိန့်တော်မူ၏။

ယင်းအမိန့်ကိုကြားကုန်သော ရဟန်းတို့သည် နိသီဒိုင်အခင်းများကိုစွန့်ပစ်၍ ဘုရားအားဖူးမြင်ရန် လာကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ကျောင်းစဉ်သို့လှည့်၍ စံစားတော်မူသော နိဿိဒိုင်အခင်းကို စွန့်ပစ်ထားသည်ကိုမြင်၍ မေးတော်မူသောအခါ ရဟန်းများက မိမိတို့၏ နိသီဒိုင်အခင်းများ ဖြစ်ကြောင်း လျှောက်ကြလေသည်။ ထိုအခါ ဗုဒ္ဓက ချစ်သားတို့ နိသီဒိုင်အခင်းဟူသည် ငါ၏လက်သန်းတော် အထွာပမာဏမျှသာယူအပ်၏။ ထိုထက်အလွန်ဆောင်သော် နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေ ဟု ပညတ်တော်မူ၏။

(၁၆) ဗုဒ္ဓဘုရားရှင်သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် ကောသလတိုင်းမှ သာဝတ္ထိပြည်သို့သွား၏။ ခရီးလမ်းတွင် သိုးမွေးများကိုရ၍ ကိုယ်ဝတ်သင်္ကန်းဖြင့် ထုပ်ယူခဲ့သည်ကို လူအများမြင်သောအခါ များစွာ ပြက်ရယ်ပြုကြလေသည်။ ရဟန်းသည် မျက်နှာမသာမယာနှင့်ခရီး ဆက်ခဲ့၏။ သာဝတ္ထိပြည်သို့ ရောက်သောအခါ ထိုအထုပ်ကိုဖြည်၍ သိုးမွေးများကိုပစ်လိုက်လေသည်။ ယင်းအကြောင်းကို သာဝတ္ထိပြည်မှ ရဟန်းများမြင်၍ မေးလေသော် ခရီးဝေးမှ ဆောင်ယူခဲ့ခြင်းနှင့် လူတို့ပြက်ရယ်ပြုခြင်း အကြောင်းကို ရဟန်းကပြော၏။ ထိုအခါရဟန်းများက သင်သည် အဘယ်မျှလောက်ဝေးသော ခရီးမှ ဆောင်ယူခဲ့သနည်းဟု မေးကြပြန်၏။

ရဟန်းက သုံးယူဇနာထက် ဝေးသောခရီးမှ ဆောင်ယူခဲ့ကြောင်း ပြောလေသော် ထိုအကြောင်းကို သံဃာတော်တို့ ကြား၍ ဘုရားအား လျှောက်ထားလေသော်....

ချစ်သားတို့ ဆောင်းကြဉ်းမည့်သူ မရှိပဲ သုံးယူဇနာထက် လွန်သောခရီးကို ရဟန်းများ သိုးမွေးကိုဆောင် ယူလေသော် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဟု ပညတ်တော်မူသတည်း။

(၁၇) ဗုဒ္ဓရှင်တော်ဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည်၌ နိဂြောဓါရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် သိုးမွေးများကို ဘိက္ခုနီမတို့အား ဖွပ်လျှော်ခိုင်းခြင်း၊ ဆေးဆိုးခိုင်းခြင်းများကို ပြုလုပ်ကြလေ၏။ ပြီးတဖန် သိုးမွေးများ ရှုပ်ထွေးနေသည်ကိုလည်း ဖြည်ရန်စေခိုင်း၏။

ယင်းသို့ရှိစဉ် မိထွေးတော် ဂေါတမီဘိက္ခုနီမသည် ဗုဒ္ဓမြတ်စွာထံသို့သွား၏။ ဗုဒ္ဓက မိထွေးတော်ဂေါတမီအား အသင် ဘိက္ခုနီတို့သည် ပါဠိအဋ္ဌကထာတို့ကို သင်ကြားရပါ၏လော နိဗ္ဗာန်အကျိုးငှာ ကျင့်ကြံ၍ အေးချမ်းစွာနေရပါ၏လောဟု မေးတော်မူ၏။

ထိုအခါ ဂေါတမီဘိက္ခုနီမက အရှင်ဘုရား တပည့်တော်မတို့သည် ပါဠိအဋ္ဌကထာတို့ကို သင်ကြားလေ့ကျက်ခြင်း မပြုရပါ၊ နိဗ္ဗာန်အကျိုးငှာကျင့်ကြံ၍ အေးချမ်းစွာလည်း မနေရပါ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် တပည့်တော်မတို့အား သိုးမွေးများကို လျှော်ဖွပ်စေခြင်း၊ ဆေးဆိုးစေခြင်း၊ ရှုပ်ထွေးနေသည်များကို ဖြည်စေခြင်း စသည့်အမှုများကို ခိုင်းစေနေပါသည်ဟု လျှောက်ကြားလေသည်။ ဗုဒ္ဓမြတ်စွာသည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခေါ်တော်မူ၍ များစွာသော ကဲ့ရဲ့စကားတို့ဆိုပြီးလျှင် သင်တို့သည် မိမိနှင့်ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမများအား သိုးမွေးများကို ဖွပ်လျှော်စေခြင်း၊ ဆေးဆိုးစေခြင်း ဖြည်ကိုက်မခိုင်းစေအပ်၊ အကယ်၍ ခိုင်းစေခဲ့သော် နိဿဂ္ဂိယပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၁၈) ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာကီဝင်မင်းသားဖြစ်သော ရှင်ဥပနန္ဒ

ရဟန်းအား မဘောင်ရှားသော ဒကာတဦး အလုပ်အကျွေးပြုလျက် နေလေ၏။

တနေ့တွင် ထိုဒကာသည် အမဲသားရသဖြင့် ရှင်ဥပနန်အတွက် ချည်နှယ်ကာ ချက်ထား၏။ ထိုစဉ်သူ၏သားငယ်သည် အိပ်ရာမှ နိုးလာကာ ငိုယိုပြီး အမဲဟင်းလျာကို တောင်းလေသည်။ ယင်း အခိုက်တွင် ရှင်ဥပနန်ပြန်ရောက်လာ၏။ ကလေးငိုယိုနေသည်မှာ မိမိအတွက်ထားသော ဟင်းလျာကိုလို၍ဖြစ်ကြောင်း ရှင်ဥပနန် သိ၏။

ဒကာသည် သားငယ်ကလည်း အမဲသားဟင်းလျာကို လို၍ ငိုယိုတောင်းနေသည်။ ထိုအကြောင်းကို ရှင်ဥပနန်ရဟန်းအား လည်း သိစေလိုပြီဖြစ်၍....

အရှင်ဘုရား တပည့်တော်၏သားငယ်သည် အမဲဟင်းလျာကို တောင်းနေပါ၏။ အကယ်၍ အရှင်ဘုရားအား အမဲဟင်းလျာ မကပ်လှူပဲ အမဲဟင်းဖိုး အသပြာကိုလှူမည်ဆိုလျှင် လက်ခံပါ မည်မလောဟု မေး၏။ ထိုအခါ ရှင်ဥပနန်က ဒကာငါ့အား အသပြာကိုသာ လှူလော့ဟု အမိန့်ရှိသဖြင့် ဒကာက ရှင်ဥပနန် အား အသပြာကိုလှူလေသည်။ ထိုအသပြာကို ရှင်ဥပနန်က လက်နှင့် ကိုင်ယူသည်ကို လူတို့မြင်လေသော် များစွာကဲ့ရဲ့စကား ဆိုကြလေ၏။

ထိုအကြောင်းကို သံဃာတော်တို့ကြား၍ ဗုဒ္ဓအား လျှောက် ထားကြလေရာ ဗုဒ္ဓမြတ်စွာသည် ရှင်ဥပနန်အားခေါ်၍ ကဲ့ရဲ့ ရှုတ်ချတော်မူကာ ရွှေငွေစသည်တို့ကို ရဟန်းများ အလှူမခံရ၊ ယင်းသို့အလှူမခံရရုံမက မိမိတို့အနီး၌ ရွှေငွေကို ထားခဲ့သော်

သာယာသောစိတ်မဖြစ်ရ၊ ထိုသို့အသုံးခံခြင်း၊ ရွှေငွေကိုမြင်၍ သာယာသောစိတ်ဖြစ်ခြင်း စသည်တို့ရှိခဲ့သော် နိဿဂ္ဂိယပါစိတ် အာပတ် သင့်စေဟု ပညတ်တော်မူလေ၏။

(၁၉) ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းများသည် အထူးထူးသော ရွှေငွေစသည်တို့ဖြင့် ကူးသန်းရောင်းဝယ်ခြင်းအမှုကို ပြုလုပ်ကြ လေ၏။

ယင်းကဲ့သို့ ရဟန်းများကူးသန်းရောင်းဝယ်မှု ပြုလုပ်သည်ကို လူတို့မြင်ပြီးသော် ကဲ့ရဲ့ကြကုန်၏။ လူတို့ကဲ့ရဲ့စကားကို သံဃာ တော်များကြားသဖြင့် ဗုဒ္ဓအားလျှောက်ထားတိုင်ကြားလေလျှင် ဗုဒ္ဓမြတ်စွာသည် ဆဗ္ဗဂ္ဂီရဟန်းများကို ခေါ်တော်မူပြီးသော် ကဲ့ရဲ့စကား မြွက်ကြားတော်မူပြီးနောက် ရွှေငွေစသည်တို့ဖြင့် အရောင်းအဝယ်ပြုသော ရဟန်းအား နိဿဂ္ဂိယပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူသတည်း။

(၂၀) ဗုဒ္ဓမြတ်စွာသာဝတ္ထိပြည်၌ စံနေတော်မူစဉ် ရှင်ဥပနန္ဒ သည် ပုဆိုးရှိ၊ ပုဆိုးနွမ်းတို့ကို ကောင်းစွာ ဖွပ်လျှော်ပြီးလျှင် ပြေပြစ်တောက်ပသောအရောင်ကိုဆိုး၍ ဝတ်ရုံကာသွားလေ၏။

တဦးသော ပရိဗ္ဗာဇကရဟန်းသည် ရှင်ဥပနန္ဒ၏ အ...ချို ချည်းဘပ်ပြီးလျှင် ငါရှင်၏ ဒုကုဋ်သင်္ကန်းမှာ အလွန်ကောင်းပါ တကား၊ ထိုသင်္ကန်းကို ကျွန်ုပ်ပုဆိုးနှင့် လဲလှယ်ပါဟု ဆိုလေ သည်။

ရှင်ဥပနန္ဒသည် ထိုရဟန်း၏ပုဆိုးနှင့် သူ၏ဒုကုဋ်သင်္ကန်းကို လဲလှယ်လေသည်။ ပရိဗ္ဗာဇကရဟန်းသည် ဝမ်းမြောက်စွာဖြင့်

မိမိကျောင်းသို့ပြန်ကြသွား၏။ ထိုအခါ သူ၏အပေါင်းအသင်း ရဟန်းများသည် ပရိဗ္ဗာဇကရဟန်း၏ သင်္ကန်းကိုမြင်သော် ချီးမွမ်း ကြလျက် ထိုသင်္ကန်းကို ဘယ်ကရခဲ့သနည်းဟု မေးမြန်းစုံစမ်း သော်။

ထိုအခါ ပရိဗ္ဗာဇကရဟန်းက ရှင်ဥပနန်ထံမှ လဲလှယ်ရရှိခဲ့ ကြောင်း ပြောပါသောသည်။ ရဟန်းများကထိုသင်္ကန်းမှာ အသွေး အရောင်ကောင်းသော်ငြားလည်း အရိအဆွေးဖြစ်သဖြင့် ကြာ ရှည်မခံ မကြာမီစုတ်ပြဲလိမ့်မည်၊ သင်အဘယ်ကြောင့် မိုက်မဲစွာ လဲလှယ်သနည်းဟု အပြစ်တင်ကာ ဆိုကြလေသည်။

ပရိဗ္ဗာဇကရဟန်းသည် ရှင်ဥပနန်ထံသို့ပြန်သွားကာသင်သည် ရိဆွေးသော သင်္ကန်းကို ငါ့အား လဲလှယ်၏။ ယခု သင်၏ သင်္ကန်းကိုပြန်ယူပါ။ ငါ့ပုဆိုးကို ပြန်ပေးပါဟုဆို၏။ ထိုအခါ ရှင်ဥပနန်က....

သင့်အား ငါက လဲလှယ်ရန် တောင်းဆိုခဲ့ခြင်းမဟုတ်၊ သင်က သာ လဲလှယ်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ငါသည် သင့်အား ပုဆိုးကိုပြန်မပေးနိုင်၊ သင်နှင့်ငါ လဲလှယ်သည်မှာ ယာယီအဖြစ် လဲလှယ်ခြင်းလည်း မဟုတ်သည်ကို သင်မသိသလောဟုဆိုကာ ပုဆိုးကို ပြန်မပေးပဲနေလေ၏။ ထိုအကြောင်းကို လူတို့သိကြ လေရာ....

ရှင်ဥပနန်သည် ရဟန်းမပီသ၊ သူတော်ကောင်းစိတ်မရှိ ညစ် သည်။ လူအချင်းချင်းပင်လျှင် ဤသို့ပြုကြသည်မဟုတ်၊ မတော် မတရား ပြုမိသော်ပြန်၍ပေး၏။ ရှင်ဥပနန်ကား ရဟန်းဖြစ်လျက် အဘယ့်ကြောင့်မပေးဘဲ နေရသနည်း စသည်ဖြင့် ရှုတ်ချကဲ့ရဲ့ ကြလေသည်။

ထိုအကြောင်းကို သံဃာတို့ကြားလေလျှင် ဗုဒ္ဓအား လျှောက်ကြားကြ၏။ ဗုဒ္ဓရှင်တော်သည် ရှင်ဥပနန္ဒ်အား ခေါ်တော်မူကာ ကဲ့ရဲ့ပြစ်တင်ပြီးလျှင် အရောင်းအဝယ်လုပ်ခြင်း၊ လဲလှယ်ဖလှယ်ခြင်းပြုသော ရဟန်းအား နိဿဂ္ဂိယပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၂၁) ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ်၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် များစွာသော သပိတ်တို့ကို သိမ်းစုဆောင်းကြ၏။ လူများကျောင်းသို့ လှည့်လည်သွားလာကြသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သိမ်းစုဆောင်းထားသော သပိတ်များကို မြင်သော် ကဲ့ရဲ့စကား ဆိုကြကုန်၏။

ထိုအကြောင်းကို သံဃာတော်တို့ကြားလျှင်ဗုဒ္ဓရှင်တော်အား လျှောက်ထားကြလေသည်။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂီတို့အား ခေါ်တော်မူကာ ကဲ့ရဲ့တော်မူပြီးလျှင် အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲ ဆယ်ရက်ထက်လွန်သော သပိတ်ကိုဆောင်လျှင် နိဿဂ္ဂိယပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူသတည်း။

(၂၂) ဗုဒ္ဓဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည်နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ထင်ရှားသော အိုးလုပ်သူ တယောက်သည် ရဟန်းများအား သပိတ်အလိုရှိက တောင်းတော်မူကြပါဟု လျှောက်ထား၏။

ရဟန်းတို့သည် ထိုအိုးလုပ်သူထံမှ အိုးများကို သူ့ထက်ငါဦးအောင်တောင်းယူကြလေရာ အိုးလုပ်သူတွင်ရောင်းရန်အိုးများပင် မကျန်ပဲ ရှိလေတော့သည်။ ထိုအခါ အိုးလုပ်သူ၏သားမယားများ ဆင်းရဲဒုက္ခရောက်ကြလေ၏။ ယင်းအကြောင်း လူတို့သိ၍ ကဲ့ရဲ့စကား ဆိုလေသော် သံဃာတို့ကြားသည်နှင့် ဗုဒ္ဓအား

လျှောက်ထားသည်တွင် ဗုဒ္ဓသည် ထိုဘောင်းသော ရဟန်းများကို ခေါ်တော်မူ၍ များစွာကဲ့ရဲ့ပြီးလျှင် သပိတ်ကိုမတောင်းအပ်၊ တောင်းသော် ဒုက္ကဋ်အာပတ် သင့်စေဟုပညတ်၏။

ထိုသို့ပညတ်တော်မူသည်ရှိသော် ရဟန်းဘပါးသည် သပိတ်ကွဲ၏။ ဗုဒ္ဓရှင်တော်က သပိတ်အလှူမခံရဟု ပညတ်ထားတော်မူသဖြင့် မတောင်းအပ်ဟု အယူရှိကာလက်ဝါးချည်းသက်သက်ဖြင့် ဆွမ်းခံကြလေ၏။

ထိုအခါလူတို့သည် ဤရဟန်းကား လက်ဝါးချည့် သက်သက်ဖြင့် ဆွမ်းခံသည်။ တိတ္ထိများကဲ့သို့ ပြုကျင့်လေသည်ဟု ကဲ့ရဲ့ပြစ်တင်ကြကုန်၏။ ထိုစကားကို သံဃာတော်တို့ကြား၍ ဗုဒ္ဓအား လျှောက်ကြားလေ၏။

ဘုရားရှင်သည် ထိုရဟန်းအား ခေါ်တော်မူပြီးလျှင် များစွာသော ကဲ့ရဲ့ပြစ်တင်စကားကို မိန့်ဆိုတော်မူပြီးနောက်ချစ်သားတို့ သပိတ်ကွဲသောအခါဖြစ်စေ၊ သပိတ်ပျောက်သောအခါဖြစ်စေ၊ သပိတ်ကိုလုယက်ခိုးယူခြင်းခံရသည်ဖြစ်စေ၊ သပိတ်ကိုတောင်းယူအလှူခံသင့်၏ဟု ခွင့်ပြုတော် မူလေသည်။

ထိုသို့ ဗုဒ္ဓက ခွင့်ပြုလိုက်သောအခါတွင် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သပိတ်အနည်းငယ်မျှ အပေါက်ရှိခြင်း၊ သပိတ်နားအနည်းငယ်ပြတ်နေခြင်း၊ သပိတ်၌ အနည်းငယ် ခြစ်ရာသင်ခြင်း တို့ကို အကြောင်းပြု၍ များစွာသောသပိတ်တို့ကို တောင်းခံ ကြလေသည်။

သပိတ်လုပ်သူ တကာများမှာ ရဟန်းတို့ တောင်းတိုင်းပေးကြရသောကြောင့် ရောင်းရသည်မရှိ ဖြစ်လေရာ ဆင်းရဲကြကုန်၏။ ဒုက္ခရောက်ကြရကုန်၏။

ထိုအခါ လူတို့သည် ရဟန်းများအား လှန်စာကဲ့ရဲ့ကြလေသည်။ လူတို့၏ ကဲ့ရဲ့စကားကို သံဃာတော်တို့ကြားလေသော် ဗုဒ္ဓအားလျှောက်ထားကြ၏။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂီရဟန်းတို့ကိုခေါ်၍ စစ်မေးတော်မူပြီးလျှင် ငါးဖွဲ့အောက် ယုတ်သောသပိတ်ရှိလျက် ထိုသပိတ်ထက် ယုတ်သော သပိတ်ရှိလျှင် ထိုသပိတ်ထက် အလွန်ကောင်းသော် နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏ဟု ပညတ်တော်မူ၏။

ပြီးနောက် ထိုကောင်းသောသပိတ်ကို ရဟန်းသံဃာပရိသတ်အား စွန့်အပ်၏။ သံဃာသည် သံဃာထေရ်ကြီးအားစွန့်အပ်၏။ နောက်ဆုံးသပိတ်ကောင်းသော သံဃာနောက်ရဟန်းတိုင်အောင် စွန့်အပ်၏ဟု မိန့်တော်မူသတည်း။

(၂၃) ဗုဒ္ဓဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် ရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ဥမင်လိုဏ် ပြုလုပ်ရန် တောင်ကိုသုတ်သင်နေ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် မထေရ်ထံသို့ ချဉ်းကပ်၍ဘုရားအား လျှောက်ပတ်သောနေရာ မှကြည့်ကာ မထေရ်အား ကြည်ညိုသဖြင့် [illegible] အရှင်မြတ်အား အာရာမ်စောင့်ကို လှူပါမည်ဟု လျှောက်ကြားလေ၏။

ထိုအခါ မထေရ်ကသင်မင်းကြီး ဗုဒ္ဓမြတ်စွာသည်အာရာမ်စောင့် ကိုခွင့်ပြုတော်မမူသေးဟုမိန့်တော်မူလေသည်။ မင်းကြီးက [illegible] မြတ် ဗုဒ္ဓထံတွင် ခွင့်တောင်းပါ၊ ဗုဒ္ဓခွင့်ပြုတော်မူလျှင် အာရာမ် စောင့်ကို တပည့်တော် လှူပါမည်ဟု ဆိုသဖြင့် ပိလိန္ဒမထေရ် သည် ဗုဒ္ဓထံသွား၍လျှောက်သောအခါ ဗုဒ္ဓဘုရားရှင်က ခွင့်ပြု

တော်မူလေသည်နှင့် ဗိမ္ဗိသာရမင်းကြီးသည် အရာမ်စောင့်ကို လှူ၏။

ဤသည့်အခါ၌ ရာဇဂြိုဟ်ပြည်ရှိ တခုသော ဇာနပုဒ်တွင်ပွဲသမ်းသဘင်ရှိသည်နှင့် ရွာသူသမီးပျိုတို့သည်လှပသော ပန်းကုံးများကို ပန်ဆင်ကာ ပွဲသို့သွားကြလေ၏။ ထိုအခြင်းအရာကို အရာမ်စောင့်သမီးပျိုမြင်လေသော် အခြားသော သမီးပျိုများကဲ့သို့ ပန်းကုံး ပန်ဆင်လိုသော်လည်း မပန်ဆင်နိုင်သောကြောင့် ငိုယိုနေ၏။

ပိလိန္ဒဝစ္ဆမထေရ်သည်လည်း ထိုအိမ်တွင်ရှိနေခိုက်နှင့်ကြုံသောကြောင့် အဘယ်ကြောင့် ငိုသနည်းဟုအရာမ်စောင့်သမီးအားမေးလေလျှင် သမီးပျိုက ပန်းကုံးမပန်ဆင်မရ၍ ငိုပါသည်ဟု လျှောက်ထားလေသည်။ ထိုအခါ မထေရ်က မြက်ကရွတ်ခွေကိုယူလာခဲ့ဟု မိန့်၏။ မြက်ကရွတ်ခွေယူလာသောအခါ ဦးခေါင်းတွင်စွပ်ရန် မိန့်ပြန်၏။ မထေရ်မိန့်သည့်အတိုင်း သူငယ်မသည်မြက်ကရွတ်ခွေကို ဦးခေါင်း၌ စွပ်လေလျှင် မြက်ကရွတ်ခွေ၏ အသွင်ပျောက်၍ ထူးခြားဆန်းကြယ်လှပသော ပန်းကုံးရတနာအဖြစ်သို့ ပြောင်း၍ သွားလေသည်။

အရာမ်စောင့်သမီး ဆင်မြန်းထားသော ရွှေပန်းကုံးရတနာမှာ အဖိုးအနဂ္ဃထိုက်တန်ရုံသာမက ထိုပန်းကုံးရတနာနှင့် တူသော ပန်းကုံးမျိုးသည် ဘုရင်၏ နန်းတော်မှာပင် မရှိသောကြောင့် မြင်ရသူတိုင်းသည် ထိုသူငယ်မအား မနာလို မရှုစိမ့် ဖြစ်ကြလေသည်။ သို့ကြောင့် မင်း၏ ဘဏ္ဍာကို ထိုသူငယ်မ ခိုးယူထားသည်ဟုဆိုကာ ဘုရင်အားတိုင်တန်းလေသောအခါ ဘုရင်သည်တပါးသူတို့ ဂုံးချောသည်ကိုယုံကြည်ပြီးလျှင် သူငယ်မအား ဖမ်းဆီးချုပ်နှောင်လေသည်။

ပိလိန္ဒဝစ္ဆမထေရ်သည် ဆွမ်းခံကြွရာမှ အရာမ်စောင့်အိမ်သို့ ရောက်ရှိလေသောအခါ သူငယ်မကိုမမြင်သဖြင့်မေး၏။ ထိုအခါ အရာမ်စောင့်က ရွှေပန်းကုံးကို ပန်ဆင်သဖြင့် ဘုရင်ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရပါသည်ဟု မထေရ်အား လျှောက်ကြားလေသည်။

ထိုအခါ မထေရ်သည်း ဘုရင့်နန်းတော်သို့ ကြွသွား၏။ မင်းကြီးသည် မထေရ်ကိုမြင်လေသော် ရိုသေစွာ ရှိခိုးလျက်နေ၏။ ထိုအခါ မထေရ်က....

မင်းကြီး အဘယ်ကြောင့် အရာမ်စောင့်သူငယ်မကို ဖမ်းသနည်းဟုမေးလေ၏။ မင်းကြီးက အရှင်ဘုရား ဤအရာမ်စောင့်သူငယ်မအိမ်၌ အလွန်လှပထူးခြား၍ဆန်းကြယ်သော ရွှေပန်းကုံးရတနာကိုတွေ့ရပါသည်။ ထိုပန်းကုံးရတနာမျိုးသည် တပည့်တော်၏ နန်းတော်မှာပင်မရှိပါ၊ သို့ကြောင့် အရာမ်စောင့်သူငယ်မသည် ထိုပန်းကုံးရတနာကို မခိုးယူပဲနှင့် ဘယ်ကရမည်နည်းဟု မေးလျှောက်၏။

ထိုအခါ ပိလိန္ဒဝစ္ဆမထေရ်သည် မင်းကြီး၏နန်းတော်ပြာသာဒ်ကို မိမိ၏တန်ခိုးတော်ဖြင့် အလုံးစုံရွှေအတိပြီးစေအောင်ပြုလုပ်ပြီးလျှင်....

မင်းကြီး သင်၏နန်းတော်ပြာသာဒ်အလုံးစုံ၌ များစွာသော ရွှေတို့ကို အဘယ်မှရသနည်းဟုမေး၏။

ထိုအခါမင်းကြီးလည်း မထေရ်၏တန်ခိုးတော်ကြောင့် အရာမ်စောင့် သူငယ်မတွင် ၎ွှေပန်းကုံးရသည်ကို သိတော်မူကာ

သူငယ်မအား ချုပ်နှောင်ထားရာမှ လွှတ်လိုက်လေ၏။ လူအပေါင်းတို့သည် မခေသရ်၏ဘန်ခိုးကြောင့် သူငယ်မလွတ်မြောက်သည်ကို သိကြသောအခါ ပိလိန္ဒဝစ္ဆမထေရ်အားအလွန်ကြည်ညိုမြတ်နိုးသဒ္ဒါတိုးလျက် များစွာသော ဆီ၊ ပျား တင်လဲတို့ကို လှူဒါန်းကြလေ၏။

မထေရ်သည် တပည့်ရဟန်းတို့အား ပေးကမ်းစွန့်ကြဲသဖြင့် တပည့်ရဟန်းများကလည်း ပေးစွန့်သမျှ သိမ်းယူဆည်းပူးကြကာ အိုးခွက်တို့တွင်ထည့်ပြီး ကျောင်း၏ဧလသာပြတင်းများ၌ ဆွဲချိတ်ကြလေသည်။ ထိုအခါ ဆီပျား တင်လဲများသည် ကျောင်း၏အောက်တွင်ရင်း၊ အထက်တွင်ရင်း ယိုစီးဖိတ်ကျလျက် လိမ်းကျံနေလေ၏။ ကျောင်းသည် လူတို့၏ ကြီးကြားတို့က်ကဲ့သို့ ဖြစ်နေလေသည်။ လူများ ကျောင်းကို လှည့်လည်ကြည့်ရှုရန် သွားလာကြသောအခါ ဧလသာပြတင်း၌ ယိုစိမ့်နေသောအိုးများနှင့် ညစ်ပေသော ကြမ်းပြင်ကိုမြင်သဖြင့် ကဲ့ရဲ့ကြလေ၏။

ထိုသို့လူတို့ကဲ့ရဲ့သောစကားကို သံဃာတော်တို့ ကြားလေသော် ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြ၏။ ထိုအခါ ဗုဒ္ဓကချစ်သားတို့ ဆီပျားတင်လဲ ထောပတ်တို့ကို ခုနစ်ရက်အကပ်ခံ၍ သိုမှီးသုံးဆောင်အပ်၏။ ခုနစ်ရက်ထက်လွန်သော် မသုံးဆောင်အပ်၊ သုံးဆောင်သော် နိဿဂ္ဂီယပါစိတ် အာပတ်သင့်စေဟု ပိလိန္ဒဝစ္ဆမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူလေသည်။

(၂၄) ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် မိုးရေခံသင်္ကန်းကို ပညတ်တော်မူသည်။ ထိုသို့ ပညတ်တော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပညတ်တော်မမူမီ ရှေး

မဆွတ်ကပင်လျှင် မိုးရေခံသင်္ကန်းတို့ကို ရှာမှီးကုန်၏။ ဈေးမဆွတ်က ပင်လျှင် ချုပ်ဆိုးဝတ်ဆင်ကြကုန်၏။

ထိုသို့ မိုးရေခံသင်္ကန်းဝတ်၍ ဆွေးမြေ့ ရိနွမ်းကုန်သည်ရှိသော် အချည်းစည်းမိုး ရေစိုခံမှုကိုခံကြ၏။ ၎င်းတို့၏ အချည်းစည်း သောကိုယ်ကို လူတို့မြင်၍ ကဲ့ရဲ့ကြလေ၏။ ထိုအကြောင်း သံဃာ တော်တို့ကြားလေလျှင် ဗုဒ္ဓအား လျှောက်ထားကြလေ၏။

ဗုဒ္ဓမြတ်စွာသည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် များစွာ ကဲ့ရဲ့တော်မူပြီးနောက် နယုန်လပြည့်ကျော်တရက်မှသည် ဝါဆိုလပြည့်တိုင်အောင် တလကို မိုးရေခံသင်္ကန်းရှာစေ၊ ဝါဆို လဆန်းဘရက်မှသည် ဝါဆိုလခွဲတိုင်အောင် မိုးရေခံသင်္ကန်းကို ဝတ်ဆင်စေ၊ ထိုထက်လွန်၍ရှာသော် ဝတ်ဆင်သော် နိဿဂ္ဂိယ ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၂၅) ဗုဒ္ဓဘုရားသခင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း ၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူစဉ် ရှင်ဥပနန္ဒသည် အတူနေသောရဟန်းတို့ကို ဒေသစာရီသွားကုန်အံ့ဟုဆို၏။

ရဟန်းက ကျွန်ုပ်တွင် သင်္ကန်းဆွေးမြေ့နေသဖြင့် မသွား နိုင်ပါဟု ပြန်ပြောလေလျှင် ရှင်ဥပနန္ဒက သင်္ကန်းကိုပေးမည်၊ ငါနှင့်အတူသွားအံ့ ဆိုကာ သင်္ကန်းကိုပေးလေ၏။ ထိုအခါ ရဟန်းက ရှင်ဥပနန္ဒနှင့်မသွားလို၊ ဗုဒ္ဓဘုရားရှင်နှင့်သာ သွားလို ပါသည်ဟု ပြန်ပြော၏။

ထိုအခါ ရှင်ဥပနန္ဒသည် အမျက်ထွက်ကာ သူပေးသော သင်္ကန်းကို ရဟန်းထံမှ ပြန်လုယူလေသည်။ ထိုအကြောင်းကို သံဃာတော်တို့ ကြားသဖြင့် ဗုဒ္ဓအား လျှောက်ထားလေသော် ဗုဒ္ဓရှင်တော်ကရှင်ဥပနန္ဒရဟန်းကိုကဲ့ရဲ့တော်မူပြီးလျှင်ချစ်သားတို့

အလိုရှိ၍ သင်္ကန်းကိုရဟန်းအားပေးပြီး လုံယူသော်၊ တပါးသော
သူအား လုယူရန်ခိုင်းစေသော် နိဿဂ္ဂိယပါ စိတ်အာပတ်သင့်စေ
ဟု ပညတ်တော်မူ၏။

(၂၆) မြတ်စွာဘုရားဗုဒ္ဓရှင်တော်သည် ရာဇဂြိုဟ်ပြည် ဝေ
ဠုဝန်ကျောင်းတော်တွင် သီတင်းသုံးစံပျော်နေစဉ် ဆဗ္ဗဂ္ဂီရဟန်း
တို့သည် သင်္ကန်းအခါ၌ များစွာသော ချည်တို့ကို အကြိမ်ကြိမ်
များစွာတောင်းယူ၍ သင်္ကန်းယက်စေကုန်၏။

ထိုသို့တောင်းသည်ကို လူတို့သိသောအခါ ကဲ့ရဲ့ကြလေသည်။
ယင်းကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားလျှင် ဗုဒ္ဓရှင်အား
လျှောက်ထားကြ၏။ ထိုအခါ မြတ်ဘုရားဗုဒ္ဓသည် ဆဗ္ဗဂ္ဂီရဟန်း
များအား လွန်စွာကဲ့ရဲ့တော်မူပြီးလျှင် ချည်ကိုတောင်း၍ သင်္ကန်း
ကိုယက်စေသော် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဟု ပညတ်
တော်မူ၏။

(၂၇) ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည ဇေတဝန်
ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ဒါယကာ
တဦးသည် ၎င်း၏ဇနီးအား ဤသို့ဆို၏။

ရှင်မင်္ဂါသည် အရပ်တပါးသို့ ခရီးသွားမည်၊ ရှင်မချည်ကို
ချိန်၍ ငါပြန်မရောက်မီ အပြီးသင်္ကန်းယက်ကန်းသည်အား အပ်
ပါလေ။ ငါပြန်ရောက်လျှင် ရှင်ဥပနန်ကို လှူမည်။

ထိုစကားကို ဆွမ်းခံသော ရဟန်းတဦးကြားလေသဖြင့် ရှင်
ဥပနန်အား ပြန်ပြော၏။ ရှင်ဥပနန်သည် ယက်ကန်းသည်အိမ်သို့
သွား၍ သင်္ကန်းကို အလျားရှည်အောင် အနံကြီးအောင် ထူ
အောင်ယက်ပါ၊ သည်အခင်း၊ သည်အတန် သည်အဖိကို ပြုလုပ်
ပါဟုဆိုလေသော် ဒါယိကာမက....

အရှင်ဘုရား ချည်ကို ချိန်၍သာပေးခဲ့ပါသည်။ အလျား ရှည်အောင် အနံကြီးအောင် ထူအောင်မယက်နိုင်ပါဟုဆို၏။ ထို အခါ ရှင်ဥပနန်က ဒကာမချည်မလောက်မှာကို မစိုးရိမ်နှင့်ဆို၍ ချည်ကိုရှည်အောင်ပြုသော် အလျားနှင့်ပင်ကုန်သွား၏။ ထိုအခါ ရှင်ဥပနန်သည် ချည်မလောက်လျှင် ယခင်က ပေးထားသော ချည်ခင်နှင့် တန်ရုံယက်လေဟု ယက္ကန်းသည်ထံ အပ်နှံလေသည်။

ဒကာသည် ခရီးသွားရာမှ ပြန်ရောက်လာသောအခါ သင်္ကန်း ပြီးပြီလောဟု မေး၏။ သူ၏ဇနီးကပြီးကြောင်းပြောလျှင် ယူခဲ့ရန် စေခိုင်းလေ၏။ ဇနီးက သင်္ကန်းကိုယူ၍ပေးလေလျှင် ဒကာသည် ရှင်ဥပနန်အား သင်္ကန်းကိုလှူလေသည်။

သင်္ကန်းကောင်းကြောင်း တကာကချီးမွမ်းလေသော် သူ့ ဇနီးက ရှင်ဥပနန်ကိုယ်တိုင် လာ၍ယက္ကန်းတွင် စီရင်သဖြင့် ယခု ကဲ့သို့ ထူ.ခြားစွာကောင်းနေခြင်းဖြစ်ကြောင်း အားရဝမ်းသာစွာ ပြော၏။ ထိုစကားကိုကြားလျှင် ဒကာသည်....

ရှင်ဥပနန်အား ငါမဖိတ်ကြားဘဲနှင့် လာရောက်စီစဉ်သည် ဆိုကာ ကဲ့ရဲ့သေ၏။ ဒကာ၏ကဲ့ရဲ့စကားကို သယ်ာတို့ကြားလေ သော် ဗုဒ္ဓအားလျှောက်ကြ၏။ ဗုဒ္ဓရှင်တော်သည် ရှင်ဥပနန် အား ခေါ်တော်မူပြီး ကဲ့ရဲ့စကားဆိုကာ အကြင်ရဟန်းသည် ယက္ကန်းသည်အား ဆွမ်းစသော တစုံတခုသော လာဘ်ကိုပေး၍ စီရင်သော် နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ လေ၏။

(၂၇) ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံနေတော်မူစဉ် အမတ်တယောက်သည် ရွာတရွာ သို့သွား၍ ရဟန်းများအား....

အရှင်ရဟန်းတို့အား ဝါဆိုသင်္ကန်းလှူပါမည်၊ ကြွတော်မူပါဟုလျှောက်၏။ ထိုအခါ ရဟန်းများက မြတ်စွာဘုရားခွင့်ပြုတော် မမူသေးသဖြင့် မကြွနိုင်ဟုဆိုကြလေသည်။

မိမိပင့်ဘိတ်သည်ကို ရဟန်းများမကြွသဖြင့် အမတ်ကကဲ့ရဲ့စကားဆိုသည်ကို သံဃာတော်တို့ ကြားလေသော် ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြလေသည်။

ဗုဒ္ဓမြတ်စွာသည် သံဃာများကိုခေါ်ကာ ချစ်သားတို့ ရှောင်တခင်လှူအပ်သော အစ္စေကစီဝရသင်္ကန်းကိုခံယူ၍ သိမ်းခြင်းကို ခွင့်ပြု၏ဟု မိန့်တော်မူလေ၏။ ထိုအခါရဟန်းတို့သည် အစ္စေကစီဝရသင်္ကန်းကို ဗုဒ္ဓခွင့်ပြုသည်ဟုဆိုကာ ခံယူကြ၏။ အခါကိုလွန်အောင် သိမ်း၍ထားကြ၏။ ထိုအကြောင်းကို ရှင်အာနန္ဒာသိ၍ ဗုဒ္ဓ၏ရှင်တော်အား လျှောက်ကြားလေသော် သင်္ကန်းခံယူသော ရဟန်းတို့ကိုခေါ်တော်မူ၍ အခါကိုလွန်၍ သိမ်းခြင်းပြုလျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဟု ပညတ်တော်မူ၏။

**မှတ်ချက်**။ ။သီတင်းကျွတ်လပြည့်ကျော် တရက်မှသည် တန်ဆောင်မုန်းလပြည့်တိုင်အောင် တလသည် ကထိန်ခင်းအပ်သော အခါတည်း။ သီတင်းကျွတ်လပြည့်ကျော် တရက်မှသည် တပေါင်းလပြည့်တိုင်အောင် ငါးလသည် သင်္ကန်းကိုကထိန်ခင်း၍ သိမ်းအပ်သော အခါတည်း။

(၂၉) ဗုဒ္ဓရှင်တော် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် ဝါကျွတ်ပြီးသည့်တိုင် တောဌ်သာ နေကြကုန်၏။

ထိုရဟန်းတို့ထံ၌ သင်္ကန်းများစွာသားကြလေ၏။ ယင်းသည့်အခါ ခိုးသူတို့သည် ရဟန်းများထံမှ သင်္ကန်းများစွာကို ခိုးယူနှိပ်စက်ကြလေ၏။ ဤအကြောင်းကို ဗုဒ္ဓဘုရားရှင်ကြားသိတော်မူသောအခါ ရဟန်းများကို ခေါ်၍ တော၌နေသော ရဟန်းသည် သင်္ကန်းသုံးထည်မှ တသည်ကို မြို့ရွာတွင်ထားနိုင်သည်ဟု ခွင့်ပြုတော်မူလေသည်။

ဗုဒ္ဓက ခွင့်ပြုသောအခါ ရဟန်းတို့သည် သင်္ကန်းကိုရွာ၌ ခြောက်ရက်ထက်ကျော်လွန်၍ ထားကြ၏။ ထိုအကြောင်း ဗုဒ္ဓဘုရားသခင်ကြားသိတော်မူသောအခါ ရဟန်းများကို ခေါ်၍ သင်္ကန်းကို မြို့ရွာတို့၌ မထားရ၊ ခြောက်ညဉ့်ထက်လွန်၍ ထားသော် နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၃၀) ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒကာအပေါင်းတို့သည် သံဃာကို ရည်မှန်း၍ဆွမ်းသင်္ကန်းစသည်တို့ကို လှူဒါန်းရန်စီစဉ်ကြလေ၏။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းများသည် ဒကာတို့အိမ်သို့သွား၍....

သံဃာအားရည်မှန်း၍ လှူမည်ဖြစ်သော ဆွမ်းသင်္ကန်းများကို ငါတို့အား လှူပါဟုဆိုကြလေသည်။ ဒကာတို့ကလည်း သံဃာကိုလှူရန် ရည်မှန်းထားသဖြင့် ပုဂ္ဂလိကအနေနှင့် မလှူလိုဟု ငြင်းပယ်ကြ၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဒကာတို့အား နှိပ်စက်ညှဉ်းပန်းသော စကားဆိုသောကြောင့် ဒကာများမှာ မလှူချင်ပဲနှင့် လှူကြရလေသည်။

ထိုအကြောင်းကို လူတို့ကဲ့ရဲ့သဖြင့် သံဃာတော်တို့ကြား၍ ဗုဒ္ဓဘုရားရှင်အား လျှောက်ထားလေသော် ဗုဒ္ဓသည် ဆဗ္ဗဂ္ဂီ ရဟန်းတို့အား များစွာကဲ့ရဲ့တော်မူပြီးလျှင် သံဃာအား ရည်ရွယ်ပြီးသော လာဘ်ကိုသိလျက်နှင့် မိမိတို့သို့ ညွတ်စေပြီး လှူစေသော ရဟန်းသည် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဟု ပညတ်တော်မူသတည်း။

နိဿဂ္ဂိယပါစိတ်သိက္ခာ ၃၀-ပြီး၏။

## သုဒ္ဓပါစိတ် သာဓက ၉၂-ပါး

(၁) ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် သာကီဝင်မင်းသားဖြစ်သော ရှင်ဟတ္ထကရဟန်းသည် တိတ္ထိတို့နှင့်ပြောဟောကြသောအခါ မဟုတ်မမှန်သော မုသာဝါဒစကားကို ဆိုသဖြင့် တိတ္ထိတို့ ကဲ့ရဲ့ကြလေသည်။

ထိုကဲ့ရဲ့စကားကို သံဃာတော်တို့ကြားလေသော် ဗုဒ္ဓဘုရားအား လျှောက်ထားကြလေ၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ရှင်ဟတ္ထကရဟန်းကို ခေါ်တော်မူ၍ များစွာကဲ့ရဲ့ပြီးလျှင် မဟုတ်မမှန်သော မုသားစကားကို ဆိုသည်ရှိသော် ပါစိတ်အာပတ်သင့်စေဟု ရှင်ဟတ္ထကရဟန်းကို အကြောင်းပြု၍ သမ္ပဇာနမုသာဝါဒ သိက္ခာပုဒ်ကို ပညတ်တော်မူသည်။

(၂) ဗုဒ္ဓဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးမွေ့လျော်စံနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သီလကိုချစ်မြတ်နိုးသော ရဟန်းများနှင့် အငြင်းအခုံဖြစ်ရာမှ ခိုက်ရန်ဖြစ်ပွားကာ ဇာတိအစရှိသော ဆဲရေးခြင်း ဆယ်ပါးတို့တွင် တပါးပါးဖြင့် ဆဲရေးကြကုန်၏။

ထိုအကြောင်းကို သံဃာတော်တို့ကြား၍ ဗုဒ္ဓမြတ်စွာဘုရားအား လျှောက်လေလျှင် ဗုဒ္ဓမြတ်စွာသည် ခိုက်ရန်ဖြစ်ခြင်း ဆဲ

ရေးခြင်းပြုသော ရဟန်းတို့ကို ခေါ်တော်မူ၍ များစွာသော ကဲ့ရဲ့စကားကိုဆို၍။ ထိုနောက် နန္ဒိဝိသာလတွေကို ဟောကြား ပြီးလျှင်....

ချစ်သားတို့နန္ဒိဝိသာလ နွားတိရစ္ဆာန်သည်ပင် ဆဲရေးခြင်း မနှာသာသောစကားကိုဆိုခြင်းကို မနှစ်သက်ကုန်၊ လူတို့မှာကား အဘယ်သို့လျှင် နှစ်သက်နိုင်ပါအံ့နည်းဟု မိန့်ကြားတော်မူကာ နှုတ်လှံထိုးခြင်း၊ ဆဲရေးခြင်းပြုသော ရဟန်းအား ပါစိတ်အာ ပတ်သင့်စေဟု ဆဗ္ဗဂ္ဂီရဟန်းများအား အကြောင်းပြု၍ သြမသ ဝါဒသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

(၃) ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုက်ရန်လည်း ဖြစ်ပွားကြ၏။ ရဟန်းအချင်းချင်း မသင့်မတင့်ဖြစ်အောင်လည်း ချောပစ်ကုံးတိုက်ကြလေသည်။

ထိုအကြောင်းကို သံဃာတော်တို့ကြားသဖြင့် ဗုဒ္ဓမြတ်ဘုရား အား လျှောက်ထားလေလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့အား ခေါ်တော် မူ၍ ကဲ့ရဲ့စကားဆိုပြီးသော် ကုံးတိုက်ချောပစ်ခြင်းပြုသောရဟန်း အား ပါစိတ်အာပတ်သင့်စေဟု ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်း ပြု၍ ပေသုညသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

(၄) ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၌သီတင်းသုံးတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူသာမဏေတို့အား ပုဒ်ပိုင် (သံပိုင်) တရားခမ့် ဟောပြောပို့ချနေကြသဖြင့် ယင်းသို့ ပုဒ်ပိုင်(သံပိုင်) မဟောပြောရ၊ ဟောပြောလျှင် ပါစိတ်အာပတ်သင့်စေဟုပညတ် တော်မူသည်။

(၅) ဗုဒ္ဓဘုရားရှင်သည် အာဠဝီပြည် အဂ္ဂါလဝစေတီ၌ သီတင်းသုံးနေတော်မူစဉ် ဒကာတို့သည် တရားဟောသော ဇရပ်သို့လာ၍ တရားနာကြကုန်၏။

တရားဟောသော မထေရ်များသည် တရားဟောပြီးနောက် ကျောင်းသို့ကြွကြလေသည်။ ရဟန်းငယ်တို့သည် ဇရပ်သို့လာ၍ ဒကာများနှင့်အတူ ရောနှောအိပ်ကြ၏။ ယင်းသို့အိပ်ကြရာတွင် ယောင်ရမ်းခြင်း၊ ဟောက်ခြင်း၊ လူးလိမ့်သွားကြောင့် အဝတ်လည်းစည်းဖြစ်ကာ အမြင်မတော်ဖြစ်ခြင်းတို့ကို ဒကာတို့မြင်သောအခါ ရဟန်းများအား ကဲ့ရဲ့ကြလေသည်။

ထိုအကြောင်းကို သံဃာတော်တို့ကြားသဖြင့် ဗုဒ္ဓရှင်တော်အား လျှောက်ထားကြလေသောအခါ ဗုဒ္ဓမြတ်စွာသည် ရဟန်းများအား လူသာမဏေတို့နှင့် တမိုးတရံဘည်းနှင့် ညဉ့်သုံးညဉ့်ထက်ပို၍ အတူအိပ်သော် ပါစိတ်အာပတ်သင့်စေဟု ရဟန်းငယ်များကို အကြောင်းပြု၍ အနုသမ္ဗန္ဓသေယျ သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

(၆) ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာကီဝင်မင်းသားဖြစ်သော ရှင်မဟာအနုရုဒ္ဓါမထေရ်သည် ကောသလတိုင်းမှသည် သာဝတ္ထိပြည်သို့ ကြွတော်မူလေ၏။ ညချမ်းအခါ၌ ရွာတရွာသို့ရောက်လေသည်။ ထိုရွာ၌ ဒကာမတစ်ယောက်သည် ကောင်းမှုကုသိုလ်ရရှိစေခြင်းအလို့ငှာ ဇရပ်ဆောက်လုပ်ထား၏။

ရှင်အနုရုဒ္ဓါမထေရ်သည် ထိုဇရပ်၌ တည်းခိုနားနေတော်မူလေသည်။ ဒကာမသည် ရှင်မဟာအနုရုဒ္ဓါကို မြင်သောအခါ

တပ်နက်နှစ်သက်သောစိတ် ဖြစ်ပေါ်နေလေသည်။ ထို့ကြောင့် ဤသို့လျှောက်ထားလေသည်။

အရှင်ဘုရား ဤနေရာသည် လူအများနှင့် ရောပြွမ်းနေသည် ဖြစ်၍ အရှင်ဘုရား ကောင်းစွာကျိန်းစက်ရမည်မဟုတ်ပါ၊ အခန်းတွင်းတွင် အရှင်ဘုရားကျိန်းစက်ရန် ညောင်စောင်းအသင့်ရှိပါသည်။ ညောင်စောင်းတွင် ချမ်းသာစွာ ကျိန်းစက်တော်မူပါဘုရား။

ဒကာမ၏စကားကိုကြားသော် မထေရ်လည်း နှစ်သက်တော်မူသဖြင့် ကောင်းပြီဟုဆိုကာ အခန်းတွင်းသို့ ကြွတော်မူလေ၏။ ရှင်မဟာအနုရုဒ္ဓါမထေရ် ညောင်စောင်း၌ လှဲလျောင်းတော်မူနေစဉ် ဒကာမသည် အခန်းတွင်းသို့ဝင်လာပြီး အကျွန်ုပ်သည် အရှင်ဘုရား၏မယား ဖြစ်ပါသည်၊ ရှင်ရဟန်းအလိုရှိလျှင် သုံးသပ်တော်မူပါဟုဆိုကာ မထေရ်၏အနီးတွင်အိပ်သည်။မထေရ်က ဘာမျှမပြောဘဲ ငြိမ်၍နေသောအခါ မိန်းမတို့မာယာဖြင့် ထမီတဖက်တို့ကို လျှော့ပြုပြီးမြူဆွယ်၏။ ထိုနေရာတွင်အိပ်၏။

ရှင်မဟာအနုရုဒ္ဓါ မထေရ်သည် ဒကာမအား လုံးဝမကြည့်ဘဲ ဣန္ဒြေကိုစောင့်ကာ စက္ခုန္ဒြေချ၍ နေတော်မူလေသည်။

ဒကာမသည် နည်းအမျိုးမျိုးနှင့် မြူဆွယ်သော်လည်း ရဟန်းတော်မထေရ်က မိမိအား တပ်တွေးပေါက်သောက်မျှ အမှတ်မထား မိမိအလိုသို့ မလိုက်ဘဲနေလေသောအခါ...

ငါသည် မြတ်သောရဟန်းအား မသော်သော အကျင့်အမူကို ပြုကျင့်မိချေပြီဟု နောင်တကြီးစွာရလျက် ရှင်မဟာအနုရုဒ္ဓါမထေရ်အား ရှိခိုးကန်တော့၍ တောင်းပန်လေသည်။ ထိုအခါ ရှင်မဟာအနုရုဒ္ဓါမထေရ်က ခွင့်လွှတ်တော်မူလေ၏။

ဒကာမသည် မထေရ်အား ကြည်ညိုလေးစား သဒ္ဓါပွားလျက် ဆွမ်းကပ်လှူလေသည်။ မထေရ်သည် ဆွမ်းဘုန်းပေးတော်မူပြီး နောက် သာဝတ္ထိပြည်သို့ ကြွလေသည်။ သာဝတ္ထိပြည်သို့ရောက် သောအခါ လမ်း၌ကြုံတွေ့ခဲ့ရသည့်အဖြစ်ကို အခြားသောရဟန်း များအား ပြောကြားလေသည်။

ထိုအကြောင်းကို သံဃာတော်တို့ကြားလေလျှင် ဗုဒ္ဓမြတ်စွာ အား လျှောက်ကြားကြလေ၏။ မြတ်စွာ ဗုဒ္ဓက ချစ်သားတို့ မာတု ဂါမများနှင့် တမိုးအရံထည်းအိပ်သော ပါစိတ်အာပတ်သင့်စေ ဟု ရှင်မဟာအနုရုဒ္ဓါမထေရ်ကို အကြောင်းပြု၍ မာတုဂါမသဟ သေယျသိက္ခာပုဒ်ကို ပညတ်တော်မူလေသတည်း။

(၇) ရှင်တော် ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေ တော်မူစဉ် ဥဒါယီရဟန်းသည် အိမ်တအိမ်သို့သွား၍ အိမ်ရှင် ဒကာမ၏နားအနီးသို့ကပ်ပြီး တိုးတိုးသာသာ တရားဟော၏။ ထိုအဖြစ်ကို အိမ်ရှင်၏ချွေးမမြင်လေသောအခါ....

ဤရဟန်းသည် ငါ၏ယောက္ခမနှင့် ချစ်ကြိုက်နေသလောဟု တွေးလေ၏။ ဥဒါယီသည် ချွေးမဖြစ်သူနှင့် တွေ့ပြန်သောအခါ နားအနီးသို့ကပ်ပြီး တိုးတိုးသာသာ တရားဟောပြန်၏။ ထို အကြောင်းကို ယောက္ခမမြင်လေသော်အခါ ငါ၏ချွေးမသည် ထိုရဟန်းနှင့် ချစ်ကြိုက်နေသလောဟု သံသယဖြင့်တွေးတော၏။

ဥဒါယီဤသို့ ပြုမူသည်ကို လူတို့မြင်လေသော် ကဲ့ရဲ့ကြကုန် ၏။ ယင်းကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားလေသောအခါ ဗုဒ္ဓဘုရားရှင်အား လျှောက်ထားကြလေ၏။ ဗုဒ္ဓမြတ်စွာဘုရား သည် ဥဒါယီရဟန်းအား ခေါ်တော်မူပြီးလျှင် များစွာရှုတ်ချ

ကဲ့ရဲ၏။ ပြီးနောက် မာတုဂါမများအား ငါးပုဒ်ခြောက်ပုဒ်ထက် လွန်၍ တရားဟောသော် ပါစိတ်အာပတ်သင့်စေဟု ဥဒါယိ ရဟန်းကိုအကြောင်းပြု၍ ပညတ်တော်မူလေသည်။

(၇) ဝေသာလီပြည် မဟာဝုန်တော၌ ဗုဒ္ဓရှင် သီတင်းသုံး နေတော်မူစဉ် များစွာသော ရဟန်းတို့သည် ဝဂ္ဂုမုဒါမြစ်အနီး၌ ဝါဆိုကြကုန်၏။ ထိုအခါ ဝဇ္ဇီတိုင်းတွင် ငတ်မွတ်ခေါင်းပါးခြင်း ဘေးကျရောက်လေသည်။

ရဟန်းတို့သည်လည်း ဆွမ်းခံ၍မရ မများ ဖြစ်ကြလေ၏။ ထိုအခါ ရဟန်းတို့သည် အချင်းချင်း ဈာန်သမာပတ်နှင့် စပ် သော ဥတ္တရိမနုဿဓမ္မကိုပြော၍ အသက်မွေးကြလေ၏။

ထိုရဟန်းတို့သည် ဝါကျွတ်လသို့ ရောက်သောအခါ ဗုဒ္ဓ ဘုရားရှင်အား သွားရောက်ဖူးမြော်ကြလေသည်။ သဗ္ဗညုဗုဒ္ဓသည် ရဟန်းတို့အား ပဋိသန္ထာရပြုပြီးသော် တပါးသော ရဟန်း တို့ကား ကြုံလှီသောအဆင်းရှိသည်၊ ဝဇ္ဇီတိုင်းသားရဟန်းတို့ကား လှချင်စဖွယ် အဆင်းရှိကြ၏။ သင်တို့သည်လည်း မည်သို့သော အသက်မွေးမှုကို ပြုကြလေသနည်းဟု မေးမြန်းတော်မူ၏။

ရဟန်းတို့က ဥတ္တရိမနုဿဓမ္မကိုဟောပြော၍ အသက်မွေး ကြပါသည်ဟု လျှောက်ထားကြလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာ က မိမိတွင် ထိုတရားထင်ရှားရှိသည့်တိုင် ဥတ္တရိမနုဿဓမ္မကို ဟောကြားသော ရဟန်းအား ပါစိတ်အာပတ်သင့်စေဟု ဝဇ္ဇီ တိုင်းသားရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူလေ သတည်း။

(၈) ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန်နှင့်ဆဗ္ဗဂ္ဂီရဟန်း

တို့အချင်းများကြ၏။ ထိုအခါ ရှင်ဥပနန္ဒသည် ရဟန်းတို့အား ဝတ်မချုပ်ဘဲနေပြီး ဒကာတို့ဆွမ်းလှူရာ၌လည်း ဆဗ္ဗဂ္ဂီရဟန်းများနှင့် မရောနှောဘဲ နေရာ၏ အဆုံးမှာသာနေလေသည်။

ဆဗ္ဗဂ္ဂီရဟန်းတို့က ရှင်ဥပနန္ဒသည် သုက်လွှတ်သဖြင့် သံဃာဒိသိသ်အာပတ်သင့်နေသည်၊ သို့ကြောင့် အများနှင့်မရောနှောဘဲ တဦးတည်းနေခြင်းဖြစ်သည်ဟု ဒကာတို့အားပြောကြားကြလေ၏။ ထိုစကားရှင်ဥပနန္ဒကြား၍ ဗုဒ္ဓအား လျှောက်ထားလေသော် ဆဗ္ဗဂ္ဂီရဟန်းတို့ကိုခေါ်ပြီးလျှင် ရှန့်ရှင်းသော သံဃာဒိသိသ်အာပတ်ကို လူတို့အား ပြောကြားလျှင် ပါစိတ်အာပတ်သင့်စေဟု ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

(၁၀) အာဠဝီပြည်၌ ဗုဒ္ဓဘုရားရှင် သီတင်းသုံးနေတော်မူစဉ် အာဠဝီပြည်သား ရဟန်းများသည် ၎င်းတို့အသုံးပြုရန်အတွက် မြေကြီးကို တူးဆွကြ၏။ ယင်းသို့ရဟန်းများ မြေကြီးတူးဆွသည်ကို မြင်သောအခါ ကဲ့ရဲ့စကားဆိုကြလေသည်။

လူတို့ကဲ့ရဲ့သည်ကို သံဃာတော်တို့ကြားသေသော် ဗုဒ္ဓရှင်တော်အား လျှောက်ထားကြလေ၏။ ဗုဒ္ဓမြတ်စွာသည် မြေကြီးတူးဆွသောရဟန်းများအား ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းများ မြေကြီးကိုတူးလျှင် ပါစိတ်အာပတ်သင့်စေဟု အာဠဝီတိုင်းသား ရဟန်းများကို အကြောင်းပြု၍ ပထဝီခနနသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

(၁၁) ဗုဒ္ဓဘုရားရှင်သည် အာဠဝီပြည် အဂ္ဂါလဝစေတီ၌ သီတင်းသုံးနေတော်မူစဉ် အာဠဝီပြည်သား ရဟန်းများသည် နဝကမ္မဟုဆိုသော ကျောင်းဆောက်ခြင်းအမှုကို ပြုကြကုန်၏။

ထိုအခါ ရဟန်းတပါးသည် ကျောင်းဆောက်ရန်အတွက် သစ်ပင်တပင်ကိုခုတ်၏၊ သစ်ပင်စောင့်ရုက္ခစိုး နတ်သမီးသည် ရဟန်းအား အကြိမ်ကြိမ်အခါခါ တားမြစ်၏။ ရဟန်းသည် ရုက္ခစိုးနတ်သမီး တားမြစ်သည်ကို ငြင်းဆန်လျက် သစ်ပင်ကို ခုတ်ရန်ပုဆိန်ကိုရွယ်လိုက်သည်။

ရုက္ခစိုးနတ်သမီးသည် ရဟန်းအား ဟန့်တားသည့်အနေနှင့် ၎င်း၏သားငယ်ကို သစ်ပင်ခွတင်လိုက်၏။ ရဟန်းသည် ရွယ်၍ ချလိုက်သော ပုဆိန်အရှိန်ကို မရပ်နိုင်ပဲ ခုတ်ချလိုက်သောရာ ရုက္ခစိုးကလေးအား ခုတ်မိပြီး သေလေသည်။ ထိုအခါ ရုက္ခစိုး နတ်သမီးသည် လွန်စွာအမျက်ဒေါသထွက်လျက် ရဟန်းအား အသက်သေအောင် ကြံစည်၏။ ပြီးနောက် ထိုသို့မပြုတော့ပဲ ဗုဒ္ဓထံ သွား၍ အဖြစ်အပျက်ကို လျှောက်ထားလေ၏။

ဗုဒ္ဓမြတ်စွာသည် နတ်သမီး၏သည်းခံခြင်းကိုသာဓုခေါ်တော် မူ၍ ကျောင်းတော်အနီး ဘာခုသော သစ်ပင်တွင် ရုက္ခစိုး နတ်သမီးအား နေရန်ပေး၏။ ယင်းနောက် ရဟန်းများအား ချစ်သားတို့ သစ်ပင်ကိုမခုတ်ရ၊ သစ်ပင်ကိုခုတ်သော် ပါစိတ် အာပတ်သင့်၏ဟု အာဠဝီပြည်သား ရဟန်းများကိုအကြောင်း ပြု၍ ဘူတဂါမပါစိတ်သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

(၁၂) ဗုဒ္ဓဘုရားရှင်သည် ကောသမ္ဗီပြည်၌ သီတင်းသုံး နေတော်မူစဉ် ရှင်ဆန္နမထေရ်သည် မသင့်လျော်သောအမှုကို ပြုကျင့်သဖြင့် သံဃာတော်တို့ မေးစစ်ကြသောအခါ မေးစစ် သည့်အကြောင်းကို ကောင်းစွာမဖြေကြားပဲ သံဃာတော်တို့အား မဖွယ်မရာသော အဖျင်းစကားကိုသာ ပြန်ကြားပြောဆို၏။

ထိုအခါ သံဃာတော်တို့သည် ထိုမထေရ်ပြုသည့်အပြစ်ကို ထပ်မံ မေးမြန်းကြ၏။

ဆန္နမထေရ်သည် မေးစစ်သည်ကို မပြောကြားဘဲ ဆိတ်ဆိတ် နေလေ၏။ မိမိတို့မေးစစ်သည်ကို မဖြေဘဲ ဆိတ်ဆိတ်သာနေသ ဖြင့် သံဃာတော်များ စိတ်ဆင်းရဲကြကာ ဗုဒ္ဓရှင်တော်မြတ်ဘု ရားအား မလျှောက်ထားကြလေသည်။

ဘုရားရှင်သည် ဆန္နမထေရ်အား များစွာ ကဲ့ရဲ့တော်မူပြီး လျှင် ရှုံ့ရင်းကြမ်းတမ်းစွာ အဖျင်းစကားဆိုခြင်း၊ အကြောင်းရှိ ၍မေးစစ်သည်ကို မဖြေဘဲ ဆိတ်ဆိတ်နေခြင်းပြုသော ရဟန်း အား ပါစိတ်အာပတ်သင့်စေဟု ရှင်ဆန္နမထေရ်ကို အကြောင်းပြု ၍ အညဝါဒကဝိဟေသက သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

(၁၃) ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် ဘုရားမြတ် စွာ သီတင်းသုံးနေတော်မူစဉ် မေတ္တိယဘုမ္မဇကဲ့သို့သော ရှင်ဒဗ္ဗ သည် နေရာခင်းခြင်း၊ ဆွမ်းညွှန်ခြင်းအမှုတို့ကိုပြု၏။

ထိုအခါ မေတ္တိယဘုမ္မဇကရဟန်းတို့သည် ရှေးကုသိုလ်ကံနည်း ပါးသောကြောင့် မကောင်းသော အိပ်ရာခင်းခြင်းနှင့် ဆွမ်း အကျန်များကိုသာ ရရှိကြလေသည်။ ယင်းသို့ မိမိတို့အဘွက် ညံ့ဖျင်းသော အိပ်ရာနှင့် ဆွမ်းကျန်များသာ ရရှိလေသောအခါ ထိုရဟန်းများက ရှင်ဒဗ္ဗအား ကဲ့ရဲ့စကား ပြောဆိုကြလေသည်။ ဗုဒ္ဓဘုရားသခင် ကြားသိတော်မူလေသော် ထိုကဲ့ရဲ့စကား ပြောဆိုသောရဟန်းအား ပါစိတ်အာပတ်သင့်စေဟု မေတ္တိယဘုမ္မ ဇကရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူလေသည်။

(၁၄) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေ တော်မူစဉ် ရဟန်းတို့သည် သံဃိကဖြစ်သောညောင်စောင်းအင်း

ပျဉ်ကို လွှင်တီးခေါင်တွင်ခင်းကျင်း၍ သိမ်းဆည်းသိုမှီးခြင်းမရှိဘဲ သွားလာကြ၏။

ထိုအခါ ညောင်စောင်း အင်းပျဉ်ကို မိုးရေများစွတ်စိုလေသည်။ ဤအခြင်းအရာကို သံဃာတို့မြင်၍ မြတ်စွာဘုရားအား လျှောက်ထားကြလေရာ၊ ဗုဒ္ဓမြတ်စွာက သံဃိကဖြစ်သော ညောင်စောင်းအင်းပျဉ်တို့ကို မိမိတို့ အရပ်တပါးသို့သွားသည့်အခါ မိမိကိုယ်တိုင်လည်းမသိမ်းဆည်း၊ သူတပါးကိုလည်း သိမ်းဆည်းရန် စေခိုင်းခြင်းမပြုဘဲ လွှင်တီးခေါင်၌ ပစ်ထားခဲ့သော် **ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။**

(၁၅) ဘုရားသခင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် သတ္တရသဝဂ္ဂိရဟန်းတို့သည် သံဃိကကျောင်းတွင် အိပ်ရာနေရာတို့ကိုခင်းကျင်းပြီး သိမ်းဆည်းခြင်းလည်းမပြု မည်သူတဦးတယောက်ကိုမျှလည်း သိမ်းဆည်းရန် ခိုင်းစေပန်ကြားခြင်းမပြုဘဲ အရပ်တပါးသို့ ထွက်ခွာသွားကြလေ၏။

ထိုအကြောင်းကို ရှင်တော်ဘုရား သိတော်မူလေလျှင် သံဃိကကျောင်း၌ အိပ်ရာနေရာကို မသိမ်းဆည်းဘဲ သိမ်းဆည်းရန် မပန်ကြားဘဲ အရပ်တပါးသို့ ထွက်ခွာသွားသော ရဟန်းအား ပါစိတ်အာပတ်သင့်စေဟု သတ္တရသဝဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူလေသည်။

(၁၆) ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိရဟန်းတို့သည် မိမိတို့ထက် သိက္ခာဝါကြီးသော ရဟန်းတို့အား တိုးဝှေ့၍ အိပ်ရာနေရာကို ခင်းကျင်းကြကုန်၏။ ထိုအခါ မထေရ်ကြီးများမှာ ကျဉ်းကြပ်၍ မနေသာသောကြောင့် ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

ယင်းအကြောင်းကို ဗုဒ္ဓမြတ်စွာသိတော်မူသော် ဆဗ္ဗဂ္ဂိရဟန်းတို့အား များစွာကဲ့ရဲ့တော်မူပြီးလျှင် ရှေးဦးစွာ ရောက်နှင့်နေသော သီတင်းကြီးရဟန်းများအား အဘင်းတိုး ဝှံ၍ အိပ်ရာနေရာခင်းသောရဟန်းအား ပါစိတ်အာပတ်သင့်စေဟု ဆဗ္ဗဂ္ဂိရဟန်းများကိုအကြောင်းပြု၍ ပညတ်တော်မူ၏။

(၁၇) မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးမွေ့လျော်တော်မူနေစဉ် သတ္တရသဝဂ္ဂိရဟန်းတို့သည် သံဃိက ကျောင်း၌ ဝါဆိုရန်ပြုပြင်ကြကုန်၏။ ထိုအခါ ဆဗ္ဗဂ္ဂိရဟန်းများက....

ငါတို့သာလျှင် ဤကျောင်း၌ ဝါဆိုမည်၊ သင်တို့မနေရဟု သတ္တရသဝဂ္ဂိရဟန်းတို့အား နှင်ထုတ်ကြ၏။ သတ္တရသဝဂ္ဂိရဟန်းများကလည်း ကြွသွားခြင်းမပြုဘဲ နေမြဲနေကြသည်။ ထိုအခါ ဆဗ္ဗဂ္ဂိရဟန်းများက အတင်းအဓမ္မနှင်ကြလေ၏။

ထိုအကြောင်းကို ဗုဒ္ဓဘုရားရှင် သိတော်မူလသောအခါ သံဃိကဖြစ်သော ကျောင်းတွင် နေထိုင်ကြသော ရဟန်းများသည် တဦး အပေါ်တဦး အမျက်ထွက်သထား၍ ကျောင်းမှနှင်ထုတ်ခြင်းပြုလျှင် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူသည်။

(၁၈) ဗုဒ္ဓဘုရားသခင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းနှစ်ဦးသည် တဦးသောရဟန်းက အောက်၌အိပ်၍ တဦးသောရဟန်းက အပေါ်၌ခြေတပ်သော ညောင်စောင်းအင်းပျဉ်သို့ အဆောတလျှင် အိပ်ချလိုက်၏။

ထိုအခါ ညောင်စောင်းအင်းပျဉ်တွင်တပ်ထားသည့် အပေါင်ခြေကျွတ်လျက် အောက်၌အိပ်နေသော ရဟန်းအပေါ်သို့ ကျ

လေသည်။ ယင်းအကြောင်းကို ဘုရားရှင် သိတော်မူလေသော် ညောင်စောင်းအင်းပျဉ်ပေါ်သို့ အဆောတလျင်အိပ်သောရဟန်းအား ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၁၉) ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ဗုဒ္ဓဘုရားရှင် သီတင်းသုံးနေတော်မူစဉ် ရှင်ဆန္နမထေရ်အား အမတ်တယောက်က ကျောင်းဆောက်၍လှူ၏။

ရှင်ဆန္နမထေရ်သည် ထိုကျောင်းကို အထပ်ထပ်မိုးသဖြင့် ကျောင်းပြိုကျလေသည်။

ထိုအခါ ဆန္နမထေရ်ထံ၌ မြက် ထင်း အမှိုက်စသည်တို့ကို အစဉ်အမြဲ ရှင်းလင်းပေးနေသော ပုဏ္ဏား၏ စပါးလယ်ခင်းသည် ပျက်သဖြင့် လယ်ရှင်ပုဏ္ဏား အမျက်ဒေါသထွက်ကာ ဆန္နမထေရ်အား ကဲ့ရဲ့၏။

ယင်းအကြောင်းကို ဗုဒ္ဓမြတ်စွာ သိတော်မူသောအခါ စိမ်းသောကောက်ပင်ရှိသော နေရာ၌ ကျောင်းကို အထပ်ထပ်မိုးသော် ပါစိတ်အာပတ်သင့်စေဟု ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူလေသည်။

(၂၀) ဗုဒ္ဓဘုရားရှင်သည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူစဉ် အာဠဝီပြည်သား ရဟန်းများသည် ပိုးကောင် အများအပြားရှိသောရေဖြင့် မြက်ပင်များကိုငင်း၊ မြေမှုန့်ကိုငင်း၊ မိမိတို့လည်းသွန်းလောင်း၍ သူတပါးကိုလည်း သွန်းလောင်းစေခိုင်းကြလေသည်။

ထိုအကြောင်း မြတ်စွာဘုရားသခင် သိတော်မူသောအခါ ရေတွင်ပိုးရှိမှန်းသိလျက်နှင့် ကိုယ်တိုင် မြက်ငင်းမြေမှုန့်တို့ကို သွန်း

လောင်းသည်ဖြစ်စေ၊ သူတပါးအား သွန်းလောင်းရန် စေခိုင်းသည်ဖြစ်စေ၊ ပါစိတ်အာပတ်သင့်စေဟု အဋ္ဌဝီပြည်သားရဟန်းများကို အကြောင်းပြု၍ သပါဏကသိက္ခာပုဒ်ကို ပညတ်တော်မူခဲ့လေသည်။

(၂၁) ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးတော်မူနေစဉ် မထေရ်ကြီးရဟန်းတို့က ဘိက္ခုနီမများအား သင်ကြားပြသ ဆိုဆုံးမကြရကုန်၏။

ထိုသို့ ဆိုဆုံးမရသော ရဟန်းများအား ဘိက္ခုနီမများက အာစရိယဆရာအဖြစ် ကြည်ညိုလေးစားသဖြင့် လှူဒါန်းခြင်းပြုလေရာ မထေရ်ကြီးများတွင်လည်း လာဘ်လာဘ ပေါများကြလေသည်။

ယင်းကဲ့သို့ လာဘ်လာဘပေါများသည်ကို ဆဗ္ဗဂ္ဂီရဟန်းများမြင်သဖြင့် လာဘ်ဦးလာဘ်ဘာပ်ခက်ကြကာ ငါတို့လည်း ဘိက္ခုနီမတို့ကို ဆိုဆုံးမ၍ သင်ကြားပြသမည်ဆိုကာ သမ္မုတိမရဘဲနှင့် ဘိက္ခုနီမများအား ဆိုဆုံးမကြလေသည်။

ထိုအကြောင်းကို ဘုရားသခင် သိရှိတော်မူလေသော် ဆဗ္ဗဂ္ဂီရဟန်းများအား ခေါ်၍ ဉတ်ကမ္မဝါစာဖြင့် မသမုတ်သောရဟန်းသည် ဘိက္ခုနီမတို့အား မသင်ကြားမဆုံးမအပ်၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သာလျှင် သင်ကြားဆုံးမအပ်သည်ဟု ပညတ်တော်မူသည်။

(၂၂) ထိုနောက် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတော်မူသော မထေရ်တို့သည် ဘိက္ခုနီမများအား သင်ကြားပြသ ဆိုဆုံးမကြလေ၏။ တနေ့တွင် ရှင်စူဠပန္ထကရဟန်းသည် ဘိက္ခုနီမတို့အား

နေဝင်၍ မိုးချုပ်သည့်တိုင်အောင် တရားဒေသနာ သင်ကြားပြသဆိုဆုံးမပြီးမှ လွှတ်လိုက်လေ၏။

ဘိက္ခုနီမတို့သည် မိမိတို့ကျောင်းသို့ ပြန်ရာတွင် ရောက်အောင်မပြန်နိုင်ကြတော့ဘဲ သင့်တော်သောနေရာတွင် အိပ်စက်ကြကာ နံနက်လင်းမှ မိမိတို့ကျောင်းသို့ သွားကြရလေသည်။ ထိုအဖြစ်ကို လူတို့မြင်၍ ကဲ့ရဲ့သည်ကို ဗုဒ္ဓရှင်တော် ကြားသိတော်မူလေလျှင် ဘိက္ခုနီမတို့အား နေဝင်အောင် ပြောဟောဆုံးမသော် ပါစိတ်အာပတ် သင့်စေဟု ရှင်စူဠပန္ထကမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူသတည်း။

(၂၃) ထို့နောက် မဟာပဇာပတိဂေါတမီ ဘိက္ခုနီမသည် နာမကျန်းဖြစ်နေသဖြင့် မထေရ်ကြီးများ သွားရောက်ကြည့်ရှုမေးမြန်းသောအခါ ဂေါတမီဘိက္ခုနီမက အရှင်ဘုရားတို့ တပည့်တော်ကို တရားဟောပါဟု လျှောက်ထား၏။ မထေရ်ကြီးများက မဟောဘဲကြွသွားကြလေသည်။ ဂေါတမီ နာမကျန်းဖြစ်နေသည်ကို ဘုရားကိုယ်တော်တိုင် သွားရောက်ကြည့်ရှု မေးမြန်းသောအခါ ဘိက္ခုနီမက မထေရ်ကြီးများအား တရားဟောရန်တောင်းပန်ရာတွင် မဟောကြားဘဲ ကြွသွားကြောင်း တိုင်ကြားလျှောက်ထား၏။

ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့ကိုခေါ်တော်မူ၍ ချစ်သားတို့ နာမကျန်းဖြစ်နေသော ဘိက္ခုနီမကျောင်းသို့ ရောက်သည့်အခါ နာမကျန်းဖြစ်နေသော ဘိက္ခုနီမက တရားတောင်းသည်ကို မဟောဘဲ ရှောင်ဖယ်သွားသည့်ရဟန်းအား ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၂၄) ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းများက မထေရ်ကြီးများသည် ဆွမ်းသင်္ကန်းစသည့်လာဘ်ကိုရလို၍ ဘိက္ခုနီမများအား ဆိုဆုံးမနေခြင်းဖြစ်သည်ဟု ကဲ့ရဲ့စကားတင်းဆိုကြလေရာ....

ထိုအကြောင်း ဘုရားရှင်ကြားသိတော်မူသဖြင့် ဆဗ္ဗဂ္ဂီရဟန်းများအား များစွာသော အပြစ်တင်စကားကို မြွက်ကြားတော်မူပြီးနောက် ဤကဲ့သို့ ကဲ့ရဲ့စကားတင်းဆိုသော ရဟန်းများအား ပါစိတ်အာပတ်သင့်စေဟု ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူလေသည်။

(၂၅) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတပါးသည် ဘိက္ခုနီမတယောက်နှင့် မိတ်ဆွေဖြစ်ကြကာ ထိုဘိက္ခုနီမအား မိမိ၏သင်္ကန်းကိုပေး၏။ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာ သိတော်မူသောအခါ ရဟန်းကိုခေါ်၍-

ဘိက္ခုနီမနှင့် ဆွေမျိုးတော်စပ်သလောဟု မေးတော်မူ၏။ ရဟန်းက ဆွေမျိုးမတော်စပ်ပါဟု ပြန်လည်လျှောက်ထားလေသော် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမအား သင်္ကန်းကိုပေးလျှင် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

ထိုသို့ ပညတ်တော်မူပြီးနောက်တွင် ဘိက္ခုနီမတို့သည် သင်္ကန်းချင်းဖလှယ်သောအလုပ်ကို မလုပ်ကြတော့ချေ။ သို့ကြောင့် အချို့သောဘိက္ခုနီမတို့မှာ သင်္ကန်းများ ဟောင်းနွမ်းချို့တဲ့ကုန်ကြ၏။ ယင်းအကြောင်းကို ဗုဒ္ဓဘုရားသခင်အား လျှောက်ထားလေသော် ရဟန်းများကို ခေါ်တော်မူ၍ သီတင်းသုံးဖော်ငါးဦးအချင်းချင်း သင်္ကန်းဖလှယ်နိုင်သည်ဟု ခွင့်ပြုတော်မူလေသည်။

(၂၆) မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဘိက္ခုနီမတယောက်သည် ရှင်ဥဒါယီရဟန်းအား သင်္ကန်းချုပ်ပေးရန် တောင်းပန်၍ ချုပ်စေသည်။

ရှင်ဥဒါယီသည် သင်္ကန်းချုပ်သောအခါ သင်္ကန်း၏အလယ်နေရာတွင် မေထုန်မှီဝဲနေသောအရုပ်ကို အထင်အရှားချုပ်၍ထားပြီးနောက် သေသပ်စွာ ခေါက်၍ထား၏။ ဘိက္ခုနီမတောင်းလာသောအခါ သင်္ကန်းကိုအခေါက်မပျက် ပေးလိုက်လေသည်။

ဘိက္ခုနီမသည် ဥဒါယီရဟန်းပေးလိုက်သော သင်္ကန်းကိုဝတ်ရုံပြီးနောက် ဘုရားဖူးဆုံးမသည်ကို နာယူရန်သွားလေသည်။ မေထုန်အရုပ်ကို ဘိက္ခုနီမများ၊ ရဟန်းများ၊ လူများမြင်ပြီး ကဲ့ရဲ့ကြလေ၏။ ဗုဒ္ဓမြတ်စွာသိ၍ မေးစစ်သောအခါ ဥဒါယီရဟန်း ချုပ်လုပ်ပေးကြောင်းပေါ်သဖြင့် ဥဒါယီအား ဗုဒ္ဓများစွာ ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင်....

မိမိနှင့် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၏သင်္ကန်းကိုမချုပ်ရ၊ ချုပ်သော် ပါစိတ်အာပတ်သင့်စေဟု ဥဒါယီရဟန်းအား အကြောင်းပြု၍ ပညတ်တော်မူလေသည်။

(၂၇) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်တွင် မွေ့လျော်စံနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိက္ခုနီမများနှင့် တိုင်ပင်ညှိနှိုင်းတစ်စွာသွားလာခြင်းအမှုကို ပြုလုပ်ကြလေ၏။ ထိုသို့သွားလာနေသည်ကို လူများကြား၍ကဲ့ရဲ့သည်ကို သံဃာတော်တို့ကြား၍ ဗုဒ္ဓဘုရားရှင်တော်အား လျှောက်ထားသောသော် ရဟန်းများ ဘိက္ခုနီမတို့နှင့်အတူ သွားလာခြင်းပြုပါက ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

ထိုနောက် သာကေတပြည်မှ သာဝတ္ထိပြည်သို့သွားကြရာတွင် ရဟန်းယောကျ်ားတို့သည် ဘိက္ခုနီမများနှင့်အတူမသွားပဲရှေ့မှ သွားနှင့်ကြ၏။ ထိုအခါ နောက်မှလိုက်လာသော ဘိက္ခုနီမများ ကို ခိုးသားတို့လုယူခြင်း ခံရသည်ကို ဘုရားရှင် သိတော်မူ လေရာ....

ကုန်ရိက္ခာများသယ်ရန်သွားလာသောအခါ ဘေးရန်ရှိသော ခရီး၌ ရဟန်းတို့သည် ဘိက္ခုနီမများနှင့်တိုင်ပင်၍ အတူတကွ သွားလာနိုင်သည်ဟု ခွင့်ပြုတော်မူလေသည်။

(၂၈) ဗုဒ္ဓရှင်တော်သည် သာဝတ္ထိပြည်တွင် စံနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိက္ခုနီမများနှင့်အတူ လှေဘစီးတည်း စီးသည်ကို လူဘို့မြင်လေသော် ကဲ့ရဲ့ကြကုန်၏။

ထိုကဲ့ရဲ့စကားကို သံဃာတော်တို့ကြား၍ ဗုဒ္ဓအား လျှောက် ထားလေသော် ဘုရားရှင်က ရဟန်းများသည် ဘိက္ခုနီမများနှင့် လှေတစီးထဲစီးပါက ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏၊ ဘိက္ခုနီမများ သာကေတပြည်မှ သာဝတ္ထိပြည်သို့သွားရာလမ်း တခုတွင် လှေဖြင့်ကူးမည့်အခြေအနေကိုတွေ့ကြသဖြင့် ဘိက္ခုနီမ များက ရဟန်းများနှင့်အတူ လှေဘစီးထဲစီး၍လိုက်ပါချစေဟု တောင်းပန်ကြလေသည်။

ရဟန်းယောကျ်ားတို့သည် ဘုရားပညတ်၍ အတူမစီးအပ် ဆိုကာ ဘိက္ခုနီမများကိုထားရစ်ခဲ့၏။ ဘိက္ခုနီမများနောက်မှ ကူးကြရလေရာ ခိုးသားများလုယူနှိပ်စက်ခြင်း ခံကြရလေ၏။ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာသိတော်မူလေလျှင် ဘေးအန္တရာယ် ရှိသောအခါမျိုးတွင် ရဟန်းနှင့်ဘိက္ခုနီမများ လှေတစီးထဲအတူ စီးနိုင်သည်ဟု ခွင့်ပြုတော်မူ၏။

(၂၉) ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ထုလ္လနန္ဒာအမည်ရှိသော ဘိက္ခုနီမ စီရင်သောဆွမ်းကို ရှင်ဒေဝဒတ်ဘုဉ်းပေးသည်ကို အကြောင်းပြု၍ ဘိက္ခုနီမတို့ စီရင်သောဆွမ်းကို ရဟန်းများ မဘုဉ်းပေးအပ်။ ဘုဉ်းပေးသော် ပါစိတ်အာပတ်သင့်စေဟု ဘုရားရှင်ပညတ်တော်မူလေသည်။

ထိုနောက် ရဟန်းတပါးသည် ရာဇဂြိုဟ်ပြည်ရှိဆွေမျိုးများ အိမ်သို့ကြွသွားစဉ် ဆွေမျိုးများက ဆွမ်းကျွေးရန် စီစဉ်ကြလေ၏။

ယင်းအခိုက် ရဟန်း၏ ဆွေမျိုးတို့ဆရာဖြစ်သော ဘိက္ခုနီမ ရောက်လာပြီး ရဟန်းအား ကောင်းစွာလုပ်ကျွေးပါဟုတိုက်တွန်းလေသည်။

ဆွေမျိုးများက ရဟန်းအားဆွမ်းကပ်ကြသောအခါ ရဟန်းသည် ဘိက္ခုနီမစီရင်သောဆွမ်းဖြစ်သည် ငါမစားအပ်ဟု ငြင်းပယ်၍ ဆွမ်းမဘုဉ်းပေးပဲနေလေရာ ဆွမ်းခံချိန်လွန်သွားပြီး တနေ့လုံး ဆွမ်းမစားဘဲနေရလေ၏။ ထိုအကြောင်း ဘုရားရှင် သိတော်မူလေရာ လူတို့ကရှေးဦးစွာစီစဉ်ပြီး ဘိက္ခုနီမများ ဝင်ရောက်စီရင်သည်ရှိသော် စားအပ်၏ဟု ခွင့်ပြုတော်မူသည်။

(၃၀) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးစံနေတော်မူစဉ် ဥဒါယီရဟန်း၏ ရှေးက ဇနီးဟောင်းဖြစ်ခဲ့ဘူးသော ဘိက္ခုနီမသည် ရှေးကလင်ဖြစ်ခဲ့ဘူးသော ဥဒါယီရဟန်းထံသို့ မပြတ်သွား၍အဖော်မပါပဲဆိတ်ငြိမ်ရာအရပ်တွင် နှစ်ယောက်အတူနေကြကုန်၏။

ထိုအကြောင်းကို ဘုရားသခင်သိတော်မူသောအခါဘိုက္ခုနီမနှင့် ဆိတ်ကွယ်ရာတွင် တယောက်ချင်း အဖေါ်မပါပဲနေသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၃၁) ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဒကာမျာသည် ဧည့်သည်ခရီးသွားရဟန်းပုဏ္ဏားတို့အတွက်ရည်ရွယ်၍ အာဝသထဘောဇဉ်ကို တည်ထား ကျွေးမွေးကြကုန်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းများသည် သာဝတ္ထိပြည်သို့သွား၍ ဆွမ်းခံရာတွင် ဆွမ်းမရသဖြင့် ဧည့်သည်တို့အတွက် ရည်ရွယ်ထားသော အာဝသထဘောဇဉ်တင်းကုတ်သို့ဝင်ပြီး စားသောက်ကြလေ၏။ ဆဗ္ဗဂ္ဂီတို့သည် ထိုဘင်းကုတ်သို့ နှစ်ရက်သုံးရက်သွား၍ နေလျက်စားသောက်သည်။ ဧည့်သည်တို့သည်ရဟန်းများနေ့တိုင်းစားသောက်နေကြောင်းသိသဖြင့် အရပ်တပါးသို့ထွက်ခွာကြလေ၏။ ဧည့်သည်များထွက်ခွာသွားခြင်းနှင့်ပတ်သက်၍ လူတို့ မကျေမနပ်ဖြစ်ခါဆဗ္ဗဂ္ဂီရဟန်းများအားကဲ့ရဲ့ကြလေသည်။ ယင်းကဲ့ရဲ့စကားကို သံဃာတော်တို့ကြား၍ ဗုဒ္ဓအားလျှောက်ထားကြလေသော် ဆဗ္ဗဂ္ဂီတို့အား ဘုရားရှင်များစွာ ကဲ့ရဲ့တော်မူပြီးလျှင်....

ဧည့်သည်တို့အတွက်ရည်ရွယ်၍ထားသောအာဝသထဘောဇဉ်ကို တကြိမ်ထက်လွန်၍စားသော်ပါစိတ်အာပတ်သင့်စေဟုပညတ်တော်မူလေ၏။

ထိုနောက် ရှင်သာရိပုတ္တရာမထေရ်သည် ကောသလဇနပုဒ်မှ သာဝတ္ထိပြည်သို့ ကြွတော်မူသောအခါ အာဝသထ ဘောဇဉ်တင်းကုတ်သို့ကြွရောက်၍ ဘုဉ်းပေးလေသည်။ ထိုစဉ် လေနာထ၍

အရပ်တပါးသို့မသွားနိုင်ဘဲရှိ၏။ ဒကာတို့က ရှင်သာရိပုတ္တရာမထေရ်အား နောက်နေ့၌ ဆွမ်းကပ်လှူကြသောအခါ ဗုဒ္ဓမြတ်စွာဘုရားသည် ပညတ်တော်မူသဖြင့် တကြိမ်ထက်ပို၍ လက်မခံပဲငြင်းပယ်လေသည်။

ရှင်သာရိပုတ္တရာသည် ဆွမ်းမဘုဉ်းပေးပဲ သာဝတ္ထိပြည်သို့ကြွ၏။ ထိုအကြောင်း ဘုရားသိသဖြင့် သံဃာတော်တို့ကို စည်းဝေးစေပြီးလျှင် နာမကျန်းဖြစ်သော ရဟန်းအား အာဝသထဘောဇဉ်ကိုစားစေဟူ၍ ခွင့်ပြုတော်မူပြန်သတည်း။

(၃၂) ရှင်တော်ဘုရားသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူရာ၌ ရှင်ဒေဝဒတ်သည် လာဘ်သပ္ပကာပြတ်သဖြင့် မိမိ ပရိသတ်နှင့်တကွ ဒကာတို့ထံတောင်း၍ ဘောင်း၍ဆွမ်းစား၏။ ထိုအခါလူတို့များစွာကဲ့ရဲ့ခြင်းပြုကြ၏။ ယင်းသို့လူအများကဲ့ရဲ့သည်ကို သံဃာတော်တို့ကြားသဖြင့် ဘုရားအား လျှောက်ထားလေသော် ဂဏဘောဇဉ်ကိုတောင်း၍စားလျှင် ပါစိတ်အာပတ်သင့်စေဟု ရှင်ဒေဝဒတ်ကိုအကြောင်းပြု၍ဂဏဘောဇနသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ထိုနောက်အကြောင်းထူးရှိ၍ခွင့်ပြုတော်မူသည်မှာ နာမကျန်းဖြစ်သောအခါ၊ သင်္ကန်းကိုလှူသောအခါ၊ သင်္ကန်းကိုချုပ်သောအခါ၊ လှေစီးသောအခါ၊ ရဟန်းတို့အား ဆွမ်းလှူသောအခါ၊ များစွာသောရဟန်းအပေါင်းစည်းဝေးသောအခါ ထိုအခါမျိုးတွင် ဂဏဘောဇဉ်ကိုစားစေဟု ခွင့်ပြုတော်မူပြန်သည်။

မှတ်ချက်။ ။လေးပါးထက်အလွန် ဘိတ်သောဘောဇဉ်ကိုဂဏဘောဇဉ်ဟုခေါ်ဆိုသည်။

(၃၃) ရှင်တော်ဘုရားသည် ဝေသာလီပြည် ကူဋာဂါရတွင် သီတင်းသုံးနေတော်မူစဉ် ဝေသာလီပြည်သား သူဆင်းရဲ တယောက်သည် ဗုဒ္ဓအမှူးပြုသော သံဃာတော်များအား ဆွမ်းဖိတ်လေ၏။

မြတ်စွာဘုရားသည် သူဆင်းရဲဆွမ်းဘိတ်သည်ကို ယက်ခံတော်မူလေသည်။ သံဃာတော်တို့သည် ထိုအကြောင်းကို ကြားသိလျက်နှင့် နံနက်စောစီးစွာ ဆွမ်းခံ၍ဘုဉ်းပေးကြလေသည်။

သူဆင်းရဲအိမ်သို့ ရောက်ကြလေသောအခါ ဒကာငါတို့အား အနည်းငယ်သာ လှူပါလေဟုဆိုကြသည်။ ထိုအခါ ဒကာက အရှင်တို့ အဘယ်ကြောင့် အနည်းငယ်သာ လှူပါဟုဆိုသနည်းဟု လျှောက်ထားလေ၏။ ရဟန်းများက ငါတို့သည် နံနက်စောစောကပင် ဆွမ်းခံ၍ ဘုဉ်းပေးပြီးပြီဟု ဆိုလေသည်။

ဒကာလည်း ရဟန်းများအပေါ် စေတနာသဒ္ဓါ ပျက်၍ တပည့်တော် လှူပါမည်ပြောထားပါလျက် အရှင်ဘုရားတို့သည် ဆွမ်းခံ၍ ဘုဉ်းပေးရသလောဟုဆိုကာ ကဲ့ရဲ့လေသည်။ ထိုအကြောင်း ဗုဒ္ဓဘုရားသခင် ကြားသိတော်မူသော် ဦးစွာဘိတ်သော အိမ်၌ရှိသည်ကိုသိလျက် တခြားသော ဆွမ်းကိုစားလျှင် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

ထိုနောက် အထက်တွင်ဆိုခဲ့ပြီးသော ဂိလာနသမယ အစရှိသော ခုနစ်ပါးသော အကြောင်းထူးရှိလျှင် စားစေဟု ခွင့်ပြုတော်မူပြန်သည်။

မှတ်ချက်။ ။ရှေ့ဦးစွာ ဘိတ်ပြီးသောဆွမ်းရှိလျက် တပါး သောသူတို့ ဘိတ်သော ဆွမ်းကိုစားခြင်းသည် ပရံပရဘောဇဥ်မည်၏။

(၃၄) ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ကာဏအမည်ရှိသော သူငယ်မ၏မိခင်သည် တစုံတယောက်သော လူငယ်နှင့် မိမိသမီးကာဏကို ထိမ်းမြား လက်ထပ်ပေးလေ၏။

လင်ယောကျ်ားဖြစ်သူသည် ကာဏကိုခေါ်၍ သူ၏မိဘရွာသို့ သွားအံ့သောငှာ လက်ဆောင်အဖြစ် မုံ့လုပ်၏။ ထိုအခါရဟန်း တပါးရပ်သည်နှင့် မုံ့ကိုလှူလေသည်။

ထိုရဟန်းက အခြားသောရဟန်းအားပြောသဖြင့် နောက် ရဟန်းလည်း ရပ်လာပြီး အလှူခံပြန်သည်။ ကာဏ၏ လင် ယောကျ်ားသည် ထိုရဟန်းကိုလည်း မုံ့လှူပြန်၏။ ထိုရဟန်းက အခြားရဟန်းကိုဘဆင့်ပြော၏။ ထိုသို့အဆင့်ဆင့် ပြောကြား သောကြောင့် ရဟန်းများလာရောက်အလှူခံသဖြင့် လက်ဆောင် အတွက်လုပ်သောမုံ့ ကုန်လေသည်။

ကာဏ၏လင်ယောကျ်ားသည် ကာဏကို မလိုက်နှင့်တော့ ဆိုကာ အခြားမိန်းမတယောက်ကိုခေါ်၍ သွားလေရာ ကာဏ ပူဆွေးငိုကြွေးလျက် ကျန်ခဲ့လေ၏။

ထိုနောက် လှည်းကုန်သည်တယောက်သည် ရာဇဂြိုဟ်ပြည်မှ တပါးသောအရပ်သို့ သွားအံ့သောငှါခရီးလမ်းတွင် ရိက္ခာအတွက် မုံ့လုပ်လေ၏။ ထိုစဉ် ပိဏ္ဍပါတ်ဆောက်တည်သော ရဟန်း တပါး ဆွမ်းရပ်လာသည်နှင့် မုံ့ကိုလောင်းလှူလိုက်၏။ ထို

ရဟန်းက အခြားရဟန်းတပါးကို သတင်းစကားပြောကြား၏။ ဤသို့အဆင့်ဆင့် ပြောကြားသောကြောင့် ရဟန်းများလာရောက် အလှူခံလေရာ မုံ့များကုန်လေသည်။

ထိုအခါ လှည်းကုန်သည်က အဖော် ကုန်သည်များအား အဆွေတို့ ငါ့ကိုစောင့်ကြပါ၊ ငါ့ဘွင် ရိက္ခာမုံ့ကုန်သွားသဖြင့် ထပ်မံပြီး လုပ်ရပါဦးမည်ဆို၏။ အဖော်များက မစောင့်ပဲ ထွက်ခွါသွားကြသဖြင့် ရဟန်းများအား လူတို့ကဲ့ရဲ့ကြ၏။ ယင်း ကဲ့ရဲ့စကားကို သံဃာတော်တို့ကြား၍ ဗုဒ္ဓဘုရားအား လျှောက် ကြားသောအခါ ဗုဒ္ဓဘုရားရှင်သည် မုံ့အလှူခံသော ရဟန်းတို့ကို များစွာကဲ့ရဲ့တော်မူပြီးလျှင် လက်ဆောင်အတွက် စီရင်သော မုံ့ကိုရင်း၊ ရိက္ခာအတွက်စီရင်သော မုံ့ကိုရင်း၊ နှစ်သပိတ် သုံး သပိတ်အလှူခံအပ်၏။ ထိုထက်ပို၍အလှူခံသော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

ယင်းနောက် ထိုနှစ်သပိတ်သုံးသပိတ်မျှသော မုံ့ကိုယူဆောင် ခဲ့ပြီးလျှင် အခြားသောရဟန်းများနှင့် ဝေမျှစားသောက်ရမည် ဟု မိန့်တော်မူလေသည်။

(၃၅) ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံး မွေ့ လျော်စံနေတော်မူစဉ် ပုဏ္ဏားတယောက်သည် ရဟန်းများကို ပင့်၍ ဆွမ်းလုပ်ကျွေး၏။ ရဟန်းတို့သည် ဆွမ်းစားစဉ်မှာပင် နောက်ထပ်မထည့်တော့ရန် တားမြစ်ကြပြီး ပုဏ္ဏားအိမ်မှထသွား ကြကာ အချို့သော ရဟန်းများက ဆွေမျိုးများအိမ်တွင် စား ကြ၍ အချို့သော ရဟန်းများက ဆွမ်းခံ၍ စားကြသည်။

ထိုအကြောင်းကို အချို့လူများသိကြလေသောအခါ ရဟန်း များသည် တော်ပြီတားမြစ်ပြီးမှ ဆွမ်းခံစားကြသည်ဟု ပုဏ္ဏား

အားပြောကြားလေလျှင် ပုဏ္ဏားသည် ရဟန်းများကို ကဲ့ရဲ့လေ၏။ ထိုအကြောင်း သံဃာတော်တို့ကြား၍ ဗုဒ္ဓဘုရားရှင်အား လျှောက်ထားလေသော် ဆွမ်းစားစဉ် တော်ပြီဟုတားမြစ်မိသော ရဟန်းသည် အတိရိက်ဝိနည်းကံမပြုပဲ ဘောဇဉ်ကိုရင်း၊ ခဲဘွယ်ကိုရင်း စားမိခဲ့အံ့ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၃၆) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် နှစ်ဦးသော ရဟန်းတို့သည် ကောသလဇနပုဒ်မှသည် သာဝတ္ထိပြည်သို့ ခရီးအတူသွားကြ၏။ လမ်းခရီးတွင် တဦးသော ရဟန်းသည် မကောင်းသောအမှုကို ပြုကျင့်သဖြင့် အခြေါ် ရဟန်းက ဆိုဆုံးမလေသည်။

ထိုအခါ မကောင်းသောအကျင့် ကျင့်သောရဟန်းသည် ဆိုဆုံးမသော ရဟန်းအပေါ် ရန်ငြိုးဖွဲ့ပြီးလျှင် အတိရိက်ဝိနည်းကံမပြုသောဆွမ်းကို မစားစားအောင် ပရိယာယ်နှင့်ကျွေး၏။ ဆိုဆုံးမသောရဟန်း ထိုဆွမ်းကိုစားမိသောအခါ ရှုတ်ချကဲ့ရဲ့လေ၏။

ယင်းအကြောင်း ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသောအခါ မကောင်းသောအကြံနှင့် ဆွမ်းကျွေးသော ရဟန်းအား ဘုရားရှင် ကဲ့ရဲ့တော်မူပြီးလျှင် သူတပါးကို ကဲ့ရဲ့လိုသော အကြံဖြင့် အတိရိက်ဝိနည်းကံမပြုရသေးသော ဆွမ်းကိုဘိတ်သော် စားအောင်ပြုစေသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၃၇) မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး၍နေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည်

တောင်ထိပ်ပွဲသဘင်သို့ သွားကြ၏။ ထိုအခါ ဒကာများက ရဟန်းများအား ကြည်ညိုသဒ္ဓါပွါးလျက် စားဘွယ်ခဲဘွယ်တို့ကို လှူကြလေသည်။

ဆဗ္ဗဂ္ဂီရဟန်းများသည် ဒကာတို့လှူသော စားဘွယ်ခဲဘွယ်တို့ကို နေလွဲသောအခါတွင်လည်း စားကြ၏။ ထိုသို့စားသည်ကို သံဃာတော်တို့မြင်၍ ဘုရားထံသို့လျှောက်လေရာ ဗုဒ္ဓမြတ်ဘုရားသည် နေလွဲညစာ စားသော ဆဗ္ဗဂ္ဂီရဟန်းများအား ကဲ့ရဲ့တော်မူပြီးလျှင် ယင်းသို့ နေလွဲညစာစားသော ရဟန်းအား ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၃၇) ဗုဒ္ဓရှင်တော်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဖြစ်သော ဗေလဋ္ဌသီသ မထေရ်သည် တော၌သီတင်းသုံးနေတော်မူရာ ထိုအရှင်သည် ဆွမ်းကိုခံ၍ ဟင်းလျာမပါသောဆွမ်းကို ဆောင်ယူခဲ့ကာ ခြောက်အောင်လှန်း၍ သိုမှီးထား၏၊ ဆွမ်းဘုဉ်းပေးလိုသော အခါ ထမင်းခြောက်ကို ရေနှင့်စိမ်၍ ဘုဉ်းပေး၏၊ ဤသို့ဖြင့် ထိုမထေရ်သည် ကြာမြင့်စွာနေပြီးမှ ဆွမ်းခံကြွလေသည်။ အခြားသော ရဟန်းများက အရှင်ဘုရား နေ့စဉ်ဆွမ်းခံမကြွဘဲ ကြာမြင့်စွာ နေပြီးမှ အဘယ်ကြောင့် ဆွမ်းခံကြွပါသနည်းဟု မေးမြန်းလေရာ မထေရ်က ဆွမ်းကိုအခြောက်လှန်းပြီး သိုမှီးထားကြောင်း ပြော၏။

ထိုအကြောင်းကို သံဃာတော်တို့သိ၍ဘုရားရှင်အားလျှောက် ထားကြလေရာ ဘုရားရှင်သည် မထေရ်အား များစွာကဲ့ရဲ့တော်

မူပြီးလျှင် ညှစ်သိပ်၍သိုမှီးထားသော အစာကို စားသောက်ပါသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၃၉) ဗုဒ္ဓမြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထောပတ်၊ ဆီဥ၊ ဆီ၊ ပျား၊ တင်လဲ၊ ငါး၊အမဲ၊နို့ရည်၊ နို့ဓမ်းစသည့် ခဲဘွယ်ဘောဇဉ်တို့ကိုတောင်း၍ စားကြကုန်၏။

ယင်းသို့ ရဟန်းတို့က အမွန်အမြတ် ခဲဘွယ်ဘောဇဉ်တို့ကို တောင်းယူစားသောက်ခြင်းကြောင့် ထိုရဟန်းများအား လူတို့ကဲ့ရဲ့သည်ကို သံဃာတော်တို့ကြားလေလျှင် ဗုဒ္ဓရှင်တော်ဘုရားအား လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းတို့အား ကဲ့ရဲ့တော်မူပြီးလျှင် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို တောင်း၍စားသောက်သော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူသည်။

(၄၀) ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် ပံ့သကူသက်န်းကို ဆောင်လျက် သုသာန်တွင်နေလေ၏။

ထိုရဟန်းသည် လူတို့လှူအပ်သော ပစ္စည်း၊ ဝတ္ထုဆွမ်းခဲဘွယ်ဘောဇဉ်တို့ကိုငြင်းပယ်ကာ လက်ခံမယူဘဲ သုသာန်တစပြင်၌ လူသေအတွက်ရည်စူး၍ ပို့ထားသော ထမင်းဟင်းစသည်တို့ကို ယူ၍ ကပ်မည့်သူမရှိဘဲနှင့် စားသောက်၏။ ထိုအခြင်းအရာကို လူတို့မြင်လေသောအခါ ရဟန်းအားကဲ့ရဲ့ကြ၏။

ကဲ့ရဲ့စကားများကို သံဃာတော်တို့ကြား၍ ဘုရားရှင်အား လျှောက်ထားလေလျှင် ဗုဒ္ဓဘုရားရှင်က စားဘွယ်ခဲဘွယ်တို့ကို

အကာင်မခံဘဲစားသော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

ထိုသို့ ဘုရားရှင်ပညတ်တော် မူသောအခါ ရဟန်းများမှာ ရေနှင့်ဒန်ပူကို အကပ်မခံရဘဲနှင့် မသုံးဆောင်ဝံ့ဘဲ ဖြစ်နေကြသဖြင့် ရေနှင့်ဒန်ပူကိုမူ အကပ်မခံဘဲနှင့် သုံးဆောင်နိုင်သည်ဟု ခွင့်ပြုတော်မူရပြန်သည်။

(၄၁) ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် ဒကာတို့သည် သံဃာတော်များအား မုန့်ခဲဘွယ်များလှူကြ၏။ ထိုအခါ ရှင်အာနန္ဒာမထေရ်သည် ဘုရားအား ထိုအကြောင်းကိုလျှောက်၏။

မြတ်စွာဗုဒ္ဓက ဒကာတို့လှူသော ခဲဘွယ်များကိုစားပြီးသော် သိမ်းမထားဘဲ စားကြွင်းစာကျန်တို့အား စွန့်လေဟုမိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရားသခင် မိန့်တော်မူသည့်အတိုင်း စားကြွင်းစာကျန်တို့ကို အစဉ်အတိုင်းနေစေပြီးလျှင် မုန့်တယျက်စီကို ပေးသနားတော်မူလေသည်။

ထိုစဉ် မထင်ရှားသော ပရိဗိုဇ်မအား မုန့်နှစ်ယှက်ကို တယှက်ထင်ကာ ပေးလိုက်မိ၏။ ယင်းသို့ မုန့်နှစ်ယှက်ပေးလိုက်မိသည်ကို အနီးတွင်ရှိသော ပရိဗိုဇ်ခတယောက်က မြင်လေသော် သည်ရဟန်းသည် သင့်အား မုန့်နှစ်ယှက်ပေးသည်၊ ငါတို့ကို မုန့်တယှက်ပေး၏။ ထို့ကြောင့် သင့်လင်လောဟုမေးမြန်းရာမှ ပရိဗိုဇ်မနှစ်ယောက် ခိုက်ရန်ဖြစ်ပွားကြလေသည်။

ယင်းအကြောင်း ဘုရားရှင်သိတော်မူသောအခါ အဝတ်မဝတ်သော တက္ကဒွန်းအား ပရိဗိုဇ်ရဟန်းယောကျ်ားအားငင်း၊ ပရိဗိုဇ်မအားငင်း၊ သံဃာတော်တို့သည် မိမိတို့လက်ဖြင့် မုန့်ခဲဘွယ်များ

မပေးရ၊ အကယ်၍ မိမိတို့သက်နှင့်ပေးခဲ့သော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူလေသည်။

(၄၂) ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန္ဒသည် နောက်ပါဘုန်းကြီးရဟန်း တဦးစီအား ငါနှင့်အတူ ဆွမ်းခံလိုက်မည်လားဟုမေး၏။ တပည့်ရဟန်းကလည်း အတူလိုက်ပါမည်ဆိုကာ လိုက်သေ၏။

ထိုသို့ဆွမ်းခံကြွကြရာမှ ရှင်ဥပနန္ဒသည် ဆွမ်းခံရပ်ခင်မှာပင် ထိုရဟန်းအား ငါ့ရှင် သင်နှင့်အတူစကားဆိုရခြင်း၊ နေထိုင်ရခြင်းသည် ငါစိတ်မချမ်းသာ၊ သင်သွားလေလော့ဟု နှင်လိုက်လေရာ ထိုရဟန်းမှာ ဆွမ်းခံချိန်နောက်ကျသဖြင့် ထိုနေ့ ဆွမ်းမစားဘဲနေသိုင်ရလေသည်။

ယင်းအကြောင်း သံဃာတော်တို့ ကြား၍ ဗုဒ္ဓရှင်အား လျှောက်သည်တွင် မြတ်ဘုရားသည် ရှင်ဥပနန္ဒကို များစွာကဲ့ရဲ့တော်မူ၍ ဆွမ်းခံအံ့ဟု ခေါ်ခဲ့ပြီးနောက် နှင်လိုက်သည်ရှိသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၄၃) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန္ဒသည် မိတ်ဆွေဒါယကာတဦး အိမ်သို့ကြွ၏။ သူရောက်ရှိသွားချိန်တွင် အိမ်ရှင်ဇနီးမောင်နှံ အိပ်ရာတိုက်ခန်းတွင် အတူရှိနေကြ၏။

ဒါယကာသည် ရှင်ဥပနန္ဒအနီးသို့ကပ်ကာ ရှိခိုးနေပြီးသော် ၎င်း၏ဇနီးအားခေါ်၍ ရှင်ဥပနန္ဒအား ဆွမ်းလှူခိုင်း၏။ ဇနီးဖြစ်သူ ဆွမ်းလှူပြီးသောအခါ အိမ်ရှင်ဒါယကာက ရှင်ဥပနန္ဒအား ကြွပါတော့ဟု လျှောက်ထားလေသည်။

သို့သော် ရှင်ဥပနန်သည်မကြွ၊ ဒါယကာက သုံးကြိမ်တိုင် အောင် ပန်ကြားသော်လည်း မကြွသဖြင့် စိတ်ဆိုးလာပြီးကဲ့ရဲ့ စကားဆိုလေသည်။ ထိုအကြောင်း သံဃာတော်တို့ ကြား၍ မြတ်ဘုရားအား လျှောက်ထားလေသောအခါ ဗုဒ္ဓမြတ်စွာသည် ရှင်ဥပနန်ကို ခေါ်ယော်မူပြီးလျှင် များစွာကဲ့ရဲ့တော်မူ၏။ ထို့နောက် ဇနီးခင်ပွန်းတို့နေသော အိပ်ယာအိပ်ခန်းသို့ တိုးဝင် နေထိုင်သော ရဟန်းသည် ပါစိတ်အာပတ်သင့်စေဟုပညတ်တော် မူသည်။

(၄၄) ဗုဒ္ဓဘုရားသခင် သာဝတ္ထိပြည်၌ သီတင်းသုံး၍နေတော် မူစဉ် ရှင်ဥပနန်ရဟန်းသည် မိတ်ဆွေဖြစ်သည့် ဒကာအိမ်သို့သွား ၍ ထိုဒကာ၏ဇနီးနှင့်နံရံများကာရံထားသဖြင့် မျက်စိကွယ်ရာ ဖြစ်သောနေရာ၌ အတူနေကြကုန်၏။

ထိုသို့နေသည်ကို ဒကာတွေမြင်သွားပြီး ကဲ့ရဲ့လေသောအခါ သံဃာတော်တို့ကြားသဖြင့် မြတ်စွာဘုရားအား လျှောက် ထား လေသော် ဗုဒ္ဓမြတ်စွာသည် ရှင်ဥပနန်အားခေါ်၍များစွာသော ကဲ့ရဲ့စကားကိုဆိုတော်မူကာ မာတုဂါမနှင့် မျက်စိကွယ်ရာဖြစ် သော တိုက်နံရံစသည်တို့ခြားသောနေရာ၌ အတူနေသော်ပါစိတ် အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၅) မြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံး နေတော်မူစဉ် ရှင်ဥပနန်သည် လူအဖြစ်နှင့်ရှိကြစဉ်က ခင်မင် ရင်းနှီးခဲ့သော ဒကာ၏အိမ်သို့သွားကာ ထိုဒကာ၏ ဇနီးနှင့် နားမျက်စိကွယ်ရာအရပ်၌ တယောက်ချင်းနေထိုင်သည်ကို ဒကာ မြင်၍ ကဲ့ရဲ့လေ၏။ ထိုကဲ့ရဲ့စကားကို သံဃာတော်တို့ကြား၍

ဗုဒ္ဓမြတ်စွာဘုရားအား လျှောက်ထားလေသောအခါ ဘုရားရှင်သည် ရှင်ဥပနန်အားခေါ်တော်မူပြီးလျှင်များစွာသော ကဲ့ရဲ့စကားကိုဆို၍ မာတုဂါမများနှင့် နားမျက်စိကွယ်ရာအရပ်တွင် တယောက်ချင်းချင်းနေသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၄၆) ရှင်တော်ဘုရားသည်ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးတော်မူစဉ် ရှင်ဥပနန်၏ ဒကာမသည် ရှင်ဥပနန်အား ဆွမ်းဘိတ်ပြီးလျှင် အခြားသော ရဟန်းများကိုလည်း ဆွမ်းဘိတ်၏။

ရဟန်းများသည် ရှင်ဥပနန်ထက် အလျင်စော၍ရောက်နှင့်ကြသဖြင့် ရှင်ဥပနန်အားစောင့်နေကြလေသည်။

ရှင်ဥပနန်သည် ဆွမ်းဘိတ်သောအိမ်သို့မလာပဲတခြားအိမ်မှာသွားနေ၏။ အလျင်ရောက်နှင့်သော ရဟန်းများက ဒကာမအား ဆွမ်းဘုဉ်းပေးရန် အချိန်တော်ပြီ ဆွမ်းကပ်ပါဟုမိန့်၏။

ထိုအခါ ဒကာမက ရှင်ဥပနန်မရောက်လာသေးသဖြင့် စောင့်ရန် တောင်းပန်လျှောက်ထားလေသည်၊ ရဟန်းများစောင့်နေရ၏၊ ရှင်ဥပနန်သည်နေမြင့်မှ ရောက်လာသည်။ ရဟန်းများမှာ ဆွမ်းစားချိန်ကျော်လွန်နေသောကြောင့် နှလုံးအလိုပြည့်အောင် မဘုဉ်းပေးကြရမည်ကိုသိသဖြင့် ဆွမ်းမဘုဉ်းပေးပဲ ကြွသွားသည်ကို လူတို့မြင်၍ ကဲ့ရဲ့လေလျှင် သံဃာတော်များ ကြားကြကာ ဗုဒ္ဓအားလျှောက်ထားသည့်အခါ ဗုဒ္ဓသည်ရှင်ဥပနန်အား များစွာကဲ့ရဲ့ပြီးသော် ဆွမ်းဘိတ်ထားသည်ကိုသိလျက် တခြားအိမ်သို့သွားနေသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

ထိုသို့ ပညတ်တော်မူသောအခါ ရှင်ဥပနန္ဒ၏ ဒကာသည် ရှင်ဥပနန္ဒထံသို့ ခဲဘွယ်ဘောဇဉ်တို့ကိုပို့စေ၏။ ထိုအခါ ရှင်ဥပနန္ဒကို မတွေ့သဖြင့် သံဃာတော်တို့အားမေးသော် ရှင်ဥပနန္ဒ ဆွမ်းခံကြွသွားကြောင်းပြောကြား၏။ ထိုအခါ ဒကာများက ခဲဘွယ်ဘောဇဉ်တို့ကိုအိမ်သို့ပြန်ယူသွား၏။

ရှင်ဥပနန္ဒသည် ဆွမ်းခံ၍စားပြီးလျှင် တခြားသောဒကာအိမ်သို့သွားလျက် နေလွဲမှကျောင်းသို့ပြန်လာသည်၊ ထိုအကြောင်း သံဃာတော်များက ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသော် ဘုရားရှင်သည် များစွာကဲ့ရဲ့တော်မူပြီးလျှင် တခြားတပါးသော ဒကာအိမ်သို့သွားလျှင် ပါစိတ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

(၄၇) ဗုဒ္ဓရှင်တော်ဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓ ရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာကီဝင် မင်းသားဖြစ်သော မဟာနာမ်ချဟန်းသည် ဘုရားထံသို့ချဉ်းကပ်၍ ဘုရားတပည့်တော်သည် မိုးလေးလကာလပတ်လုံး သံဃာတော်များကို ဆေးလှူဒါန်းလိုပါသည်ဟု လျှောက်ထားလေသော် ဗုဒ္ဓမြတ်စွာသည် သာဓုခေါ်တော်မူ၍ လှူဒါန်းစေဟုခွင့်ပြုတော်မူလေသည်။

မိုးလေးလပြည့်ပြီးသော် နောက်ထပ်၍ မဟာနာမ်ရဟန်းက လေးလဆပ်မံ၍ ဆေးလှူဒါန်းရန် ပန်ကြားလျှောက်ထားပြန်သဖြင့် ခွင့်ပြုတော်မူပြန်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှင်မဟာနာမ်ကို ရန်ငြိုးဖွဲ့လျက် အတိုင်းထက်အလွန် အပိုင်းအခြားထက်လွန်ကဲကာ ဆေးအလှူခံသဖြင့် ထိုသို့ အပိုင်းအခြားဆက်လွန်၍အလှူခံသော် ပါစိတ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

(၄၈) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ပသေနဒီ ကောသလမင်းကြီးသည် စစ်ထိုးရန်ထွက်၏။ ထိုအခါ ဒေဗ္ဗဂိရဟန်းတို့သည် စစ်သိုးရာသို့သွားကြ၏။ မင်းကြီးက ရဟန်းများအား ဤသို့ စစ်သိုးရာသို့ မလာသင့်ကြောင်းပြောလေလျှင် စစ်သည်တော်များက ရဟန်းများကို ကဲ့ရဲ့ကြ၏။

ထိုအကြောင်း ဗုဒ္ဓမြတ်စွာကြားသိတော်မူသောအခါ ဘုရားသခင်သည်ရဟန်းများအားများစွာကဲ့ရဲ့တော်မူပြီးလျှင် စစ်ထိုးရာအရပ်သို့သွားသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

ယင်းနောက် စစ်ထိုးရာသို့ပါသော ဆွေမျိုးသားချင်းများ ထိခိုက်ဒဏ်ရာရကာ နာမကျန်းဖြစ်သဖြင့် ဆွေမျိုးရဟန်းများအား လာပါဟုပင့်ဘိတ်သော် မြတ်စွာဘုရားသခင် ပညတ်တော်မူထားသဖြင့် ရဟန်းများမသွားဝံ့ကြဘဲရှိလေသည်။

ထိုအကြောင်း ဗုဒ္ဓဘုရား သိရှိတော်မူသောအခါ ဆွေမျိုးသားချင်းများ နာမကျန်းဖြစ်၍ ပင့်ဘိတ်ခေါ်လျှင် စစ်ထိုးရာအရပ်သို့ သွားနိုင်သည်ဟု ခွင့်ပြုတော်မူ၏။

(၄၉) ထို့နောက် အကြောင်းရှိလျှင် စစ်ထိုးရာအရပ်၌ နှစ်ညဥ့်၊ သုံးညဥ့်သာနေအပ်၏။ ယင်းထက်လွန်၍နေသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူပြန်၏။

(၅၀) ရဟန်းများသည် အကြောင်းရှိ၍စစ်ထိုးရာ အရပ်၌ နှစ်ညဥ့်သုံးညဥ့်နေရန် ရောက်ရှိနေကြရာမှ စစ်တိုက်သည့် စစ်မြေပြင်သို့ လိုက်ပါသွားကြလေရာ မြှားမှန်ကြလေ၏။ ရဟန်းများ မြှားမှန်သည်ကို စစ်သည်တော်တို့မြင်သော်ပြက်ရယ်ပြုကြကုန်၏၊

ထိုအကြောင်း ဗုဒ္ဓမြတ်စွာ သိတော်မူသောအခါ ရဟန်းများအား ကဲ့ရဲ့တော်မူပြီးလျှင် စစ်တိုက်ရာအရပ်၊ ရဲမက်ဗိုလ်ပါတို့ကို ရေတွက်ရာ အရပ်၊ စစ်ဆင်ရာအရပ်၊ ဆင်တပ်၊မြင်းတပ်၊ ရထားတပ် လက်နက်ကိုင်စစ်သူရဲဘပ်တို့ကို ကြည့်ရှုရန်သွားသော ရဟန်းအား ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူသဘည်း။

(၅၁) ရှင်တော်ဘုရားသည် စေတိယဇနပုဒ်မှ ဘဒ္ဒဝတီရွာသို့ ဒေသစာရီ ကြွချီတော်မူသောအခါ၊ ခရီးသွားသော နွားကျောင်းသား၊ ဆိတ်ကျောင်းသားတို့က အရှင်မြတ်စွာဘုရားကြွတော်မမူပါနှင့် ဘဒ္ဒဝတီရွာ အမ္ဗတိတ္ထရေဆိပ်၌ရှိသော ဇဋိလရသေ့၏ သင်ခန်းကျောင်းတွင် အဆိပ်ပြင်းထန်သော နဂါးရှိပါသည်ဟု သုံးကြိမ်တိုင်တိုင် လျှောက်ထားကြလေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် လျှောက်ထားသောစကားကို ကြားသော်လည်း ဆိတ်ဆိတ်သာနေ၏။ ယင်းနောက် ဘဒ္ဒဝတီရွာသို့ ကြွမြန်းတော်မူလေသည်။ ဘုရားသခင် ဘဒ္ဒဝတီရွာသို့ ရောက်ရှိတော်မူသောအခါ ဘုရား၏ နောက်တော်ပါးမှ လိုက်ပါလာသော သာဂတမထေရ်သည် ဇဋိလရသေ့၏ သင်ခန်းကျောင်းသို့ သွား၍ တင်းကုတ်၌နေလေ၏။

မထေရ်ကိုမြင်သဖြင့် နဂါးအမျက်ထွက်ကာ အခိုးအလျှံတို့ကိုလွှတ်လေ၏။ သာဂတမထေရ်သည်း နဂါးနှင့်ပြိုင်၍ အခိုးအလျှံများကိုလွှတ်လေသော် မထေရ်၏ အခိုးအလျှံများကို နဂါးမခံနိုင်သဖြင့် အရှုံးပေးကာ ထွက်ပြေးသွားလေ၏။ သာဂတမထေရ် နဂါးကိုအောင်နိုင်သော သတင်းသည် တမုဟုတ်ချင်း ပြန့်နှံ့သွား၏။

မြတ်စွာဘုရားသည် ဘဒ္ဒဝတီရွာမှ ဒေသစာရီကြွချီတော်မူ ပြန်ရာ ကောသမ္ဗီပြည်သို့ ရောက်သည်တွင် ပြည်သူပြည်သားတို့ သည် ဗုဒ္ဓရှင်တော်ဘုရားအား ခရီးဦးကြိုပြုကြကာ ရိုသေစွာရှိခိုး ပူဇော်ဖူးမြော်ကန်တော့ကြ၏။

ကောသမ္ဗီ ပြည်သားတို့သည် ဘုရားရှင်၏ နောက်တော် ပါးမှပါလာသော သာဂတမထေရ်သည် နဂါးကို အောင်နိုင်ခဲ့ ကြောင်း ကြားသိထားကြသဖြင့် မထေရ်ထံသို့ ချဉ်းကပ်ကြပြီး လျှင် အရှင်ဘုရား မည်သည့်ပစ္စည်းကို အလိုရှိပါသနည်းဟု မေး မြန်းကြ၏။

ယင်းအမေးကို ဆဗ္ဗဂ္ဂီရဟန်းတို့ကြားသော် ဒကာတို့သည်မထေရ် ကား ခိုခြေအဆင်းနှင့်တူသော သေရည်ကိုနှစ်သက်၏။ ပစ္စည်း လေးပါးကား လှူရန်လွယ်၏။ သေရည်မှာလှူရန် ခဲယဉ်းသည်၊ သေရည်ကိုသာ လှူကြကုန်လော့ဟု တိုက်တွန်းပြောကြားကြလေ ၏။ ဒကာတို့လည်း ဆဗ္ဗဂ္ဂီရဟန်းများ ပြောကြားသည့်အတိုင်း အိမ်တိုင်းစေ့ သေရည်များကို ပြင်ဆင်ထားကြကာ သာဂတ မထေရ် ဆွမ်းခံကြွသည်တွင် သေရည်ကို လောင်းလှူကြကုန်၏။

သာဂတမထေရ်သည် သေရည်ကိုသောက်သုံး၍သွားရာ မြို့တံ ခါးဝ၌လဲလေ၏၊ ဗုဒ္ဓမြတ်စွာသည် ဆွမ်းခံရာမှ သာဂတမထေရ် လဲသည်ကိုမြင်လေသော် သာဂတမထေရ်အား သယ်ဆောင်လာ ရန် မိန့်တော်မူ၏၊ မထေရ်အား သယ်ဆောင်လာကြပြီး ဘုရား ဖက်သို့ခေါင်းထားကာသိပ်၏။ မထေရ်သည် ဘုရားရှင်ဖက်ခြေ ပြု၍အိပ်လေသည်။

ထိုအခါ လူတို့သည် ဤမထေရ်ကား ဘုရားရှင်အား အလွန် ရိုသေ၏။ တန်ခိုးဣဒ္ဓိပါဒ်နှင့်လည်း ပြည့်စုံသည်။ သို့စဉ်လျက်

သေအရက်ကို သောက်စားသဖြင့် ဘုရားမှန်းမသိဖြစ်လေသည်။ ထိုအခါ သေအရက်သောက်စားသော ရဟန်းအား ပါစိတ်အာပတ်သင့်စေသည်ဟု ဗုဒ္ဓဘုရားရှင် ပညတ်တော်မူ၏။

မှတ်ချက်။ ။သုရာမေရယ သိက္ခာပုဒ်၌ သေရည်ငါးပါးဟူသည်ကား ၁၊ ပိဋ္ဌသုရာ၊ မုံ့ဖြင့် ပြုလုပ်သော သေရည်။ ၂။ ပူဝသုရာ၊ မုံ့ညက်ဖြင့်ပြုလုပ်သောသေရည်။ ၃။ ဩဒနသုရာ၊ ထမင်းဖြင့်ပြုလုပ်သောသေရည်။ ၄။ ကိဏ္ဏပက္ခိတ္တသုရာ၊ တဆေးခပ်၍ပြုလုပ်သောသေရည်။ ၅။ သမ္ဘာရသံယုတ္တသုရာ၊ ဆီးဖြူရှစ်ရွား သပန်းခါးတို့ဖြင့်စိမ်၍ ပြုလုပ်သောသေရည်စသည်တို့ဖြစ်၏။

အရက်ငါးပါးဟူသည်ကား။

၁။ ပုပ္ဖါသဝ၊ ပန်းပွင့်ဖြင့် ပြုလုပ်သောအရက်။ ၂။ ဖလာသဝ၊ သစ်သီးကိုပြုလုပ်သောအရက်။ ၃။ မဓွါသဝ၊ မုဒရက်သီးကိုပြုလုပ်သောအရက်။ ၄။ ဂုဠာသဝ၊ ထန်းလျက်ကိုပြုလုပ်သောအရက်။ ၅။ သမ္ဘာရသံယုတ္တမေရယ၊ အထူးထူးသော အသီးအပွင့်တို့ဖြင့် ရောယှက်၍ပြုလုပ်သောအရက် စသည်တို့ဖြစ်၏။

(၅၂) ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းများအား လက်ကတီးချိုင်းကြားတို့၌ လက်ချောင်းများဖြင့် ကလိထိုးကြရာ သတ္တရသဝဂ္ဂီရဟန်းအချို့ အရယ်လွန်၍သေခြင်းသို့ရောက်ကြကုန်၏။ ထိုအကြောင်းဗုဒ္ဓဘုရားရှင် သိတော်မူသောအခါ ချိုင်းထိုးခြင်း၊ကလိထိုးခြင်းမပြုရ၊ ပြုလုပ်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၅၃) ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် သတ္တရသဝဂ္ဂီ ရဟန်းတို့သည် အစိရဝတီမြစ်၌ ရေချိုးရင်း ရယ်မျိုးလိုသဖြင့် ကစားကြ၏။ ထိုသို့ရဟန်းများ ကစားကြောင်း ကောသလမင်းနှင့် မလ္လိကာ မိဖုရားတို့သိ၍ မြတ်စွာဘုရားအား လျှောက်ထားလေသော် မြတ်စွာဘုရားသည် ရဟန်းများကို ကဲ့ရဲ့တော်မူပြီးလျှင် ရေ၌ ကစားမြူးတူးပြုသော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၅၄) ဘုရားရှင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရှင်ဆန္နမထေရ်သည် သိက္ခာပုဒ်တော်ကို မရိုမသေကျင့်၏။ ထိုအကြောင်း သံဃာတော်များသိ၍ ဗုဒ္ဓအား လျှောက်ထားလေသော် သိက္ခာပုဒ်တော်ကို မရိုမသေကျင့်က ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၅၅) ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းများသည် သတ္တရသဝဂ္ဂီရဟန်းများအား ကြောက်လန့်အောင် ခြောက်ကြကုန်၏၊ သတ္တရသဝဂ္ဂီရဟန်းများ ကြောက်လန့်၍ငိုယိုသည်ကို သံဃာတော်တို့သိ၍ မြတ်ဘုရားအား လျှောက်ထားလေရာ ဘုရားမြတ်စွာသည် များစွာ ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းတို့သည် ခြောက်လှန့်ခဲ့သော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၅၆) ဗုဒ္ဓဘုရားရှင်သည် သက္ကတိုင်း၊ ဘဂ္ဂဒေါဝုန့်တော၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် ဆောင်းလအခါ၌ အခေါင်းရှိသော ကြီးစွာသော သစ်ပင်ကိုမီးတိုက်၍ မီးလှုံကြလေ၏။

ထိုအခါ သစ်ပင်ခေါင်း၌ နေထိုင်သော မြွေဟောက်သည် သစ်ခေါင်းမှထွက်၍ ရဟန်းများကို လိုက်လေရာ ရဟန်းများ ကြောက်လန့်တကြား ပြေးလွှားကြ၏။ ထိုအကြောင်း မြတ်ဗုဒ္ဓ သိသောအခါ ရဟန်းများအား ကဲ့ရဲ့တော်မူ၍ မနာမဖျားပဲနှင့် မိမိကိုယ်တိုင်သော်၎င်း၊ သူတပါးကိုစေခိုင်း၍ သော်၎င်း မီး တောက်စေရန် ထည့်ငြားအံ့၊ ပါစိတ်အာပတ်သင့်စေဟု ပညတ် တော်မူသည်။

(၅၇) ရှင်တော်ဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းများသည် တပေါ ဒါမြစ်တွင် ရေချိုးကြ၏။

ဗိမ္ဗိသာရမင်းကြီးသည် ခေါင်းဆေးရန် မြစ်သို့ လာလေ သည်တွင် ရဟန်းများရေချိုးနေကြသဖြင့် စောင့်ဆိုင်း နေရ သောကြောင့် ညဉ့်ရောက်လေမှ ခေါင်းဆေးရလေသည်။ နံနက် လင်းသောအခါ မင်းကြီးသည် ဘုရားထံသွား၍ အဖြစ်အပျက်ကို လျှောက်ထားလေလျှင် ဗုဒ္ဓမြတ်စွာသည် မင်းကြီးအား တရား ဓမ္မများ ဟောကြားပြီး ပြန်လွှတ်လိုက်လေ၏။

ပြီးလျှင် ရဟန်းတို့ကိုခေါ်တော်မူ၍ ရေချိုးသည့်နေ့မှ စ၍ လခွဲမပြည့်မီ နောက်ဘဖန် ရေချိုးသော် ပါစိတ်အာပတ်သင့်စေ ဟု ပညတ်တော်မူ၏။

သို့သော် ပူသောအခါ၊ အိုက်သောအခါ၊ ယူဇနာခွဲခရီးကို သွားပြီး၊ သွားဆဲ၊ သွားလတ္တံ့သောအခါ မြူမှုန်ဖုံတို့ ထလျက် မိုးသက်လေပြင်းကျသောအခါ ဤသို့သောအခါမျိုးတွင် ရေ ချိုးလိုကချိုးနိုင်သည်ဟု ခွင့်ပြုတော်မူပြန်သည်။

(၅၈) ဗုဒ္ဓဘုရားသခင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံး နေတော်မူစဉ် များစွာသောရဟန်းတို့သည် လည်းကောင်း၊ ပရိဗိုဇ်ရဟန်းတို့သည်လည်းကောင်း သာကေတပြည်မှသည် သာဝတ္ထိပြည်သို့ သွားကြကုန်၏။ လမ်းခရီးအကြားတွင် ခိုးသားဓါးပြများက ထိုရဟန်းတို့၏ သင်္ကန်းများကို လုယူကြလေသည်။

ထိုအခါ သာဝတ္ထိပြည်မှလာကြသော မင်းမှုထမ်းများနှင့် ခိုးသားဓါးပြတို့ ဆုံမိကြကာ ဓါးပြများကို ဖမ်းဆီးကြလေသည်။ မင်းမှုထမ်းတို့သည် ဓါးပြများထံမှ သင်္ကန်းများကို ယူခဲ့ပြီးလျှင် ရဟန်းများအား အရှင်ဘုရားတို့၏ သင်္ကန်းဟုတ်လျှင် ယူတော်မူပါဘုရားဟု လျှောက်ပါ၏။ ရဟန်းများက ငါတို့သင်္ကန်းကို ငါတို့မမှတ်မိပါဘူး ဆိုသောအခါ မင်းမှုထမ်းများက ရဟန်းများအား မိမိသင်္ကန်းကိုသော်မှ မမှတ်မိရလောက်အောင် မှတ်ဉာဏ် နည်းရကောင်းလားဟု အပြစ်ပြော ကဲ့ရဲ့ကြလေ၏။

ယင်းသည့်အကြောင်း ဘုရားသခင် သိတော်မူသောအခါ သင်္ကန်းသစ်ရလျှင် ကပ္ပဗိန္ဒုထိုး၍ သုံးဆောင်ရမည်။ ကပ္ပဗိန္ဒုမထိုးပဲသုံးဆောင်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

**မှတ်ချက်။** ။ကပ္ပဗိန္ဒုထိုးခြင်း သုံးပါးဟူသည်။ မူလအရောင်အဆင်း ပျက်စေခြင်းငှါ စိမ်းညိုသော အဆင်းဖြင့်ရင်း၊ ရွှံ့ညွန်အဆင်းဖြင့်ရင်း၊ မဲနယ်သောအဆင်းဖြင့်ရင်း၊ ပြုလုပ်ခြင်းကိုဆို၏။

(၅၉) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန်သည် အတူနေသော တပည့်ရဟန်းအား သင်္ကန်းကို ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိုရ်မပြုပဲ သုံးဆောင်စေသည်။ ထိုအကြောင်း ဗုဒ္ဓဘုရားရှင် ကြားသိတော်မူသောအခါ ရှင်ဥပ

နန်အား များစွာကဲ့ရဲ့တော်မူပြီးလျှင် သက်န်းကိုဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရုံမပြုပဲ သုံးဆောင်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၆၀) ဗုဒ္ဓဘုရားသခင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းများ၏ သင်္ကန်း သပိတ်စသော ပရိက္ခရာများကို ဝှက်ထားကြသဖြင့် သတ္တရသဝဂ္ဂီရဟန်းများ နှလုံးမသာယာဖြစ်ကာ ငိုကြွေးကြလေသည်။ ထိုအကြောင်း ဗုဒ္ဓဘုရားရှင်ကြားသိတော်မူလျှင် များစွာကဲ့ရဲ့ပြီးလျှင် သင်္ကန်း သပိတ်စသော ပရိက္ခရာများကို ဝှက်ထားသော် ပါစိတ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူလေ၏။

(၆၁) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဥဒါယီရဟန်းသည် လေးအတတ်ကို တတ်သည်ဖြစ်၍ ကျီးငှက်များအား မှန်းထားသောကြောင့် လေးနှင့်ပစ်သတ်ပြီးနောက် ကျီးငှက်တို့၏ ဦးခေါင်းများကိုဖြတ်ပြီးလျှင် ကြိုးနှင့် သီထား၏။

ကြိုးဖြင့်သီထားသော ကျီးငှက်ဦးခေါင်းများကို သံဃာတော်တို့တွေ့လေသော် ထိုကျီးငှက်များကို ဘယ်သူသတ်သနည်းဟု မေးမြန်းကြလေသည်။

ဥဒါယီရဟန်းက ကျီးငှက်များကို ငါရှုမှန်းသဖြင့် ငါသတ်သည်ဟု မှန်သည့်အတိုင်း ပြောလေသော် သံဃာတော်တို့သည် ထိုအကြောင်း ဗုဒ္ဓရှင်တော်အား လျှောက်ထားကြလေ၏။ ဘုရားရှင်သည် ဥဒါယီရဟန်းအား များစွာကဲ့ရဲ့ပြီးလျှင် အသက်ရှိမှန်းသိလျက်နှင့် တိရစ္ဆာန်ကိုသတ်ဖြတ်သော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၆၂) ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပိုးရှိသော ရေကိုသုံးဆောင်ကြ၏။ ထိုအကြောင်း ဘုရားသိရှိလျှင် ပိုးရှိမှန်းသိလျက် ရေကိုရေစစ်ဖြင့် မစစ်ပဲ သုံးဆောင်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူသည်။

(၆၃) ဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် တရားနှင့်ညီစွာ ပြီးငြိမ်းပြီးသားအမှုကို တဖန်ထပ်မံ၍ လှုပ်ရှားချောက်ချားအောင် ပြုလုပ်ကြ၏။ ထိုအကြောင်း ဗုဒ္ဓမြတ်စွာ သိတော်မူသောအခါ တရားနှင့်အညီ ပြီးငြိမ်းပြီးသားအမှုကို နောက်တဖန် လှုပ်ရှားချောက်ချားအောင်ပြုလုပ်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၄) ရှင်တော်ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန္ဒရဟန်းသည် သုက်လွှတ်သည်ကို အတူနေတပည့်ဟန်းများအား ပြော၍ သံဃာတော်တို့ကို ပရိဝါသ်တောင်းပြီးလျှင် ပရိဝါသ်နေ၏။

ထိုအကြောင်း သံဃာတော်တို့ မေးသောအခါ ရှန့်ရင်းသောအာပတ်အကြောင်းနှင့် လျော်ညီစွာပြောသဖြင့် သံဃာတော်များက ဘုရားအား လျှောက်ထားလေသော် ဗုဒ္ဓမြတ်ဘုရားသည် ရှင်ဥပနန္ဒာအား များစွာ ကဲ့ရဲ့တော်မူလျက် အကြင်ရဟန်းတဦး၏ ရှန့်ရင်းသော သံဃာဒိသ်အာပတ်ကို သိလျက်နှင့်ဖုံးကွယ်ထားလျှင် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူလေ၏။

(၆၅) ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥပါလိအမည်ရှိသော သူငယ်၏မိခင်သည် သံသရာထဲ၌ သားဆင်းရဲမည်ကိုစိုး၍ဆိုကာ သားအား ရဟန်းပြုရန်ဘောင်းပန်၏။

ဥပါလိသည် အဖော်သူငယ်ချင်းများနှင့် တိုင်ပင်လေသော် အဖော်များကလည်း ရဟန်းဝတ်ရန် သဘောတူသဖြင့် မိဘများ ပန်ကြားပြီး သံဃာတော်တို့ထံသွား၍ ရဟန်းပြုကြလေသည်။

ဥပါလိနှင့်အဖော်သူငယ်များသည် ညအိပ်သောအခါ ဆာလောင်မွတ်သိပ်ကြသဖြင့် ထမင်းပေးပါ၊ ယာဂုပေးပါဟုတောင်းကြလေသည်။ မရသော် ငိုယိုမြည်တမ်းကြလေ၏။ ထိုငိုသံများ ဗုဒ္ဓဘုရားရှင် ကြားတော်မူ၍ ရှင်အာနန္ဒာအားခေါ်၍ မေးတော်မူ၏။ ရှင်အာနန္ဒာက သူငယ်များကို ရဟန်းပဉ္စင်းပြု၍ ငိုကြောင်းလျှောက်လေသော် သံဃာတော်တို့ကို ဘုရားရှင်ခေါ်တော်မူပြီးလျှင် အသက် ၂၀-မပြည့်သေးသူအား ပဉ္စင်းရဟန်း မပြုရ၊ အကယ်၍ ပြုပေးခဲ့သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူခဲ့လေသတည်း။

(၆၆) မြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးတော်မူနေစဉ် လှည်းကုန်သည်ဘိုသည် ရာဇဂြိုဟ်ပြည်မှသည် အနောက်မြောက်အရပ်သို့ သွားကြကုန်၏။

ထိုအခါ မထင်ရှားသော ရဟန်းများသည် လှည်းကုန်သည်တို့နှင့်အတူ လိုက်ပါရစေဆိုကာ လိုက်ပါသွားကြလေသည်။ လှည်းကုန်သည်တို့သည် နယ်ခြားသို့ ရောက်ရှိလေသောအခါ နယ်ခြားကင်းခွန်ကို မပေးမဆောင်ဘဲ သွားကြသဖြင့် ကင်း

စောင့်များကလိုက်၍ လှည်းကုန်သည်များထံမှ ဥစ္စာပစ္စည်းများကို လုယူကြလေသည်။

လှည်းကုန်သည်များနှင့်အတူ ပါလာသည့် ရဟန်းများကိုလည်း အရှင်တို့သည် သူခိုးကုန်သည်များနှင့်အတူ ခရီးသွားလာကြရသလောဆိုကာ ပုတ်ခတ်၍လွှတ်လိုက်လေ၏။ ရဟန်းများသည် သာဝတ္ထိပြည်ရောက်သောအခါ ထိုအကြောင်းကို သံဃာတော်တို့အား ပြောကြားကြလေသည်။ သံဃာတော်တို့က ဗုဒ္ဓအား လျှောက်ထားလေသော် မသမာသော ကုန်သည်တို့နှင့် တိုင်ပင်၍တကြောင်းတည်းသော ခရီးကို အတူရှည်စွာသွားလျှင် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၆၇) ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် ကောသလဇနပုဒ်မှ သာဝတ္ထိပြည်သို့သွားလို၍ ရွာတံခါးမှ ထွက်လာသည်တွင် လင်ရှိသော မိန်းမတယောက်သည် ထိုရဟန်းကိုမြင်သဖြင့်....

အရှင် အဘယ်အရပ်ကို သွားမည်နည်းဟုမေး၏။ ရဟန်းက သာဝတ္ထိပြည်သို့ သွားမည်ဖြစ်ကြောင်း ပြန်ပြောသောအခါ ထိုမိန်းမသည် ကျွန်ုပ်လည်း အရှင်နှင့်အတူ လိုက်ပါရစေဆိုကာ ရဟန်းနှင့်အတူလိုက်လေသည်။

မိန်းမ၏ လင်ယောကျ်ားဖြစ်သူသည် နောက်မှလိုက်လာ၍ လမ်း၌တွေ့သောလူကြုံကို သူ့ဇနီးအား တွေ့လိုက်ပါသလားဟု မေး၏။ လမ်းတွင်တွေ့သူက ရဟန်းတပါးနှင့်အတူ လိုက်ပါသွားသည်ကို တွေ့လိုက်သည်ဟုဆိုသောအခါ လင်ယောကျ်ားသည် အမျက်ထွက်လျက် မှီအောင်လိုက်၏။

မှီလေသော်ရဟန်းအား ထောင်းထုရိုက်နှက်၍ လွှတ်လိုက်လေသည်။ ထိုအခါ ရဟန်းသည် ၊သစ်ပင်တပင်၏ ခြေရင်းတွင် ထိုင်ပြီး တရားနှလုံးသွင်းနေ၏။

ဤသို့ရှိသောအခါ မိန်းမက လင်ယောကျ်ားအား သင်သည် သူတော်ကောင်းအား ပြစ်မှားမိလေပြီ၊ ထိုအပြစ်မှလွတ်မြောက်ရန် ရဟန်းကို ကန်တော့ချေဟု စေခိုင်းသဖြင့် လင်ယောကျ်ားလည်း စိုးရိမ်ကြောက်ရွံ့ကာ ရဟန်းထံသွား၍ ကန်တော့လေသည်။

ရဟန်းသည် သာဝတ္ထိပြည်သို့ ရောက်သောအခါ ထိုအကြောင်း သံဃာတော်တို့အား ပြောကြားလေလျှင် ဗုဒ္ဓဘုရားရှင် သိတော်မူကာ ချစ်သားတို့ မာတုဂါမနှင့် တိုင်ပင်ညီညွတ်၍ တကြောင်းထည်းသော ရှည်လျားသော ခရီးကိုသွားသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၈) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးမွေ့လျော်နေတော်မူစဉ် ရှင်အရိဋ္ဌမထေရ်သည် သောတာပန်သကဒါဂါမ်တို့သည် အိမ်ရာထောင်ခြင်း ရူပါရုံစသော အာရုံငါးပါးကို မှီဝဲခံစားခြင်းပြုသော်ငြားလည်း အပြစ်မရှိဟုဆိုကာ မိစ္ဆာအယူကိုယူသဖြင့် သံဃာတော်တို့က ဆိုဆုံးမကြသောအခါ....

ဘုရားဟောသောတရားကို ငါသိ၏။ ထိုအာရုံကို ခံစားခြင်းဖြင့် အပြစ်မရှိဆိုကာ သံဃာတော်တို့ ဆိုဆုံးမသည်ကို မနာခံဘဲရှိလေရာ၊ သံဃာတော်တို့က ဗုဒ္ဓမြတ်ဘုရားအား လျှောက်ထားကြလေသော် မြတ်စွာဘုရားက ရှင်အရိဋ္ဌမထေရ်အား ခေါ်တော်မူပြီးလျှင် ဈာန်မဂ်ဖိုလ်၏အန္တရာယ်ကို ဖြစ်စေတတ်သော ငါး

ပါးအာရုံ ကာမဂုဏ်တို့၌ အပြစ်မရှိဟုယူသော ရဟန်းအား ဉာတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရမည်၊ ဆိုဆုံးမ၍ ၎င်းအယူကိုမစွန့်လျှင် ထိုရဟန်းသည် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၉) ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည်တွင်သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းများသည် သိလျက်နှင့်ဆုံးမ၍မရနိုင်သော အရိဋ္ဌရဟန်းနှင့်အတူအိပ်ခြင်း၊ စားခြင်း၊ ကံကြီးကံငယ်ရွက်ဆောင်ခြင်းကိုပြုကြ၏။

ထိုအကြောင်းသံဃာတော်တို့က ဗုဒ္ဓမြတ်ဘုရားအားလျှောက်ထားကြသောအခါ ဆဗ္ဗဂ္ဂီရဟန်းများကိုခေါ်တော်မူ၍ များစွာကဲ့ရဲ့ပြီးလျှင် မိစ္ဆာအယူကိုမစွန့်သောရဟန်းနှင့်အတူ ပေါင်းဖော်ခြင်းပြုသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၇၀) မြတ်စွာဘုရားသခင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ကဏ္ဍကအမည်ရှိသော သာမဏေသည်လည်း အရိဋ္ဌရဟန်းကဲ့သို့အယူရှိပြန်သဖြင့် သံဃာတော်တို့သိ၍ ဆုံးမသော်လည်း အယူကိုမစွန့်ခြင်းကြောင့် ဘုရားရှင်အား လျှောက်ထားလေလျှင်သာမဏေအားခေါ်တော်မူ၍များစွာအပြစ်တင်ပြီးလျှင် သာမဏေအဝတ်မှချွတ်လိုက်စေ၏။

သံဃာတော်များက ကဏ္ဍကသာမဏေအား လူဝတ်ချွတ်လိုက်ပေးသောအခါ ဆဗ္ဗဂ္ဂီရဟန်းများသည် ထိုသာမဏေအားသက်န်းပရိက္ခရာတို့ကိုပေး၍ အလုပ်အကျွေးပြုကာအတူနေကြလေသည်။ ထိုအကြောင်း သံဃာတော်များက ဗုဒ္ဓရှင်တော်မြတ်ဘုရားအား

လျှောက်ထားကြလေသောအခါလူအဖြစ်သို့ချတ်လဲပေးပြီးသော သာမဏေနှင့်အတူတကွ ပေါင်းဖော်သောရဟန်းတို့အား ပါစိတ်အာပတ်သင့်စေဟုပညတ်တော်မူလေ၏။

(၇၁) ရှင်တော်ဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရှင်ဆန္နမထေရ်သည် ဝိနည်းတရားတော်နှင့်မလျော် မလျောက်ပတ်သောအကျင့်ကို ကျင့်၏။ သံဃာတော်တို့က ဆိုဆုံးမကြသောအခါ....

ငါရှင်တို့၊ငါသည်ဝိနည်းသိက္ခာကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်ကိုမေးပြီးမှ ကျင့်မည်ဆို၏။ ထိုအကြောင်း သံဃာတော်တို့က ဗုဒ္ဓအားလျှောက်ထားလေသောအခါ ရှင်ဆန္နမထေရ်ကို ခေါ်တော်မူပြီးလျှင် များစွာကဲ့ရဲ့ပြစ်တင်တော်မူပြီးနောက် ဝိနည်းတရားနှင့်အညီ ဆိုဆုံးမပါလျက် ဝိနည်းတတ်သော ပုဂ္ဂိုလ်ကိုမေးပြီးမှကျင့်မည်ဟုဆိုသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၇၂) ဗုဒ္ဓဘုရားရှင်သည်သာဝတ္ထိပြည်၌သီတင်းသုံးနေတော်မူစဉ် ဘုရားကိုယ်တော်တိုင် ဝိနည်းတရားကို ချီးမွမ်းတော်မူလျက် ရှင်ဥပါလိရဟန်းသည် ဝိနည်းတရား၌ ကျွမ်းကျင်လိမ္မာကြောင်းကိုလည်း ချီးမွမ်းတော်မူလေသည်။

ထိုအခါ ကြီးငယ်ရှိသလတ်သောရဟန်းတို့သည် ရှင်ဥပါလိ ထံ၌ ဝိနည်းတရားကို သင်ယူကြကုန်၏။ ယင်းသို့ရှိသည်ကို ဆဗ္ဗဂ္ဂီရဟန်းများက ဝိနည်းတရားတော်သင်ခြင်း မှာ ကျေးဇူးမရှိ အကျိုးမဲ့သာဟုဆိုကြ၏။ပါတိမောက်ပြခြင်းသည်လည်းအကျိုးမရှိဟုပြောဆိုကြသောအခါ ရဟန်းသံဃာများတွင် သို့လော၊ သို့လောဖြင့် သံသယကုက္ကုစ္စဖြစ်ကြလေသည်။

ယင်းအကြောင်းကို သံဃာတော်တို့ကဘုရားအား လျှောက်ထားကြသောအခါ ဗုဒ္ဓမြတ်စွာသည် ဝိနည်းတရားကိုကဲ့ရဲ့သော် ပါတိမောက်ပြသည်ကိုအကျိုးမဲ့ဟုပြောဆိုသော် ပါစိတ်အာပတ်သင့်စေသည်ဟုပညတ်တော်မူလေ၏။

(၇၃) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိရဟန်းတို့သည် ပါတိမောက်ပြရာတွင် နာဘူးသဖြင့် အာပတ်သင့်မှန်းသိလျက်နှင့် မသိချင်ယောင်ပြုပြီးလျှင် လခွဲတကြိမ် ပါတိမောက်ပြသောအခါ ယခုမှနာဘူးသည်၊ ယခုမှ သိရသည်ဟုဆိုကြကုန်၏။

ထိုရဟန်းတို့သည် ပါတိမောက်ပြရာတွင် နှစ်ကြိမ်သုံးကြိမ်လည်း နာဘူးသည်၊ အလွန်များစွာလည်းနာဘူးလျက် မသိယောင်ပြုသည်ကို သံဃာတော်တို့သိသဖြင့် ဘုရားအား လျှောက်ထားလေသော် ဆဗ္ဗဂ္ဂိရဟန်းများအား ခေါ်တော်မူပြီးလျှင် များစွာကဲ့ရဲ့တော်မူ၍သိလျက်နှင့် မသိယောင်ပြုသော ရဟန်းအား ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၇၄) ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိရဟန်းတို့သည် အမျက်ထွက်သဖြင့် သတ္တရသဝဂ္ဂိရဟန်းများအား ပုတ်ခတ်သဖြင့် သတ္တရသဝဂ္ဂိရဟန်းများငိုကြွေးကြကုန်သောအခါ သံဃာတော်တို့သိပြီး ဗုဒ္ဓရှင်တော်ထံလျှောက်ထားကြလေရာ ဗုဒ္ဓက ရဟန်းချင်း အမျက်ထွက်၍ပုတ်ခတ်သော် ပါစိတ်အာပတ်သင့်စေ၊ လူသာမဏေတို့အားရင်း၊ တိရစ္ဆာန်များအားရင်း ပုတ်ခတ်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၄၅) ထို့နောက် ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူနေစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည်အမျက်ထွက်သဖြင့် သတ္တရသဝဂ္ဂီရဟန်းများအား လက်ဝါးဖြင့်ပုတ်ခတ်ပြန်ရာ ထိုအကြောင်းကိုဘုရားရှင်သိတော်မူ၍ လက်ဝါးဖြင့်ပုတ်ခတ်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၆) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်ဘှင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ၎င်းတို့ကိုယ်တိုင် တကာယ်မြင်ခြင်း၊ ကြားခြင်းမရှိပဲနှင့် အခြားရဟန်းများကို သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲပြောဆိုကြလေ၏။ ထိုအကြောင်း ဗုဒ္ဓမြတ်စွာသိတော်မူ၍ မိမိကိုယ်တိုင် တကာယ်မြင်ခြင်းကြားခြင်းမရှိပဲနှင့် သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲပြောဆိုသော်ပါစိတ်အာပတ်သင့်စေ ပညတ်တော်မူလေ၏။

(၄၇) ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီရဟန်းများအား သင်တို့သည် အသက် ၂၀-မပြည့်ပဲအဘယ့်ကြောင့်ရဟန်းပြုကြသနည်း။ မြတ်စွာဘုရားသခင်သည် အသက် ၂၀-ပြည့်သူကိုသာရဟန်းပြုစေသည်၊ သင်တို့ရဟန်းမဖြစ်သေးဆိုသဖြင့် သတ္တရသဝဂ္ဂီရဟန်းများ သံသယဖြစ်ကာ စိတ်ညစ်ညူးကုန်ကြသည်။

ထိုအကြောင်းဘုရားရှင်သိတော်မူသောအခါ ရဟန်းဖြစ်မှန်းသိလျက်နှင့် သံသယကုက္ကုစ္စဖြစ်အောင်ပြောဆိုလျှင် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၈) မြတ်စွာဗုဒ္ဓသည် သာဝတ္ထိပြည်၌သီတင်းသုံးနေတော်မူစဉ် သီလဝန္တဖြစ်သောရဟန်းများငြင်းခုံခိုက် ရန်ဖြစ်ကြသည်ကို

ဆဗ္ဗဂီရဟန်းတို့သည် ထိုအရပ်သို့သွားရောက်နားထောင်ပြီးအထူးထူး အထွေထွေပြောဆိုကြ၏။ ထိုအကြောင်း ဘုရားရှင် သိတော်
သူတပါးငြင်းခုံရာအရပ်သို့သွားလျှင် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၇၉) သာဝတ္ထိပြည်တွင် ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂီရဟန်းတို့သည် မလျှောက်ပတ်သောအကျင့်ကိုကျင့်၍ သံဃာတော်များက ထိုရဟန်းများအား အပလောကနကံ၊ ဥတ္တိကံ၊ ဥတ္တိဒုတိယကံ၊ ဥတ္တိစတုတ္ထကံပြုစိမ့်သောငှာ ဆန္ဒပေး၍ လွှတ်လိုက်ကြ၏။

နောက်မှ ဆဗ္ဗဂီရဟန်းတို့သည်၊ ငါတို့ ဆန္ဒမပေး ဟုဆိုကာ သံဃာတော်တို့အား ကဲ့ရဲ့ရှုတ်ချကြလေ၏။ ထိုအကြောင်း ဘုရားရှင်သိတော်မူလေသော် ဆန္ဒပေးပြီးလျက် ဆန္ဒမပေးဟု ကဲ့ရဲ့ရှုတ်ချလျှင် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၈၀) ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ်၊ တစုံတခုသောအကြောင်းကြောင့် ဆဗ္ဗဂီရဟန်းများအား သံဃာတော်တို့က ဆုံးဖြတ်အံ့သောငှာ စည်းဝေးကြပြီးလျှင် ဥတ္တိကံထား၍မပြီးမီ ဆဗ္ဗဂီရဟန်းများသည် ဆန္ဒမပေးပဲထသွားကြ၏။ ထိုအကြောင်း ဗုဒ္ဓရှင်သိတော်မူသောအခါ ဥတ္တိကံထား၍ မပြီးမီ ဆန္ဒမပေးပဲထ၍သွားသော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၈၁) ရှင်တော်ဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သံဃာတော်များ ညီညွတ်စွာဖြင့် ရှင်ဒဗ္ဗအား သင်္ကန်းကိုပေး၏။

ထိုသို့ပေးသည်ကို နောက်မှ ဆဗ္ဗဂ္ဂီရဟန်းများ မြင်သောအခါ သံဃာတော်တို့အား ကဲ့ရဲ့ရှုတ်ချစကားဆိုကြ၏။ ထိုအကြောင်း သံဃာတော်တို့က ဘုရားအား လျှောက်ထားလေသော် သံဃာ ညီညွတ်၍ ပေးခြင်းကို ကဲ့ရဲ့ရှုတ်ချစကားဆိုလျှင် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၇၂) ထို့နောက် မထင်ရှားသော ဒကာတဦးသည် သံဃာအား ရည်စူး၍ သင်္ကန်းနှင့်ဆွမ်းလှူရန် စီစဉ်၏။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းများက ငါတို့အား လှူပါဟုအနိုင်အထက်ပြု၍ အလှူခံသောကြောင့် ဒကာမှာ စေတနာမပါပဲနှင့်လှူရ၏။ ထိုအကြောင်း သံဃာတော်တို့က ဗုဒ္ဓအား လျှောက်ထားလေရာ မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းများအား များစွာအပြစ်ပြော၍ သံဃာတော်အား ရည်စူးထားသောလာဘ်ကို ပုဂ္ဂိုလ်အား သီးသန့်ညွတ်အောင် ပြုချေသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၇၃) သာဝတ္ထိပြည်၌ ရှင်ဘုရင်ဘုရား သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်းကြီးသည် ဆတ္တပါဏိမောင်းမ မိဖုရားငယ်တို့အား စာပေကျမ်းဂန် သင်ကြားပေးရန် ဘုရားထံ လျှောက်ထားလေသည်။

မြတ်စွာဘုရားသည် ရှင်အာနန္ဒာကိုစေလွှတ်၍ သင်စေလေ၏။ တနေ့တွင် ရှင်အာနန္ဒာသည် နန်းတော်သို့ သွားရောက်လေရာ မင်းကြီးသည် မလ္လိကာမိဖုရားနှင့် တအိပ်ရာထဲတွင် အဘူရှိနေ၏။ ရှင်အာနန္ဒာကြွလာသည်ကိုမြင်သောအခါ မိဖုရားရှက်ရက်ဘသဖြင့် ခါးဝတ်ကျွတ်လေသည်။

ရှင်အာနန္ဒာသည် ထိုအခြင်းအရာကိုမြင်သောအခါ ကျောင်းတော်သို့ပြန်ကြပြီး သံဃာတော်တို့အား ပြောကြားလေသည်။ သံဃာတော်များက ဘုရားထံလျှောက်လေသော် ဗုဒ္ဓမြတ်စွာသည် ကြိုတင်မပန်ကြားပဲ မင်းမိဖုရားများ အဆောင်တော်မှ မထွက်မီ ရဟန်းများ နန်းတော်သို့မကြွရ၊ ကြွခဲ့သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၈၄) ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးမွေ့လျော်နေတော်မူစဉ် မသင်ရှားသော ရဟန်းတပါးသည် အစိရဝတီမြစ်တွင် ရေချိုးနေလေ၏။ ပုဏ္ဏားတယောက်သည်လည်း အသပြာငါးရာထုပ်ကို ကုန်းပေါ်၌ ထားခဲ့ကာ မြစ်တွင် ရေချိုး၏။

ပုဏ္ဏားသည် ရေချိုးပြီးနောက် နေအိမ်သို့ပြန်လေသောအခါ အသပြာထုပ်ကို မေ့သွားလေသည်။ ရဟန်းမှာ ပုဏ္ဏားမေ့ကျန်ခဲ့သော အသပြာထုပ်မှန်းသိသဖြင့် ကောင်းစွာသိမ်းဆည်းထား၏။ ပုဏ္ဏားသတိရ၍ ကပျာကယာပြန်ပြေးသွားကာ သင်ရဟန်းတပည့်တော်၏ အသပြာထုပ်ကို မြင်ပါသလောဟု မေးလေသော် ရဟန်းက ပုဏ္ဏားအား သူသိမ်းဆည်းထားသော အသပြာထုပ်ကို ပေးလေသည်။

ထိုအခါ ပုဏ္ဏားသည် ရဟန်းကောက်ယူ သိမ်းထားသည်ကို ကျေးဇူးပေးဆပ်ရမည်စိုးသဖြင့် ငါ့အသပြာထုပ်မှာ တထောင်ဖြစ်သည်။ သင်သည် ငါ့အား ငါးရာသာပေး၏ဆိုကာ ရဟန်းအား ပုတ်ခတ်ပြီးထွက်ခွါသွားလေ၏။

ရဟန်းကျောင်းသို့ ရောက်သောအခါ သံဃာတော်တို့အား အဖြစ်အပျက်ကိုပြောပြသဖြင့် သံဃာတော်များက ဘုရားကို

လျှောက်ထားလေလျှင် ရှင်ဘော်ဗုဒ္ဓက ချစ်သားတို့ ရတနာ ဆယ်ပါးကိုရင်း၊ ရတနာဟုသမုတ်အပ်သော အသုံးအဆောင် ကိုရင်း၊ ကျောင်းအရံအတွင်းတွင်ရင်း၊ တည်းခိုရာစရပ်တွင်းတွင် ရင်း ဤသို့သော နေရာများ၌တွေ့ရှိသည်မှလွဲ၍ ပြင်ပ၌တွေ့သော် ကိုယ်တိုင်လည်းမကောက်ယူရ၊ သူတပါးအားလည်း အကောက် မခိုင်းရ၊ ဤသို့ပြုသော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော် မူ၏။

(၈၅) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံး နေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် နေလွဲသောအခါ ရွာတွင်း သို့ဝင်၍ ပွဲသဘင်၌ တိရစ္ဆာန်စကားများကို ပြောဟောနေသဖြင့် လူများကဲ့ရဲ့ခြင်းကြောင့် သံဃာတော်တို့ကြားက ဘုရားအား လျှောက်ထားလေသော် အဆောတလျင် ရှောင်တခင်ပြုဘွယ် ကိစ္စမရှိဘဲနှင့် ပန်ကြားရမည့် ရဟန်းလည်းရှိလျက်သားနှင့် မပန် ကြားမူ၍ နေလွဲသောအခါ ရွာတွင်းသို့သွားသည့် ရဟန်းအား ပါစိတ်အာပသင့်စေဟု ပညတ်တော်မူသည်။

(၈၆) ဘုရားရှင်သည် သက္ကတိုင်းနိဂြောဓာရုံကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ပန်းပွတ်သမားဟာ ယောက်သည် အပ်ကိုအလိုရှိက တောင်းပါဟု ရဟန်းများအား ဘိတ်ကြားလေသည်။

ရဟန်းများသည် ပန်းပွတ်သမားတို့ထံမှ အပ်များကို မနား မနေတောင်းကြသဖြင့် ပန်းပွတ်သမားမှာ အလုပ်မလုပ်ရတော့ဘဲ ဆင်းရဲခြင်းသို့ရောက်လေ၏၊ လူများက ရဟန်းတို့သည် အတိုင်း အရှည်မရှိ တောင်းလွန်းသည်ဟု ကဲ့ရဲ့သောစကားကို သံဃာ

တော်တို့ကြား၍ ဗုဒ္ဓအားလျှောက်ထားလေရာ ဗုဒ္ဓမြတ်စွာသည် ကောင်းလွန်းသော ရဟန်းများအား များစွာအပြစ်ဆိုပြီးလျှင် အရိုး၊ဆင်စွယ်၊သားချိုတို့ဖြင့် ပြုလုပ်သောအပ်များ ခွဲဖျက်ခြင်း ချိုးပဲ့ခြင်းပြုသော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော် မူလေ၏။

(၈၇) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေ တော်မူစဉ် ရှင်ဥပနန္ဒသည် အခြေမြင့်သော ညောင်စောင်းကိုပြု လုပ်၍အိပ်၏။ မြတ်စွာဘုရားသည် ကျောင်းစဉ်ဒေသစာရီကြွချီ တော်မူသာရာ ရှင်ဥပနန်၏ ညောင်စောင်းကိုမြင်သဖြင့် ပြန်လည် ကြွသွားပြီး သံဃာတော်တို့အား စုဝေးစေကာ၊ ချစ်သားတို့ ငါ ဘုရား၏ လက်ရှစ်သစ်မျှအမြင့်ရှိသော ညောင်စောင်းကိုသာပြု လုပ်အပ်၏။ ထို့ထက်ကျော်လွန်၍ ပြုလုပ်သော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၈၈) သာဝတ္ထိပြည်၌ ရှင်တော်ဗုဒ္ဓ သီတင်းသုံးနေတော်မူ စဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် လဲမှို့ဖြင့်ပြီးသော ညောင်စောင်းအင်း ပျဉ်တို့ပြုလုပ်၍ အိပ်ကြ၏။ ဘုရားရှင် သိတော်မူသောအခါ လဲမှို့ဖြင့်ပြီးစေသော ညောင်စောင်းအင်းပျဉ်ပြုလုပ်၍ အိပ်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၈၉) ဘုရားရှင်သည် နိသီဒိုင်ကိုပညတ်တော်မူ၏။ ဆဗ္ဗဂ္ဂီ ရဟန်းများသည် အတိုင်းအရှည်ထက်လွန်သော နိသီဒိုင်ကိုပြုလုပ် ကြ၍ ဘုရားသခင်သိတော်မူသော် အတိုင်းအရှည်ထက်ပိုလွန်၍ နိသီဒိုင်ပြုလုပ်သော် ပါစိတ်အာပတ် သင့်စေဟု ပညတ်တော် မူလေ၏။

(၉၀) ဘုရားသခင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် အမားလွှမ်းသက်န်းကို ပညတ်တော်မူ၏။ ဆဗ္ဗဂ္ဂီရဟန်းများသည် အတိုင်းအရှည်ထက်ပို၍ လုပ်ကြသဖြင့် ဘုရားရှင်သိတော်မူရာ အတိုင်းအရှည်ထက်ပို၍ ပြုလုပ်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၉၁) ဘုရားရှင်သည် သာဝတ္ထိပြည်၌ စံနေတော်မူစဉ် မိုးရေခံသက်န်းကို ပညတ်တော်မူ၍ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အတိုင်းအရှည်ထက်လွန်စွာ ပြုလုပ်ပြန်၏။ ထိုအခါ ဘုရားသခင်က အတိုင်းအရှည်ထက်လွန်၍ ပြုလုပ်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

မှတ်ချက်။ ။မိုးရေခံသက်န်းပမာဏမှာ အလျားအားဖြင့်မြတ်စွာ ဘုရား၏အထွာဖြင့် ခြောက်ထွာ၊ အနံအားဖြင့် နှစ်ထွာ။

(၉၂) ဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် မိထွေးတော် ဂေါတမီ၏သားဖြစ်သော ရှင်အာနန္ဒာသည် ဘုရားသခင်အောက် လက် ၄-သစ်နိမ့်သည်ဖြစ်သော်လည်း ဘုရားရှင်၏သက်န်းတော်အတိုင်း ချုပ်ဝတ်သည်ကို မြတ်ဗုဒ္ဓသိတော်မူလေရာ ရှင်အာနန္ဒာအား များစွာကဲ့ရဲ့တော် မူပြီးလျှင် ငါဘုရား၏ သက်န်းနှင့်ရှယ်တူဖြစ်စေ၊ ပိုလွန်၍ဖြစ်စေ ပြုလုပ်၍ဝတ်ဆင်သော် ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

မှတ်ချက်။ ။မြတ်စွာဘုရား၏ သက်န်းတော် ပမာဏမှာ ဘုရား၏အထွာလက်ဖြင့် အလျားကိုးထွာ၊ အနံခြောက်ထွာ

ရှိ၏၊ လူတို့၏အတောင်အားဖြင့် အလျား အတောင် ၂၀-နှင့် လက် ၆-သစ်၊ အနံ ၁၃-တောင်ထွာ အတိုင်းအရှည်ရှိ၏။

သုဒ္ဓါ၊ ဝိတ်သာဓက ၉၂-ပါးပြီး၏။

## ပါဠိဒေသနာသာဓက ၄-ပါး

(၁) ဘုရားသခင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ဘိက္ခုနီမဘာယောက်သည် သာဝတ္ထိပြည်သို့ ဆွမ်းခံပြီးပြန်၏။ ထိုအခါလမ်းတွင် ရဟန်းတပါးကို တွေ့သဖြင့်-

အရှင်ဆွမ်းကို ယူပါလော့ဟုဆိုလေသော် ရဟန်းသည် ဘိက္ခုနီမထံမှ ဆွမ်းကိုအကုန်ယူလေ၏။ ဘိက္ခုနီမမှာ ဆွမ်းခံချိန်မမှီတော့သဖြင့် ဆွမ်းမရတော့ဘဲ ထိုနေ့ ဆွမ်းမစားရတော့ချေ။ ဤသို့ဖြင့် ထိုရဟန်းသည် ဘိက္ခုနီမထံမှ ဆွမ်းကိုသုံးရက်တိုင်တိုင် ဆက်၍ အကုန်ယူသောကြောင့် ဘိက္ခုနီမလည်း ၃-ရက်တိုင်တိုင် ဆွမ်းမစားဘဲ နေရလေသည်။

၄-ရက်မြောက်သောနေ့၌ ဘိက္ခုနီမ ဆွမ်းခံသွားပြန်သော် ဆန့်ကျင်ဖက်ခရီးမှလာသော သူကြွယ်၏လှည်းနှင့် ရင်ဆိုင်လျက်ရှိလေရာ လှည်းမောင်းလာသောသူကြွယ်က ရှင်ရဟန်းမရှောင်ပါလေဟုဆိုသဖြင့် ဘိက္ခုနီမလမ်းဘေးသို့ ရှောင်ရာမှလဲလေ၏။

သူကြွယ်သည် လှည်းကိုရပ်၍ ဘိက္ခုနီမထံချဉ်းကပ်ပြီးလျှင် ရှင်ရဟန်းမသည် ကျွံ့နိုပ်ကြောင့် လဲရသည်ကို သည်းခံပါဟု တောင်းပန်၏၊ ထိုအခါ ဘိက္ခုနီမက သင့်ကြောင့် လဲရခြင်း မဟုတ်ပါ၊ ငါအားနည်း၍ လဲခြင်းဖြစ်သည်ဟု ဆိုလေသည်။ ထိုအခါ သူကြွယ်က အားနည်းရခြင်း အကြောင်းကို မေး၏။ ဘိက္ခုနီမကရဟန်းတပါးအား သုံးရက်တိုင်တိုင် ဆွမ်းကိုပေးရာ ရဟန်းကဆွမ်းကို အကုန်ယူသောကြောင့် ဆွမ်းမစားရသဖြင့် အားနည်းရကြောင်းပြောပြလေသည်။ သူကြွယ်သည်ဘိက္ခုနီမကို သူ၏နေအိမ်သို့ခေါ်သွားကာ ဆွမ်းကျွေးပြီးသော် ရဟန်းသည် ဘိက္ခုနီမ၏ဆွမ်းကို အကုန်ယူကြောင်း ကဲ့ရဲ့စကားဆိုလေသည်။

ထိုအကြောင်း ဘုရားရှင်သိတော်မူသောအခါ ရဟန်းအား များစွာ အပြစ်တင် ကဲ့ရဲ့တော်မူပြီးလျှင် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမထံမှ ခဲဖွယ်စားဖွယ်ကိုခံယူသော်ပါဋိဒေသနီ အာပတ်သင့်စေဟုပညတ်တော်မူ၏။

(၂) ရှင်တော်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒကာ ဒကာမတို့သည် ဆွမ်းကျွေးရန် ဖိတ်ပြီး ဆဗ္ဗဂ္ဂီရဟန်းများအား ကျွေးကြကုန်၏။

ထိုအခါ ဘိက္ခုနီမတို့သည် ဆွမ်းကျွေးရာ၌ ဤဟင်းလျာကို ဤရဟန်း၏ သပိတ်တွင်လောင်းပါ၊ ဤဆွမ်းကို ဤရဟန်း သပိတ်၌လောင်းပါဟု စီရင်ကြကုန်၏။ ထိုအကြောင်း မြတ်စွာဘုရားရှင်သိလေသော် များစွာ အပြစ်တင်တော်မူလျက် ဆွမ်းဘုဉ်းပေးသောအခါတွင် ဘိက္ခုနီမတို့ စီစဉ်သည်ကို မတားမြစ်ပဲ ဘုဉ်းပေးသောရဟန်းသည် ပါဋိဒေသနီအာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၃) မြတ်စွာဘုရားသခင် သာဝတ္ထိပြည်၌ သီတင်းသုံးနေမူစဉ် သေက္ခဟူ၍ ဥတ္တိဒုတိယကံဖြင့် သမုတ်အပ်သော အမျိုးတို့သည် သဒ္ဓါတရားကားရှိကုန်၏။ ဥစ္စာပစ္စည်းကားနည်းပါးကြလေသည်။ ထိုဒကာတို့ထံ၌ ရဟန်းတို့သည် အတိုင်းအရှည့်ကို မသိပဲ အလှူခံကြလေ၏။ ထိုအကြောင်း လူတို့ကဲ့ရဲ့သဖြင့် သံဃာတော်များကြားကာ ဘုရားအားလျှောက်ထားလေသော် ဘုရားရှင်များစွာ ကဲ့ရဲ့တော်မူပြီးလျှင်....

ဥစ္စာပစ္စည်းနည်းပါး၍ သဒ္ဓါတရားကြီးမားသော သေက္ခမျိုးတို့၌ မပင့်မဘိတ်ပဲ၊ မနာမဖျားပဲ ခဲဘွယ်ဘောဇဉ်ကို ခံယူသုံးဆောင်လျှင် ပါဋိဒေသနီအာပတ်သင့်စေဟု ပညတ်တော်မူသည်။

(၄) ရှင်တော်ဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာကီဝင်မင်းတို့၏ အမှုထမ်းကျေးကျွန်တို့သည် ပုန်ကန်လျက် တောကျောင်းနှင့် မနီးမဝေးအရပ်တွင် ပုန်းအောင်းနေကြလေ၏။

သာကီဝင်မင်းသမီးတို့သည် တောကျောင်းသို့ လှူဒါန်းရန် လာကြရာ ပုန်ကန်သူတို့၏ လုယက်ခြင်းကို ခံကြရ၏။ ထိုအခါ သာကီဝင်မင်းများက ရဟန်းများအား ကဲ့ရဲ့ကြသည်ကို ဘုရားရှင် သိတော်မူသောအခါ တောကျောင်းနေ ရဟန်းများကို ခေါ်တော်မူပြီးလျှင် ဘေးရန်ရှိသည်ကို မကြားမဆိုပဲ ခဲဘွယ်ဘောဇဉ်များကို စားသော် ပါဋိဒေသနီ အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

ပါဋိဒေသနီ သာဓက ၄-ပါးပြီး၏။

## သေခိယသာခက ၇၅-ပါး

(၁) သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သင်းပိုင်ကို ရှေ့မှတွဲလျားချ၍ငင်း၊ နောက်မှတွဲလျားချ၍ငင်း ဝတ်ဆင်ကြ၏။ လူတို့ကဲ့ရဲ့သဖြင့် သံဃာတော်များကြား၍ မြတ်စွာဘုရားအား လျှောက်လေသော် များစွာအပြစ်တင်ပြီးလျှင် ရွာတွင်းမှာဖြစ်စေ၊ ကျောင်းတွင်းမှာဖြစ်စေ၊ သင်းပိုင်ကို အဝန်းညီစွာ ဝတ်ရမည်။ မညီမညွတ်ဝတ်လျှင် ဒုက္ကဋ်အာပတ်သင့်စေ ဟု ပညတ်တော်မူလေ၏။

(၂) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကိုယ်ဝတ်သင်္ကန်းကို အဝန်းညီစွာ မဝတ်ရုံကြောင်း သိတော်မူပြန်သဖြင့် ကိုယ်ဝတ် သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံရမည်၊ မညီမညွတ် ဝတ်ရုံသော် ဒုက္ကဋ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၃) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကိုယ်ကိုဖွင့်လျက် ရွာတွင်း၌ သွားကြ၏။ လူတို့မြင်၍ ကဲ့ရဲ့သော် ဘုရားရှင်သိတော်မူပြီး ရွာတွင်း၌ ကိုယ်ကိုဖွင့်၍သွားလျှင် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၄) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွာတွင်း၌ ကိုယ်ကိုဖွင့်၍ ထိုင်နေကြကုန်၏။ လူတို့မြင်၍ ကဲ့ရဲ့သည်ကို မြတ်စွာဘုရားသိတော်မူလေရာ ရွာတွင်း၌ ကိုယ်ကိုဖွင့်၍ထိုင်သော် ဒုက္ကဋ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၅) (၆) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွာတွင်း၌ လက်ကိုရင်း၊ ခြေကိုရင်း၊ ကစား၍သွားခြင်း၊ ထိုင်နေခြင်း ပြုလုပ်သည်ကို လူတို့မြင်၍ ကဲ့ရဲ့သဖြင့် ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလေလျှင် ရွာတွင်း၌ လက်ခြေတို့ကို ကစား၍သွားသော် ထိုင်နေသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၇) (၈) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွာတွင်း၌ ထိုထို အရပ်တို့ကိုကြည့်၍ သွားလာခြင်း၊ ထိုင်နေခြင်းပြုသည်ကို ဘုရားရှင်သိသဖြင့် ရွာတွင်း၌ မျက်လွှာကိုချ၍ သွားလာရမည်။ ထိုင်ရမည်၊ ထိုသို့မပြုသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၉) (၁၀) ဆဗ္ဗဂ္ဂီရဟန်းများသည် သင်းပိုင်ကိုပင့်၍ ရွာတွင်း၌ သွားလာနေသည်ကို ဘုရားရှင် သိတော်မူသောအခါ ရွာတွင်း၌ သင်းပိုင်ကိုပင့်မ၍ မသွားအပ်၊ မနေအပ်။ ထိုသို့သွားလာနေထိုင်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၁၁) (၁၂) ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွာတွင်းတွင် ပြင်းစွာရယ်လျက်သွားလာခြင်း ထိုင်နေခြင်းပြုသည်ကို အကြောင်းပြု၍ ရွာတွင်း၌ပြင်းစွာရယ်လျက် သွားလာခြင်း၊ ထိုင်နေခြင်းများ မပြုအပ်၊ပြုခဲ့သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၁၃) (၁၄) ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရွာတွင်း၌ အသံကျယ်စွာပြု၍ သွားလာသည်၊ နေထိုင်သည်ကို အကြောင်းပြုလျက် ရွာတွင်း၌ တိုးသောအသံဖြင့် သွားလာနေထိုင်ရမည်။ ထိုသို့မပြုခဲ့သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၁၅) (၁၆) ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရွာတွင်း၌ ကိုယ်ကိုလှုပ်လျက်သွားလာနေထိုင်သည်ကို အကြောင်းပြု၍ ရွာတွင်း၌ ကိုယ်ကိုလှုပ်လျက် မသွားအပ်၊ မနေအပ်၊ မထိုင်အပ်၊ အကယ်၍ ထိုသို့သွားလာနေထိုင်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၁၇) (၁၈) ဆဗ္ဗဂ္ဂိရဟန်းတို့သည် လက်ရုံးကိုလှုပ်၍ ရွာတွင်း၌ သွားကုန်ထိုင်ကုန်သည်ကို အကြောင်းပြု၍, ရွာတွင်း၌ လက်ရုံးကိုလှုပ်၍ မသွားအပ်၊မထိုင်အပ်။ သွားသော်၊ ထိုင်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၁၉) (၂၀) ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဦးခေါင်းကိုလှုပ်၍ ရွာတွင်း၌ သွားလာနေထိုင်သည်ကို အကြောင်းပြု၍ ရွာတွင်း၌ ဦးခေါင်းကိုလှုပ်၍ မသွားအပ်၊ မထိုင်အပ်၊ သွားလာနေထိုင်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၂၁) (၂၂) ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရွာတွင်း၌ ခါးထောက်၍သွားသည်၊ ထိုင်သည်ကိုအကြောင်းပြုလျက် ရွာတွင်း၌ ခါးထောက်၍မသွားအပ်၊ မနေအပ်၊ ခါးထောက်၍သွားသည်၊ ထိုင်သည်ရှိသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၂၃) (၂၄) ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရွာတွင်း၌ ဦးခေါင်းကိုခြုံ၍သွားကုန်၊ ထိုင်ကုန်သည်ကို အကြောင်းပြုလျက်၊ ရွာတွင်း

ဦခေါင်းကိုခြုံ၍ သွားသည်ထိုင်သည်ရှိသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၂၅) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွာတွင်း၌ ဖဝါးစွန်းဖြင့်နင်း၍ သွားသည်ကို အကြောင်းပြု၍ ရွာတွင်း၌ ဖဝါးစွန်းဖြင့်နင်း၍ မသွားအပ်၊ သွားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၂၆) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွာတွင်း၌ လက်အာယောဂပတ် ပုဆိုးအာယောဂပတ်ဖွဲ့လျက် ထိုင်နေကုန်သည်ကို အကြောင်းပြု၍ ရွာတွင်း၌ လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ်ဖွဲ့လျက်မထိုင်အပ်၊ ထိုင်နေသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၂၇) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းကို အမှတ်မထင် မရိုမသေ ခံယူကြကုန်သည်ကို အကြောင်းပြု၍ သတိပြု၍ ဆွမ်းကို ခံယူရမည်၊ ထိုသို့မခံယူသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၂၈) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုထိုအရပ်တို့ကိုကြည့်၍ ဆွမ်းခံကြကုန်သည်ကို အကြောင်းပြု၍ ဆွမ်းခံသောအခါ သပိတ်ကိုသာ အာရုံစိုက်၍ကြည့်ရမည်၊ ထိုသို့မပြုခဲ့သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၂၉) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းခံရာတွင် ဆွမ်းထက် ဆွမ်းဟင်းကိုသာ များစွာခံယူကြသည်ကို အကြောင်းပြု၍ ဆွမ်း၏ လေးဖို့တဖို့မျှသော ဟင်းကိုသာခံယူအပ်၏။ ထိုသို့ မခံယူသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၃၀) ဆဗ္ဗဂ္ဂီရဟန်းတို့သည် သပိတ်အနားရေးထက် ပိုလျှံသောဆွမ်းကို ခံယူသည်ကို အကြောင်းပြု၍ သပိတ်အတွင်းအနားရေးနှင့်ညီမျှသော ဆွမ်းကိုသာခံယူရမည်၊ ထိုသို့မပြုသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၃၁) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းကို မရိုမသေစားကုန်သည်ကို အကြောင်းပြု၍ ဆွမ်းစားသည့်အခါ သတိထား၍စားရမည်၊ အမှတ်မထင် မရိုမသေစားသော် ဒုက္ကဋ်အာပတ်သင့်စေဟုပညတ်တော်မူ၏။

(၃၂) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုထိုကြည့်ကြည့် အရပ်တို့ကိုကြည့်၍ ဆွမ်းစားသည်ကို အကြောင်းပြု၍ ဆွမ်းစားစဉ် သပိတ်တွင်သာ အာရုံစိုက်၍ ငြိမ်သက်စွာစားရမည်။ ထိုသို့မပြုခဲ့သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၃၃) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုထိုအရပ်တို့ကို နှိုပ်နယ်၍ ဆွမ်းစားကုန်သည်ကို အကြောင်းပြု၍ ဆွမ်းစားသောအခါ အစဉ်အတိုင်းစားရမည်၊ ထိုသို့မပြုက ဒုက္ကဋ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၃၄) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ ဟင်းကိုသာ များစွာစားကုန်သည်ကို အကြောင်းပြု၍ ဆွမ်း၏ ၄-ဖို့တဖို့မျှသာ ဟင်းကိုစားရမည်။ ထိုသို့မပြုသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၃၅) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းဦး ဆွမ်းထိပ် ဆွမ်းလယ်မှ နှိမ်၍ ဆွမ်းစားသည်ကို အကြောင်းပြု၍ ထိုသို့မစားအပ်၊ စားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၃၆) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဟင်းကိုရင်း၊ ငါး၊အမဲကိုရင်း၊ မိမိအကျိုးငှာဘောင်း၍ သုံးဆောင်လိုသည်ကို အကြောင်းပြု၍ မနာမဖျားဘဲ မိမိအကျိုးငှာ ဟင်းကိုရင်း၊ ငါးအမဲတို့ကိုရင်း၊ တောင်း၍မစားအပ်၊ စားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူခဲ့လေ၏။

(၃၇) ဆဗ္ဗဂ္ဂီရဟန်းတို့သည် များစွာရလိုသည်ဖြစ်၍ ဟင်းကိုရင်း၊ ငါးအမဲတို့ကိုရင်း ဆွမ်းဖြင့် ဖုံးလွှမ်းကြသည်ကို အကြောင်းပြု၍ များစွာရလိုသောအကြောင်းဖြင့် ဟင်းကိုရင်း၊ ငါးအမဲတို့ကိုရင်း ဆွမ်းဖြင့်ဖုံးလွှမ်းသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၃၈) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကဲ့ရဲ့လိုသောစိတ်သန္တာန်ဖြင့် သူတပါးသပိတ်ကိုကြည့်ကုန်သည်ကို အကြောင်းပြု၍ ကဲ့ရဲ့လိုသောစိတ်ဖြင့် သူတပါးသပိတ်ကို မကြည့်အပ်၊ ကြည့်သည်ရှိသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၃၉) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကြီးစွာသောဆွမ်းလုပ်ကို ပြုကုန်သည်ကို အကြောင်းပြု၍ အလွန်ကြီးစွာသော ဆွမ်းလုပ်ကို မပြုအပ်၊ပြုသည်ရှိသော် ဒုက္ကဋ်အာပတ် သင့်စေဟု ပညတ်တော်မူလေ၏။

(၄၀) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှည်စွာသော ဆွမ်းလုပ်ကိုပြုသည်ကို အကြောင်းပြု၍ အဝန်းညီသောဆွမ်းလုပ်ကိုသာ ပြုလုပ်အပ်၏။ ထိုသို့မပြုလုပ်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၁) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်ခံတွင်းဝ မရောက်မီ ခံတွင်းဖွင့်ကုန်သည်ကို အကြောင်းပြု၍ ခံတွင်းဝသို့ဆွမ်းလုပ်

ရောက်မီ ခံတွင်းကိုမဖွင့်အပ်။ဖွင့်သည်ရှိသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၂) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ အားလုံးသောလက်များကို ခံတွင်းထဲထည့်သည်ကို အကြောင်းပြု၍ ဆွမ်းစားသည့်အခါ လက်အားလုံး ခံတွင်းထဲမထည့်အပ်၊ ထည့်သည်ရှိသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၃) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းခံတွင်းထည်းတွင်ရှိလျက် စကားပြောသည်ကို အကြောင်းပြု၍ ခံတွင်းထည်းတွင် ဆွမ်းလုပ်ရှိစဉ် စကားမပြောရ၊ ပြောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၄)၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်ကိုမြှောက်၍ စားခြင်းကို အကြောင်းပြုလျက် ဆွမ်းလုပ်ကိုမြှောက်၍မစားအပ်၊မြှောက်၍စားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၅) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်ကို မျောက်ကဲ့သို့ ပါးစောင်၌ထား၍ စားသည်ကို အကြောင်းပြု၍ မျောက်ကဲ့သို့စားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၆) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်ကိုဖြတ်၍ စားသည်ကို အကြောင်းပြု၍ ဆွမ်းလုပ်ကိုဖြတ်၍မစားအပ်၊ စားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေသည်။

(၄၇) ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်ကိုခါ၍ ဆွမ်းစားသည်ကို အကြောင်းပြုလျက် လက်ကိုခါ၍ဆွမ်းမစားအပ်၊စားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၈) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုံးကိုကြဲ၍ကြဲ၍စားသည်ကို အကြောင်းပြု၍ ဆွမ်းလုံးကိုကြဲ၍မစားအပ်၊ စားသော်ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၄၉) ဆဗ္ဗဂ္ဂီရဟန်းတို့သည်လျှာထုတ်၍ ဆွမ်းစားသည်ကို အကြောင်းပြု၍ လျှာကိုထုတ်၍ဆွမ်းမစားအပ်၊ လျှာကိုထုတ်၍ ဆွမ်းစားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၅၀) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပြပ်ပြပ်မြည်အောင် ဆွမ်းစားသည်ကို အကြောင်းပြု၍ ပြပ်ပြပ်မြည်အောင် ဆွမ်းကို မစားအပ်၊ စားသည်ရှိသော် ဒုက္ကဋ်အာပတ်သင့်စေဟုပညတ်တော်မူ၏။

(၅၁) မြတ်စွာဘုရားသခင်သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် တယောက်သောပုဏ္ဏားသည် သံဃာအားနွားနို့ကိုစီရင်၍လှူ၏။ ရဟန်းတို့သည် ရှုတ်ရှုတ်၊ ရှုတ်ရှုတ်မြည်စေလျက် သောက်ကြကုန်၏။ ယင်းကို အကြောင်းပြု၍ရှုတ်ရှုတ်မြည်အောင်မသောက်အပ်၊သောက်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၅၂) ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်ကိုလျက်၍ဆွမ်းစားသည်ကို အကြောင်းပြု၍ လက်ကိုလျက်၍ ဆွမ်းမစားအပ် စားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၅၃) ဆဗ္ဗဂ္ဂီရဟန်းတို့သည် သပိတ်ကိုခြစ်၍ဆွမ်းစားသည်ကို အကြောင်းပြု၍၊ သပိတ်ကိုခြစ်၍ဆွမ်းမစားအပ်၊ စားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူသည်။

(၅၄) ဆဗ္ဗဂ္ဂီရဟန်းတို့သည် နှုတ်ခမ်းကိုလျက်၍ ဆွမ်းစားသည်ကို အကြောင်းပြု၍ နှုတ်ခမ်းကိုလျက်၍ ဆွမ်းမစားအပ် စားသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၅၅) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းဟင်းများပေကျံနေသော လက်ဖြင့် သောက်ရေခွက်ကိုင်သည်ကိုအကြောင်းပြု၍ ဆွမ်းများ ဟင်းများပေကျံနေသောလက်ဖြင့် သောက်ရေခွက်ကိုမကိုင်အပ် ကိုင်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၅၆) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုံးပါသော သပိတ်ဆေး ရေကိုရွာတွင်း၌စွန့်သည်ကို အကြောင်းပြု၍ ဆွမ်းလုံးပါသော သပိတ်ဆေးရေကိုရွာတွင်း၌မစွန့်အပ်၊ စွန့်သော်ဒုက္ကဋ် အာပတ် သင့်စေဟု ပညတ်တော်မူ၏။

(၅၇) ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်၌ထီးရှိသော မနာမဖျား သောသူအား တရားဟောသည်ကို အကြောင်းပြု၍ လက်၌ ထီးရှိသော မနာမဖျားသောသူအား တရားမဟောအပ်၊ ဟော သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၅၈) ဆဗ္ဗဂ္ဂီရဟန်းတို့သည်တုတ်လှံတံသက်နက်ကိုင်စွဲထား သည့် မနာမဖျားသောသူအား တရားဟောခြင်းကို အကြောင်း ပြု၍ တုတ်လှံတံသက်နက်ကိုင်စွဲထားသော မနာမဖျားသော သူအား တရားမဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၅၉) ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်၌သံလျက်ရှိသော မနာ မဖျားသောသူအား တရားဟောသည်ကိုအကြောင်းပြု၍ လက်၌ သံလျက်ရှိသော မနာမဖျားသောသူအား တရားမဟောအပ်။ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၆၀) ဆဗ္ဗဂ္ဂီရဟန်းတို့သည် လေးလက်နက်ကိုင်စွဲထားသော မနာမဖျားသောသူအား တရားဟောသည်ကို အကြောင်းပြု၍ လေးလက်နက်ကိုင်စွဲထားသော မနာမဖျားသောသူအား တရားမဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၁) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခြေနင်းရှိသော မနာမဖျားသောသူအား တရားဟောခြင်းကို အကြောင်းပြု၍ ခြေနင်းရှိသော မနာမဖျားသောသူအား တရားမဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၂) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိနပ်စီးသော မနာမဖျားသောသူအား တရားဟောသည်ကိုအကြောင်းပြု၍ ဘိနပ်စီးသော မနာမဖျားသောသူအား တရားမဟောအပ်။ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၃) ဆဗ္ဗဂ္ဂီရဟန်းတို့သည် အိပ်ရာ၌နေသော မနာမဖျားသောသူအား တရားဟောသည်ကိုအကြောင်းပြု၍ အိပ်ရာ၌နေသော မနာမဖျားသောသူအား တရားမဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၄) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ယာဉ်စီးသောမနာမဖျားသောသူအား တရားဟောသည်ကိုအကြောင်းပြု၍ ယာဉ်စီးသော မနာမဖျားသောသူအား တရားမဟောအပ် ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၅) ဆဗ္ဗဂ္ဂီရဟန်းတို့သည်လက်အာယောဂပတ်ပတ်၍ပုဆိုးအာယောဂပတ်ဖွဲ့ထားသော မနာမဖျားသူအား တရားမဟော

အပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ
သည်။

(၆၆) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆံလျှော်ကိုမမြင်အောင် ဦးရစ်ပေါင်းထားသော မနာမဖျားသောသူအား တရားဟောသည်ကို အကြောင်းပြု၍ ဆံလျှော်ကိုမမြင်အောင် ဦးရစ်ပေါင်းထားသော မနာမဖျားသူအား တရားမဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၇) ဆဗ္ဗဂ္ဂီရဟန်းများက မြေ၌နေ၍ ၎င်းထက်မြင့်သောနေရာ၌နေသော မနာမဖျားသောသူအား တရားဟောသည်ကို အကြောင်းပြု၍ မိမိတို့ကမြေ၌နေ၍ မိမိတို့ထက်မြင့်သောနေရာ၌နေသော မနာမဖျားသောသူအား တရားမဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၈) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဦးခေါင်းကိုပါ သိုင်းရုံထားသော မနာမဖျားသောသူအားတရားဟောသည်ကို အကြောင်းပြု၍ ဦးခေါင်းပါ သိုင်းရုံထားသော မနာမဖျားသူအား တရားမဟောအပ် ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၆၉) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ၎င်းတို့က နိမ့်သောနေရာမှနေ၍ ၎င်းတို့ထက်မြင့်သောနေရာတွင်နေသောမနာမဖျားသောသူအား တရားဟောသည်ကို အကြောင်းပြု၍ မိမိတို့က နိမ့်သောနေရာတွင် နေ၍ မြင့်သောနေရာမှ မနာမဖျားသောသူအား တရားမဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၇၀) ဆဗ္ဗဂ္ဂီရဟန်းတို့သည် မိမိတို့ကရပ်လျက် ထိုင်နေသော မနာမဖျားသောသူအား တရားဟောသည်ကို အကြောင်းပြုလျက် မိမိတို့ကရပ်၍ ထိုင်နေသော မနာမဖျားသောသူအား တရား မဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော် မူလေသည်။

(၇၁) ဆဗ္ဗဂ္ဂီရဟန်းတို့သည် နောက်မှသွား၍ ရှေ့မှသွားနေသော မနာမဖျားသောသူအား တရားဟောသည်ကို အကြောင်းပြု၍ မိမိတို့ရှေ့ကသွားသော မနာမဖျားသောသူအား တရား မဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော် မူ၏။

(၇၂) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခရီးမဟုတ်သည်ကို သွား၍ တကယ်ခရီးသွားသော မနာမဖျားသောသူအား တရားဟောသည်ကို အကြောင်းပြု၍ ခရီးမဟုတ်သည်ကိုသွားကာ တကယ် ခရီးသွားနေသည့် မနာမဖျားသောသူအား တရားမဟောအပ်၊ ဟောသော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

(၇၃) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရပ်၍ ကျင်ကြီးကျင်ငယ် စွန့် သည်ကိုအကြောင်းပြု၍ ရပ်လျက် ကျင်ကြီးကျင်ငယ်ကို မစွန့် အပ်၊ စွန့်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ သည်။

(၇၄) ဆဗ္ဗဂ္ဂီရဟန်းတို့သည် စိမ်းသော မြက်၊သစ်ပင်တို့ပေါ် တွင် ကျင်ကြီးကျင်ငယ်စွန့်သည်ကို အကြောင်းပြု၍ စိမ်းသော မြက်၊ သစ်ပင်စသည်တို့အပေါ်သို့ ကျင်ကြီးကျင်ငယ် မစွန့်အပ်၊ စွန့်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူလေ၏။

(၇၅) ဆဗ္ဗဂ္ဂိရဟန်းတို့သည် သုံးဆောင်ကောင်းသော ရေ၌ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ တံတွေးထွေးခြင်း ပြုကုန်သည်ကို အကြောင်းပြု၍ သုံးဆောင်ကောင်းသောရေ၌ ကျင်ကြီးကျင်ငယ်လည်းမစွန့်အပ်၊ တံတွေးလည်း မထွေးအပ်၊ ထိုသို့ပြုကျင့်သော် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူသတည်း။

**မှတ်ချက်။** ။ဤသေခိယသိက္ခာပုဒ်ကို ကျူးလွန်သော်၊ ရဟန်းများမှာ ဒုက္ကဋ်အာပတ်သင့်၍ သာမဏေများမှာဒဏ်သင့်သည်။

သေခိယသာဓကာ ၇၅-ပါးပြီး၏။

**အထူးမှတ်ချက်။** ။ဗုဒ္ဓမြတ်စွာသည် ဝိနည်းသိက္ခာ ပုဒ်တော်များကို ပညတ်ရာဌာနမှာ ၇-ဌာနရှိ၏။ ၎င်းတို့မှာ ၁။ ဝေသာလီပြည်၊ ၂။ ရာဇဂြိုဟ်ပြည်။ ၃။ သာဝတ္ထိပြည်။ ၄။ အာဠဝီပြည်။ ၅။ ကောသမ္ဗီပြည်။ ၆။ သက္ကတိုင်း။ ၇။ ဘဂ္ဂတိုင်းဟူ၏။

ဗုဒ္ဓ၏ပညတ်တော်သာဓကများပြီး၏။

ဦးဆန်းမောင်

## ဦးဆန်းမောင်

# ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေချ

လူ့လောကကြီးတည်ရှိနေသည်နှင့်အမျှ ယုံကြည်မှု၊ကိုးကွယ်မှု တစုံတခုရှိကြသည်သာ။

ယုံကြည်ကိုးကွယ်မှုမရှိလျှင် လူ့ယဉ်ကျေးမှုဟူသည် မရှိနိုင်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင် အများစု နေထိုင်သော နိုင်ငံဖြစ်၍၊ သို့ကြောင့် ကလေးငယ်များမှစ၍ ဗုဒ္ဓဘာသာ၏ အခြေအမြစ်ကို သိနားလည်ဘို့လိုသည်။

**ဦးဆန်းမောင်**၏ 'ဗုဒ္ဓဘာသာအခြေချ' စာအုပ်မှာ စကားပြောတတ်စ ကလေးငယ်များအား မိဘကဗုဒ္ဓဘာသာအကြောင်း လွယ်ကူစွာ သင်ကြားပေးနိုင်ရန် အရှင်းလင်းဆုံးနှင့် အခြေခံအကျဆုံး ရေးသားထားသော စာအုပ်ဖြစ်၏။

**မကြာမီထွက်မည်** **တအုပ် ၄ /ကျပ်**

# ငွဲ့စာပေရိပ်မြုံမှ

## ဆက်လက်ထွက်လာမည့် စာအုပ်များ

၁။ ဗုဒ္ဓဘာသာတို့၏ အိမ်တိုင်းတွင်ရှိနေရမည်ဖြစ်သော
ငွဲ့-မူမှန်မူသန့် ဆယ်စောင်တွဲ ၅-ကျပ်

၂။ မြန်မာရာဇဝင်တွင် ထွန်းပြောင်တောက်ပခဲ့သော
ရှေးမြန်မာစာ အရေးအသား စံပြကျမ်းတစောင်
ဖြစ်သည့် ရာဇဓိရာဇ်အရေးတော်ပုံ ၆-ကျပ်

၃။ ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေစဉ်က ရက်သတ္တ
တ္တပတ်အတွင်း ကုန်သွားသဖြင့် မရလိုက်ကြသော
ပရိသတ်များ၏ တောင်းဆိုချက်ကြောင့် ပြန်လည်
ရိုက်နှိပ်ထုတ်ဝေရပြန်သည့် (မင်းသုဝဏ်)
အင်းယား:ကန်သို့အိုကုတို ၅-ကျပ်

၄။ သဒ္ဒါမပိုင်ဝါမကိုင်နှင့် သတ်ပုံမတတ်စာမစပ်နှင့်
ဆိုရိုးစကားကို လေးစားသူတိုင်း လက်ကိုင်ပြုရမည့်
(မောင်သုတ)မြန်မာစာမြှင့်ချင်လှန်းလို့ ၁၅-ကျပ်

၅။ ဆန်းကျယ်သောပြစ်ရပ် လျှို့ဝှက်သောဇာတ်လမ်း
ကြင်နာဘွယ် ရင်နာဘွယ်တို့ဖြင့် ရောယှက်ချယ်မှုန်း
ထားသောဝတ္ထု (တင့်ဆန်း)
တိမ်းမူးညွတ်ကြင် ၄-ကျပ်

## ဇွဲစာပေရိပ်မြုံမှ

## ဆက်လက်ထွက်လာမည့် စာအုပ်များ

၁။ မြန်မာရာဇဝင်တွင် ထွန်းပြောင် တောက်ပခဲ့သော ရှေးမြန်မာစာ အရေးအသား စံပြကျမ်းတစောင် ဖြစ်သည့် ရာဇဓိရာဇ်အရေးတော်ပုံ ၆-ကျပ်

၂။ သူ၏အမေကို စွန့်ခဲ့ကြသော စာဖတ်ပရိသတ်များ သည် ဆရာကြီး ဦးရန်အောင် အား သူ့ဖခင် အကြောင်း ရေးသားရန် တိုက်တွန်းကြ၏။ သို့ ကြောင့် ဆရာကြီးမှုံးပြည်မြောက်ပိုင်းသို့ သွား၍ စိတ်တိုင်းကျရေးလ ေသော (ရန်အောင်) အဖေ ၅-ကျပ်

၃။ မိမိတို့သားသမီးများအား ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ကို သင်ကြားလိုသော မိဘတိုင်း လက်ကိုင်ပြုရမည့် စာအုပ် (ဦးဆန်းမောင်) ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံ ၃-ကျပ်

၄ ။ ဆန်းကြယ်သောဖြစ်ရပ်၊ လျှို့ဝှက်သော ဇာတ်လမ်း ကြင်နာဘွယ် ရင်နာဘွယ်တို့ဖြင့် ရောစွက်ချယ်မှုန်း ထားသောစတ္တု (တင့်ဆန်း) တိမ်းမူးညွတ်ကြင် ၄-ကျပ်

၅။ သည်ကဗျာစာအုပ် အကြောင်း အထူး ပြောစရာ မလိုတော့ပါ၊ ပရိသတ်သိပြီးပါပြီ (မင်းသုဝဏ်) အင်းယားကန်သို့ အိုကုတို့ ၅-ကျပ်